# နိဒါန်း

ဘာလဲ။ မာ့က်စ်အကြောင်း အကျဉ်းရုံးရေးဖို့ ကြိုးစားမလို့လား။ ဒါဟာ မာ့က်စ်ကို စော်ကားတာပဲလို့ ပါရဂူမာ့က်စ်ဝါဒီအများစုက ပြောကြမှာပါ။ ဒါတင်မက တကယ့်ကို အချိန်ဖြုန်းနေတာ ဖြစ်မှာပဲ။ ဘာလို့လဲဆိုတော့ ရဲဘော်ကြီး မာ့က်စ်ကို သာမန်ဦးနှောက်တွေ လက်လှမ်းမီမှာ မဟုတ်လို့ပဲ။

အဲသလို ဖြစ်ချင်လည်း ဖြစ်၊ မဖြစ်ချင်လည်း နေ၊ ကျွန်တော်ကတော့ ဒီစာအုပ်ကို ရေးသားလိုက်ပါပြီ။ ရင်ဆိုင်တိုက်ခိုက်မှု မဖြစ်လိုက်ရတဲ့ တိုက်ပွဲဟာ လောကမှာ အညံ့ဖျင်းဆုံး တိုက်ပွဲမျိုးပဲဆိုတဲ့မူအပေါ် အခြေခံပြီး ရေးလိုက်တာပါ။

မာ့က်စ်အကြောင်းရေးဖို့ ကြိုးစားရတဲ့ အခြားအကြောင်းကတော့ ကျွန်တော် သူ့ကို နားလည်လိုတဲ့ ဆန္ဒကြောင့်ပါ။ ခုလည်း ဒီဆန္ဒပြည့်သွားတယ် မရှိသေးပါဘူး။

မိတ်ဆွေတို့ခင်ဗျား။ မာ့က်စ်ဟာ တကယ့်ကို "ကြမ်းတမ်းတဲ့ လူကြီး" ပါ။ ဒီ "ဂျာမန် လူမျိုးပညာရှိကြီး" ရဲ့ အသိဟာ သူ့ခေတ်သူ့အခါရဲ့ သိပ္ပံပညာ အများစုကို ကျော်တက်သွားခဲ့ပါတယ်။ လူဘယ်လောက်များများက နားလည်ပါ့မလဲလို့ စိုးရိမ်မနေဘဲ သူက အဘိဓမ္မာနဲ့ပတ်သက်တဲ့ အဘိဓမ္မာတွေ ဖော်ထုတ်နေခဲ့တယ်။ ဒီတော့ ဘာတွေ ထွက်လာပါသလဲ။ အဆင့်မြင့်ကျမ်းတွေ တသီကြီး ထွက်လာတော့တာပါပဲ။ တကယ့်ကို လေးနက်လှတဲ့ အကြောင်းအရာတွေပါ။ ဒါတွေဟာလည်း သာမန်စာဖတ်ပရိသတ်အတွက် သိပ်ကိုသိပ်သည်း ကျစ်လစ်လွန်းလှပါတယ်။ မာ့က်စ်ရဲ့စာတွေကို နားလည်လက်ခံဖို့ရာ ခက်လှပါတယ်။

ဒီစာအုပ်ထဲမှာ မာ့က်စ်ရဲ့ အတွေးအခေါ်တွေကို ကောက်နုတ်ချက်တစ်ခု။ "အကျဉ်းချုပ်" တစ်ခုလုပ်ပေးဖို့ ကြိုးစားထားပါတယ်။ ပိုနားလည်လွယ်ဖို့ပါ။ ကျွန်တော့်အနေနဲ့ ကိုယ့်ရဲ့ရေချိန် အကန့်အသတ် (မူလတန်း ပဉ္စမအဆင့်) ကိုလည်း သဘောပေါက်ထားလေတော့ ဒီစာအုပ်ဟာ လုံးဝနားမလည်နိုင်တဲ့ အရာမဟုတ်ဘူးဆိုရင်ဘဲ ဝမ်းသာလှပါပြီ။





မာ့က်စ်ကိုယ်တိုင်ကလည်း သူ့ကျမ်းတွေကို အကျဉ်းချုပ်လုပ်ထားဖို့ရာ မေ့ခဲ့တဲ့အတွက် ကျွန်တော့်အလုပ် ပိုမိုလွယ်ကူရေးမှာ မာ့က်စ်ကိုလည်း အားမကိုးနိုင်တော့ပါဘူး။ မာ့က်စ် စာပေတွေကို ရှင်းပြဟန်ဆောင်ထားတဲ့၊ ပညာရှင်ဆန်ဆန်ရေးထားတဲ့ ကျမ်းဆွေကတော့ ပိုလို့တောင် အားမကိုးရဘူး။ သူတို့ဟာတွေက မာ့က်စ်ရေးတာတွေထက်တောင် ပိုခက်နေပါတယ်။

မာ့က်စ်ကို "လူအများသိအောင် လုပ်ဖို့" ကြိုးစားရင်း တခြားပြဿနာတစ်ခုက ထွက်လာပြန်ပါတယ်။ သူသုံးစွဲထားတဲ့ အဘိဓမ္မာအခေါ်အဝေါ်တွေ၊ ဘောဂဗေဒ အခေါ်အဝေါ်တွေကို နေ့စဉ်သုံးစကားနဲ့ ဖော်ပြရတဲ့ အခက်အခဲ ပြဿနာပါပဲ။ အခေါ်အဝေါ်တွေဟာ ၂၀ – ၃၀ မျှသာ မဟုတ်ဘူး။ ၂၀၀ – ၃၀၀ လောက်တောင် ရှိလို့ပါပဲ။ ဒါတွေအားလုံးကို အဓိပ္ပာယ် မလွဲစေရအောင် ဘာသာပြန်ဖို့ ကြိုးစားရတာ တကယ့်ကို ခက်ခဲလှပါတယ်။ ဒီစာအုပ်ကို အဆုံးထိဖတ်တဲ့ စာဖတ်ပရိသတ်ဟာ မာ့က်စ်ရဲ့ မူရင်းကျမ်းတွေ အားလုံးကို ဖတ်ဖို့ သတ္တိရှိလာလိမ့်မယ်။ ဖတ်ပြီးရင်လည်း ကျွန်တော့်ထက် ပိုနားလည်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။





# မာ့က်စ်အကြောင်း မိတ်ဆက်

## မာ့က်စ်ဆိုတာ ဘယ်လိုလူလဲ . . .



ချာလီမာ့က်စ် (Charlie Marx) (ဂျာမန်လိုတော့ ကားလ်မာ့က်စ် (Karl Marx) ဟာ ဂျာမန်ဂျူးလူမျိုး အဘိဓမ္မာပညာရှင်တစ်ယောက် ဖြစ်တယ်။ ၁၈၁၈ – ၁၈၈၃ ခုနှစ်ကာလကြားမှာ အသက်ရှင်ရှန်းကန်လှုပ်ရှားခဲ့တယ်။ ကမ္ဘာ့နေရာတိုင်းက သူ့ကို ကွန်မြူနစ်ဝါဒကို တီထွင်ခဲ့ရကောင်းလားလို့ အပြစ်တင်ကြတယ်။

သူရေးတဲ့ စာတွေနဲ့ အတွေးအခေါ်တွေအပေါ် အခြေခံပြီးတော့ လူသားအားလုံးရဲ့ သုံးပုံတစ်ပုံဟာ ကွန်မြူနစ်ဝါဒကျင့်သုံးကြတယ်။ ကျန်သုံးပုံနှစ်ပုံကတော့ သူ့စာတွေ အတွေးအခေါ်တွေကို ငြင်းခုံနေကြတုန်းပဲ။

ဘော်ရှိဗစ်၊ မာ့က်စ်ဝါဒီ၊ ဆိုရှယ်လစ်ဝါဒ၊ လီနင်ဝါဒ၊ အနီ၊ သစ္စာစောင့်သိရေးသမား၊ မော်ဝါဒီ၊ ရုပ်ဝါဒီ၊ ကွန်မြူနစ် စတဲ့စတဲ့စကားလုံးတွေဟာ နေရာတကာမှာ လူအတော်များများကို အောင့်သက်သက်ဖြစ်အောင် နှိုးဆွတတ်ကြပါတယ်။





တကယ်တော့ မာ့က်စ်ဝါဒဟာ ဒီနေ့ခေတ်မှာ ကမ္ဘာကြီးကို နှစ်ပိုင်းပိုင်းလိုက်တယ်။ သူ့ကိုမုန်းသူများနဲ့ မျှော်လင့်ချက်မှန်သမျှ သူ့အပေါ် ပုံထားသူများရယ်လို့ နှစ်ပိုင်းရှိပါတယ်။

တတိယအုပ်စုလည်း ရှိပါသေးတယ်။ သူ့အကြောင်း မသိကြတဲ့သူတွေရဲ့ အစုပေါ့။ ဘာလို့လဲဆိုတော့ ကားလ်မာ့က်စ်ဟာ သမ္မာကျမ်းစာ သို့မဟုတ် ကိုရန်ကျမ်းစာတို့လိုပါပဲ။ အတော်များများက သူ့ကိုကိုးကားပြောဆိုတတ်ကြပေမယ့် လူအနည်းငယ်လေးကသာ သူ့ကိုသိကြတာပါ။ သူ့ကို နားလည်သူက ပိုလို့တောင် နည်းပါသေးတယ်။

ဘယ်သူ့အတွက်မဆို မာ့က်စ်မှာ ပြောစရာတစ်ခုခုတော့ ရှိနေတာပါပဲ။ ပြီးခဲ့တဲ့ နှစ်တစ်ရာအတွင်းမှာ ရဲဘော်ကားလ်ရဲ့ ဩဇာသက်မှုနဲ့ ဘယ်လိုမှမဆိုင်တဲ့ ပြောင်းလဲမှုကြီးရယ်လို့ မရှိသေးပါဘူး။

စီးပွားရေး၊ စာပေ၊ အာကာသခရီး၊ အနုပညာ၊ သမိုင်း၊ လူ့ဆက်ဆံရေးနယ်ပယ်၊ ဗာတီကန်သာသနာ၊ သမဂ္ဂများ၊ တော်လှန်ရေးများ၊ လူမှုအပြောင်း အလဲများ၊ ဆေးဝါးပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စာနယ်ဇင်းလောက၊ . . . နေရာတကာမှာ ကားလ်မာ့က်စ်ရဲ့ ဩဇာအစအနလေး တစ်ခုနှစ်ခုလောက်တော့ တွေ့ရမှာပါ။

သူ့အတွေးအခေါ်တွေကို သိရှိမှုနဲ့ လက်တွေ့ဆောင်ရွက်မှုကြောင့် နှစ်ပေါင်းနှစ်ထောင်လောက်အတွင်း မဖြစ်နိုင်ခဲ့တာတစ်ခုဟာ ဖြစ်နိုင်စရာအကြောင်း ရှိလာခဲ့ပါတယ်။ အဲဒါကတော့ လူလူချင်းသွေးစုတ်မှု ကင်းဝေးရေးကိစ္စပါပဲ။

အတိုချုပ်ပြောရရင် ဒီနေ့ ကျွန်တော်တို့ရဲ့ ဘဝအခြေအနေ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ ပိုကောင်းလာတာတွေဟာ အထူးသဖြင့် မာ့က်စ်ရဲ့ ကျေးဇူးကြောင့်ပါ။ ဥပမာ – လူမှုအာမခံချက်၊ အငြိမ်းစားပင်စင်၊ လုပ်ခမပျက် အလုပ်ပိတ်ရက်များ၊ သမဂ္ဂများ၊ ပညာသင်စားရိတ်များနဲ့ အခြားအောင်မြင်မှု အများအပြားဟာ မာ့က်စ်ရဲ့ ကျေးဇူးနဲ့ သွယ်ဝိုက်ပတ်သက်နေတာပါ။

"အမည်ခံ" ဖခင်မရှိဘဲ အလိုအလျောက် ဖြစ်ပေါ်ပါတယ်ဆိုတဲ့ တော်လှန်ရေးတွေကိုတောင် ထည့်တွက်နိုင်တဲ့ အားလုံးသော တော်လှန်ရေးများဟာ မာ့က်စ်ဝါဒနဲ့ သက်ဆိုင်တာ တစ်ခုခုတော့ ရှိကြတာချည်းပါပဲ။



# မာ့က်စ်ရဲ့ ဘဝအစ

ဂျာမဏီနိုင်ငံ အနောက်ပိုင်း ထရယ်ဗာ ရိုရမ်မြို့ TREVIRORUM (ယခု ခေတ် ထရယ်ယာမြို့ TRIER ) မှာ ၁၈၁၈ ခု၊ မေလ ၅ ရက်နေ့မှာ ကားလ် မာ့က်စ်ကို မွေးခဲ့တယ်။

သူ့အဖေက ချမ်းသာတဲ့ ရှေ့နေတစ်ယောက် ဖြစ်ပါတယ်။ ဒီတော့လည်း လူငယ်လူရွယ် မာ့က်စ်ဟာ အဲဒီတုန်းက ခေတ်စားတဲ့ ဥပဒေပညာကို သင်ခွင့်ရတော့တာပေါ့။

ချုပ်ပြောရရင် မာ့က်စ်ဟာ ဘွန်း တက္ကသိုလ်မှာ ဥပဒေပညာ သွားသင်တယ်။ ဒါပေမဲ့ သူဟာ ပူညံ့ပူညံ့ကိစ္စတွေနဲ့ (သူ့ ဆရာတွေ အပြောအရ) အရက်၊ မိန်းမနဲ့ သီဆိုမြူးတူးရေး ကိစ္စတွေမှာ ပိုပြီး အာရုံစိုက်တတ်ပါတယ်။ မိန်းမတစ်ယောက်ကိစ္စနဲ့ နှစ်ယောက်ချင်း သတ်ပုတ်လို့ မျက်ခုံးမှာ ဒဏ်ရာရတဲ့အထိ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။




သူဟာ ဘွန်းကနေ ဘာလင်ကို ပြောင်းပြီး ကျောင်းပြီးတဲ့အထိ ပညာသင် ယူပါတယ်။ ဒီနောက် ဘွန်းကို ပြန်လာပြီး ကျောင်းဆရာလုပ်ဖို့ ကြိုးစားပါတယ်။ သူ့မှာ





အမည်ပျက်တစ်ခု ရှိနေတာကြောင့် ဘယ်ကျောင်းကမှ လက်မခံပါဘူး။ ဒီနာမည်ပျက်ကတော့ သူဟာ ဘာလင်မှာနေစဉ် ဘုရားမဲ့ဝါဒီနဲ့ နိုင်ငံတော်ပုန်ကန်ရေးသမား ဖြစ်သွားတယ် ဆိုတာပါပဲ။ အဲဒီ ပုဒ်မနှစ်ခုစလုံးဆိုတော့ လွန် လွန်းပါတယ်။ သူ့ခေတ်လူ့အသိုင်းအဝိုင်းဟာ အနုပညာရှင်တွေကိုတောင် ကြည်ကြည်ဖြူဖြူလက်ခံတာ ရှားတယ်ဆိုတော့ နိုင်ငံတော်ပုန်ကန်သူဆိုတာကို ဘယ်လို အဓိပ္ပာယ် ဖွင့်လိုက်ကြမလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

ဒီနေရာမှာ မာ့က်စ်ရဲ့ဘဝထဲက အသေးစိတ်အချက်ကလေးတစ်ခုကို ရှင်းလိုက်ဖို့ အရေးကြီးပါတယ်။ အဲဒါကတော့ ဂျူးမျိုးရိုးက ဆင်းသက်လာတာဖြစ်ပေမယ့် သူကတော့ သူ့ကိုယ်သူ ဂျူးတစ်ယောက်အဖြစ် မယူဆပါဘူး။ သို့မဟုတ် ဂျူးဘာသာရေးကို ဘယ်တုန်းကမှ မကိုးကွယ်ခဲ့ပါဘူး။ သူ့အဖေဟာ (မာတင်) လူသာ ခရစ်ယာန်ဘာသာအဖွဲ့ဝင် ဖြစ်လာခဲ့လို့ မာ့က်စ်ဟာလည်း အဲဒီအဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ သူငယ်ငယ်တုန်းကသာ ဖြစ်ပါတယ်။




အဲဒီ ခေတ်က ဘာလင် တက္ကသိုလ်မှာ အတွေးအခေါ်သစ်တွေ ပြင်းကြ ခုန်ကြနဲ့ အလွန် ပွက်လောရိုက်နေတယ်။ လူသားနဲ့စကြဝဠာအကြောင်း ဘာသာရေးအမြင်နဲ့ ရှင်းပြ ပြောဆိုချက်တွေကို စိမ်ခေါ် နေကြပြီ ဖြစ်ပါတယ်။ မေး နေကြ လူသားနဲ့ဆိုင်တဲ့ မေးခွန်းကြီးတွေရဲ့ အဖြေသစ်များကို အတွေးအခေါ်သမားတွေက ရှာဖွေနေကြပါတယ်။ ဥပမာ ဘုရားသခင်ဆိုတာ ဘယ်သူလဲ။ ဘဝဆိုတာ ဘာလဲ။ လူဆိုတာ ဘာလဲ။ ငါတို့ ဘာလို့ အသက်ရှင်နေတာလဲ။ စတာတွေပေါ့။

လူငယ်လူရွယ် မာ့က်စ်ဟာ လုပ်ကိုင်စားသောက်ရေး ရည်ရွယ်ချက်နဲ့ "ဘာလုပ်မလဲ" ဆိုတဲ့ မေးခွန်းကို သူကိုယ်သူ မမေးခဲ့ပါဘူး။ ဒါပေမဲ့ "ငါ့ဘဝရဲ့ အဓိပ္ပာယ်က ဘာလဲ" "ငါ့ဘဝမှာ ဘယ်ကိစ္စကို အကျိုးပြုမှာလဲ" ဆိုတဲ့ ရည်ရွယ်ချက်နဲ့သာ "ငါ ဘာလုပ်မလဲ" ဆိုတာ မေးခဲ့တာပါ။

ဒီခက်ခဲတဲ့ မေးခွန်းတွေရဲ့ အဖြေသိဖို့အတွက် မာ့က်စ်ဟာ အဘိဓမ္မာ ဘာသာရပ်ကို လေ့လာဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါကို သူ့အဖေကတော့ သူ့အနာဂတ်အတွက် စိုးရိမ်လို့ ဒေါသထွက်တာပေါ့။

ဖရက်ဒရစ်ဟီးဂဲလ် (၁၇၇၀ – ၁၈၃၁) လို့ခေါ်တဲ့ လူတစ်ယောက်ကတော့ဖြင့် ဒီပြဿနာကြီးတွေနဲ့ ပတ်သက်တဲ့အဖြေတွေကို ရှာတွေ့ပြီးသွားပုံပေါ်ပါတယ်။

ဂျာမန်အဘိဓမ္မာ ဆရာတွေဟာ ဟီးဂဲလ်ကို ဗဟိုပြုဝန်းရံနေကြပါတယ်။ တချို့က သူ့သဘောတရားတွေကို ဆန့်ကျင်ဖို့၊ တချို့ကလည်း ထောက်ခံဖို့ အတွက် ဖြစ်ပါတယ်။ မာ့က်စ်ဟာ ဟီးဂဲလ်ရဲ့ အတွေးအခေါ်တွေကို စတင်လေ့လာပါတော့တယ်။ ဆိုးတာက ဒီအဘိဓမ္မာ ပညာရှင်ကြီးဟာကွယ်လွန်သွားပြီ ဖြစ်တာပါပဲ။



ဟီးဂဲလ် (၁၇၇၀ – ၁၈၃၁)





(ဟီးဂဲလ်မတိုင်ခင်က အဘိဓမ္မာပညာရှင်ကြီး တစ်ဦးဖြစ်တဲ့) ကန့် (KANT) က ဘုရားသခင်ကို ရှိတယ်လို့ ယူဆနိုင်ပေမယ့် ရှိကြောင်း ဘယ်အဘိဓမ္မာကမှ သက်သေမပြနိုင်ဘူးလို့ ငြင်းချက်ထုတ်ခဲ့တယ်။ ဟီးဂဲလ်က ဘုရားသခင်ရှိတယ် ဆိုတာကို ယုတ္တိရှာပေးခဲ့ပါတယ်။ ဘယ်လိုလဲဆိုတော့ ဟီးဂဲလ်က "အလုံးစုံ ယုတ္တိဝါဒ" (Panlogism) ဆိုတဲ့ စဉ်းစားနည်းကို တင်ပြခဲ့တာပါ။ ကန့်က သိပ္ပံပညာနဲ့ ဘာသာရေးကို ခွဲခြားခဲ့တယ်။ ဟီးဂဲလ်က ဘာသာရေးကို သိပ္ပံပညာတစ်မျိုးအဖြစ် လုပ်လိုပါတယ်။

သမိုင်းတစ်လျှောက်မှာ ကျိုးကြောင်းဆက်စပ်မှုတရားဟာ အကြွင်းမဲ့ ရပ်တည်နိုင်ရေး ပန်းတိုင်ဆီကို အမြဲပဲ တစ်စတစ်စ ရွေ့လျားတိုးတက်ပြောင်းလဲနေတာ ဖြစ်ပါတယ်။ "ကမ္ဘာ့ သမိုင်းဆိုတာ လွတ်လပ်မှုရဲ့ အသိတရားဖြစ်ပေါ် တိုးတက်မှုဖြစ်စဉ် ဖြစ်တယ်"။ ဘုရားသခင် ဆိုတာ ရုပ်သဏ္ဍာန်မဲ့လောကီလူသား အနေနဲ့သာ တည်ရှိနိုင်တယ်။ ဘာလို့လဲဆိုတော့ ဒါဟာ ယုတ္တိယုတ္တာရှိလို့ပဲ။ ပြောင်းပြန်အားဖြင့် ယုတ္တိရှိရင်လည်း တကယ်ရှိတဲ့အရာ ဖြစ်ပြန်တယ်။

"နိုင်ငံတော်အဖွဲ့အစည်းဘောင်အတွင်းမှာသာ နတ်ဘုရားတွေဟာ တကယ် ရှိတဲ့ အရာတွေဖြစ်လာတာပါ"။ ဒါပေမဲ့ တည်ရှိနေတဲ့ ဘယ်ဘာသာရေးဖြစ်ဖြစ်၊ နိုင်ငံတော်ဖြစ်ဖြစ်ကိုတော့ မှန်ကန်ကြောင်း သက်သေမပြနိုင်ပါဘူး။

ဟီးဂဲလ်ရဲ့ တပည့်တစ်ယောက်ဖြစ်တဲ့ ဟိန်းနရစ်ဟိန်းဆိုသူ ကဗျာဆရာက ဒါကို ပြီးရှင်းရှင်းလင်းလင်း ပြောလိုက်ပါတယ်။ "ဟီးဂဲလ်ရဲ့ ကျေးဇူးကြောင့် ကျွန်တော် သိလာတာကတော့ "ကောင်းမြတ်သော" ဘုရားသခင်ဟာ ကျွန်တော့်အဘွားယုံသလို ကောင်းကင်ဘုံမှာနေတာ မဟုတ်ပါဘူး။ ဒါနဲ့ ပြောင်းပြန်ပါ။ ဟောဒီကမ္ဘာမြေပေါ်မှာရှိတဲ့ ကျွန်တော်ကိုယ်တိုင်တောင် ဘုရားသခင် ဖြစ်ချင်ဖြစ်နိုင်တာပါပဲ" လို့ ရှင်းပြပါတယ်။ တစ်နည်းအားဖြင့် ဘုရားသခင်က လူသားကို ဖန်တီးတာမဟုတ်ဘူး။ လူသားက ဘုရားသခင်ကို ဖန်တီးတာ ဖြစ်တယ်။

ဒါ့အပြင် ဟီးဂဲလ်က အသက်ဝိဉာဉ်ဆိုတာ ဘယ်တော့မှ သေသွားတယ် ရယ်လို့ မရှိဘူးဆိုတာကို ယုံခဲ့တာမဟုတ်ပါဘူး။ ဒါပေမဲ့ ခရစ်ယာန်အဖွဲ့အစည်းနဲ့ နိုင်ငံတော် (နှစ်ခုဟာ အဲဒီခေတ်က မဟာမိတ်တွေပါ) တို့ရဲ့ဖိနှိပ်မှုကြောင့် ဟီးဂဲလ်ဟာ သူ့ဘက်က နည်းနည်းလျှော့ခဲ့ရတယ်။ သူ့အယူအဆတွေကို လူထုအကြား ဖြန့်ခွင့်မရခဲ့ဘူး။




သူ့အတွေးအခေါ်တွေဟာ (သူ့အသုံးအနှုန်းအရ) "အဘိဓမ္မာတစ်ခုမျှသာ" ဖြစ်ပါတယ်။ နောက်ပြီး လူတွေဟာ သူတို့ရဲ့ဘာသာရေးဓလေ့ထုံးတမ်းတွေကို လိုက်နာဖို့ကလည်း လိုသေးတယ်မဟုတ်လား။ . . .ဆိုတဲ့ သဘောမျိုး ရပ်ခံခဲ့ရပါတယ်။

ဒါပေမဲ့ မာ့က်စ် တကယ်စိတ်ဝင်စားတာက ဟီးဂဲလ်ရဲ့ သမိုင်းဆိုင်ရာ အဘိဓမ္မာသာ ဖြစ်တယ်။ ဟီးဂဲလ်အမြင်အရ အတိုက်အခံဖြစ်မှုတွေ၊ စစ်ပွဲတွေ၊ တော်လှန်ရေးတွေ ရှိနေလို့သာ လူ့လောကကြီးဟာ ရှေ့သို့ ရွေ့လျားတိုးတက်နေတာဖြစ်တယ်။ တစ်နည်းအားဖြင့် ဖိနှိပ်သူတွေကို အဖိနှိပ်ခံတွေက တွန်းလှန်တိုက်ပွဲဆင်ကြလို့ တိုးတက်တာဖြစ်တယ်။ ငြိမ်းချမ်းရေးတို့၊ သဟဇာတဖြစ်မှုတို့က တိုးတက်မှုကို မဖန်တီးဘူးလို့ သူက ပြောလေ့ရှိတယ်။ ဟီးဂဲလ်က လူမှုရေး တိုက်ပွဲဆင်မှုတွေကို ပြောနေတာ မဟုတ်ပါဘူး။

ဘာသာရေးအရ တိုက်ပွဲဆင်မှုတွေကိုသာ ပြောနေတာပါ။ အလုပ်သမားတွေနဲ့ အလုပ်ရှင်တွေအကြား၊ ဖိနှိပ်ခံပြည်သူတွေနဲ့ ဖိနှိပ်သူ အစိုးရတွေအကြား တိုက်ပွဲကို သူ စဉ်းစားနေတာ မဟုတ်ပါဘူး။ "ဘာသာရေး" သက်သက် အတိုက်အခံဖြစ်မှု အတွေးအခေါ်တွေအကြား တိုက်ပွဲကိုသာ စဉ်းစားနေတာပါ။








အထက်ပါ စဉ်းစားနည်း ပဋိပက္ခ တွေကြောင့် ဟီးဂဲလ် သေဆုံးပြီးနောက်မှာ သူ့နောက်လိုက်တွေအကြား "ဟီးဂဲလ် ဝါဒ လက်ယာဂိုဏ်း" နဲ့ "ဟီးဂဲလ် ဝါဒ လက်ဝဲဂိုဏ်း" ရယ်လို့ ကွဲသွားပါတယ်။ အဆိုပါ လက်ဝဲသမားတွေက သူတို့ဆရာ ဟီးဂဲလ်ရဲ့ အတိုးတက်ဆုံး အတွေးအခေါ်တွေကို ရပ်ခံကြတယ်။ လက်ယာသမားတွေကတော့ ဟီးဂဲလ်ရဲ့ ဘာသာအယူဝါဒဆန်တဲ့၊ သမားရိုးကျဆန်တဲ့ အတွေးအခေါ်ပိုင်းကို ဆွယ်ကပ် ထိန်းသိမ်းထားကြတယ်။ လူငယ်ဖျူး ဝါးဘတ်ဟာ ဟီးဂဲလ်ဝါဒ လက်ဝဲဂိုဏ်းသမား တစ်ယောက်ဖြစ်ပြီး ဟီးဂဲလ်ရဲ့ သဘောတရားတွေကို လက်တွေ့ ကျင့်သုံးလိုသူ ဖြစ်တယ်။ ဘုရင်ကြေရာဇ်တွေရဲ့ အာဏာဟာ သန့်ရှင်းမြင့်မြတ်တဲ့ တန်ခိုးရှင်ထံကလာတယ် ဆိုတာကို ဖျူးဝါးဘတ်က ငြင်းပယ်ပါတယ်။ သူ့ရဲ့ အဲဒီအမြင်ကို မာ့က်စ်က ရာနှုန်းပြည့် လက်ခံပါတယ်။



တပည့်က အလျင်အမြန်ပဲ ဆရာ့ထက် လက်စောင်းထက်သွားပါတယ်။ ဟီးဂဲလ်ဝါဒ လက်ဝဲသမားတွေထက် မာ့က်စ်က ပိုပြီးတော်လှန်ရေးကျတယ်။ ပိုရှင်းလင်းတဲ့ အမြင်ရှိတယ်။ ပိုလက်တွေ့ကျတယ်။ သူက တက်ကြွအားမာန်ရှိတဲ့ လူမျိုးပါ။

ဟီးဂဲလ်ဝါဒီတွေဟာ အဘိဓမ္မာရေး၊ ဘာသာရေး ငြင်းခုံဆွေးနွေးမှုတွေ လုပ်နေတာ မဆုံးနိုင်၊ မပြီးနိုင်ပါပဲ။ သူတို့အစည်းအဝေးတွေက အမြဲတမ်းပဲ အရည်မရ အဖတ်မရနဲ့ အဆုံးသတ်လိုက်တာချည်းပါပဲ။

စိတ်ဓာတ်ဖိစီးပြီး ခပ်ကြောင်ကြောင် ဖြစ်မသွားဖို့အတွက် မာ့က်စ်ဟာ "ရိုင်းနစ်ဂေဇက်" (Rhenish Gazette) သတင်းစာတိုက်က အလုပ်တစ်ခုကို လက်ခံလိုက်ပါတယ်။ အဲဒါ ၁၈၄၂ ခုနှစ်မှာပါ။ သတင်းစာအယ်ဒီတာအဖွဲ့ဟာ မာ့က်စ်ရဲ့အစွမ်းအစ ကြီးမားတာကို သတိထားမိတဲ့အတွက် မကြာခင်မှာပဲ သူ့ကို အယ်ဒီတာချုပ် ခန့်လိုက်ပါတယ်။ မာ့က်စ်ရဲ့လမ်းညွှန်မှုအောက်မှာ အဲဒီသတင်းစာဟာလည်း တကယ့်ကို ထက်သိက္ခာတက်လာပါတယ်။ တက်လာလိုက်တာ အစိုးရက ပိတ်ခိုင်းလိုက်ရတဲ့အထိပါပဲ။

အတွေးအခေါ်တွေကို ဖြန့်ဖြူးရေး၊ မကောင်းတဲ့အစိုးရကို ဝေဖန်ရေးနဲ့ လူထုရဲ့ဆင်းရဲမွဲပြာကျမှုနဲ့ ပတ်သက်ပြီး အများရဲ့အမြင်ကို ဖွင့်ပေးရေးတို့အတွက် သတင်းစာကိုအသုံးပြုရမယ်ဆိုတဲ့ နိုင်ငံရေးဆန်တဲ့ စာနယ်ဇင်းဝါဒဟာ မာ့က်စ်ကြောင့် အသက်ဝင်လာပါတယ်။

လက်ဖက်ရည်ဆိုင်အဘိဓမ္မာဆရာတွေက ပြောရုံပဲပြောတတ်တဲ့ အတွေး အခေါ်တွေကို မာ့က်စ်က လက်တွေ့ကျင့်သုံးဖို့၊ သာမန်လူထုရဲ့ခေါင်းထဲ သွင်းပေးဖို့ ကြိုးစားနေခဲ့ပါတယ်။ မာ့က်စ်ဟာ မိုစဲလ်ခရိုင်လယ်သမားတွေအကြောင်း ဆောင်းပါးများရေးပြီး သတင်းမှတ်တမ်းရေးတဲ့ပုံစံကို တီထွင်ခဲ့ပါတယ်။



ကားလ်မာ့က်စ်လည်း နှလုံးသား ရေးရာခံစားမှုတွေ ရှိပါတယ်။ နုနယ်ငယ်ရွယ်တဲ့ အသက် ၁၈ နှစ်မှာ ငယ်သူငယ်ချင်းမလေး တစ်ယောက်ဖြစ်တဲ့ ဂျင်နီ ဗွန်ဝက်စ်ဖာလင် (JENNY VON WET-PHALEN) ကို သူဟာ ပိုးပန်းနေခဲ့ တာပါ။ ဂျင်နီဟာ ချောတယ်။ ချမ်းသာကြွယ်ဝတယ်။ ပရပ်ရှား မှူးမျိုးမတ်မျိုးထဲ က ဖြစ်တယ်။ (သူမရဲ့ အစ်ကိုကြီးဟာ ဆိုးဝါးလှတဲ့ ဖိနှိပ်ရေးကာလ ၁၈၅၀– ၅၈ ခုနှစ်အတွင်းမှာ ပြည်ထဲရေး ဝန်ကြီး ဖြစ်ခဲ့တယ်)။ နိုင်ငံတော် ကောင်စီဝင်ဖြစ်တဲ့ ဂျင်နီ အဖေဟာ လူငယ်လူရွယ်မာ့က်စ်ကို ဂရိကဗျာတွေ၊ ရှိတ်စပီးယားရဲ့စာတွေ ဖတ်ဖို့ အားပေးခဲ့ပါ သေးတယ်။

မာ့က်စ်မှာက ငွေလည်းမရှိ၊ အလုပ်လည်း မရှိ။ သူချစ်တဲ့ ဂျင်နီလေးကို ဘယ်လို ကျွေးမွေးထောက်ပံ့မှာလဲ။ ဒါကြောင့် ဂျင်နီ့အဖေကတော့ သူ့သမီး အနာဂတ်အတွက် အလွန့်အလွန် စိုးရိမ်မိပါတယ်။





မာ့က်စ်တို့ဟာ ၁၈၄၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှာ လက်ထပ်ခဲ့ကြတယ်။ နှစ်ထဲမှာပဲ သူတို့ဇနီးမောင်နှံဟာ ပဲရစ်မှာသွားနေထိုင်ကြတယ်။ အဲဒီမှာ မာ့က်စ်ဟာ ထုတ်တဲ့မဂ္ဂဇင်းတစ်ခုရဲ့ တွဲဖက်အယ်ဒီတာအလုပ်ကို ရရှိခဲ့ပါတယ်။ သူနဲ့ လုပ်ဖော်ကတော့ အာနိုးရု (ARNOLD RUGE) ဖြစ်တယ်။ (သူဟာ ဟီးဂဲလ်ဝါဒီတစ်ဦးဖြစ်ပြီး ၁၈၂၅ – ၃၀ နှစ်အတွင်း ထောင်ချခံရတယ်။ ၁၈၆၆ ခုနှစ်နောက်ပိုင်းမှာတော့ သူဟာ ဘစ်စမတ်နောက်လိုက် ဖြစ်သွားတယ်။)

မာ့က်စ်ဟာ ပဲရစ်မှာ "ပြင်သစ် ဂျာမန်သတင်းစဉ် (Franco German Annals) မဂ္ဂဇင်းရဲ့ အစောင်တိုင်းမှာ တည်းဖြတ်ရေးသားမှုတွေ လုပ်ခဲ့တယ်။ ပိုဆိုးတာတစ်ခုက ဒီမဂ္ဂဇင်းဟာ ဂျာမဏီနိုင်ငံအတွင်းသို့ မြေအောက်ဖြန့်ချိဖို့ ရည်ရွယ်ထားတာကြောင့် မာ့က်စ်အတွက် ပြဿနာတွေအများကြီး ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် မဂ္ဂဇင်းရဲ့ညွှန်ကြားရေးမှူး အာနိုးရုနဲ့ တွဲလုပ်ရတာလည်း အဆင်မပြေပါဘူး။ သူ့ရဲ့အမြင်တွေကို မာ့က်စ်က လက်ခံတာမဟုတ်ဘူး။ သူက မာ့က်စ်ကို "ကိုရွှေခေါင်းမာ" လို့ ခေါ်တတ်တယ်။

ဘာကြောင့်ပါလဲ။ ဘာကြောင့်လဲဆိုရင် ပဲရစ်မှာ မာ့က်စ်ဟာ အရင်ကထက်တောင် တက်လှန်ရေးပိုဆန်လာသေးတယ်။ ဘလန်တို့ (BLANC)၊ ပရောက်ဒွန်းတို့ (PROUDHON)၊ လီရောတို့ (LEROUX) ရဲ့ ပြင်သစ်အတွေး အခေါ်တွေနဲ့ ဘော့ကင် (BOTKIN)၊ ဘာခူနင် (BAKUNIN) စတဲ့ ရုရှား အက်နာခစ် (အစိုးရဖျက်သိမ်းရေးဝါဒီ၊ မင်းမဲ့ဝါဒီ) တွေနဲ့ ပဲရစ်မှာ ဆက်သွယ်မှုတွေ ရခဲ့တာကြောင့် အဲဒီလိုဖြစ်လာရတာပဲ။ (နောက်ပြီး အဲဒီအချိန်မှာ အဒမ်စမစ် (ADAM SMITH) နဲ့ ဒေးဗစ်ရစ်ကာဒို (DAVID RICADO) စတဲ့ အင်္ဂလိပ်ပညာရှင်တွေရဲ့ ဘောဂဗေဒ သဘောတရားတွေကိုလည်း သူ စတင်လေ့လာနေပါပြီ။)

မာ့က်စ်ဟာ ဖရက်ဒရစ် အိန်ဂယ်ဆိုတဲ့ ဂျာမန်မိတ်ဆွေတစ်ယောက်နဲ့ ချစ်ကြည် ရင်းနှီးခဲ့ပါတယ်။ ဒီရင်းနှီးမှုဟာ မာ့က်စ်အပေါ် အကြီးမားဆုံးဂယက်ရိုက်မှု ဖြစ်စေခဲ့တယ်။ သူတို့ဟာ "သတင်းစဉ်" မဂ္ဂဇင်းကြီး အအောင်မြင်ဆုံးကာလ (၁၈၄၄ ခုနှစ်) မှာ တွေ့ခဲ့ကြတာပါ။

# အိန်ဂယ် (၁၈၂၀ – ၁၈၉၅) ဆိုတာ ဘယ်သူလဲ



သူဟာ ချည်မျှင်နဲ့အထည်ထုတ်လုပ်ရေး လုပ်ငန်းရှင် သူဌေးကြီးတစ်ယောက် ရဲ့သား ဖြစ်ပါတယ်။ အိန်ဂယ်ဟာ ၁၈၄၂ ခုနှစ်မှာ ပရပ်ရှားက ထွက်လာခဲ့ပြီး မန်ချက်စတာရှိ သူ့အဖေရဲ့ဌာနခွဲရုံးမှာ စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်တစ်ယောက်အဖြစ် လုပ်ကိုင်ခဲ့တယ် အိန်ဂယ်ဟာ တက်ကြွတဲ့ "လက်ဝဲ" ဟီးဂဲလ်ဝါဒီဖြစ်တယ်။ သို့သော် ပထမဦးဆုံးအလုပ်သမာ လူတန်းစားရဲ့ မွဲပြာကျနေတဲ့ အခြေအနေတွေကို တွေ့ထိသိရှိလိုက်တာနဲ့ တစ်ချိန်တည် သူ့ကိုနက်နက်ရှိုင်းရှိုင်း ဂယက်ရိုက်ခဲ့ပါတယ်။

အဲဒီခေတ်အခါက ဆွဲခဲ့တဲ့ ပန်းချီအတော်များများမှာ အင်္ဂလိပ်အလုပ်သမားတွေ တုန်လှုပ်ဖွယ်ရာ သွေးစုတ်ခံရပုံတွေကို သာဓကအဖြစ် တွေ့နိုင်ပါတယ်။ ကလေးသူငယ်တွေဟာ ခန္ဓာကိုယ်ကလည်း သေး (လုပ်ခပေးရတာကလည်း နည်းနည်းလေးပဲ) ဆိုတော့ မိုင်းတွ တူးဖော်ရေးလုပ်ငန်းတွေနဲ့ တခြားစက်မှုလုပ်ငန်းတွေမှာ လူမဆန်တဲ့လုပ်ငန်းရှင်တွေ သူတို့ကို ခိုင်းစေသွေးစုတ်ကြပါ တယ်။



အိန်ဂယ်က ၁၈၄၅ ခုနှစ်မှ "အင်္ဂလန်ရှိ အလုပ်သမားလူတန်းစား အခြေအနေ" ကို ရေးခဲ့တယ်။ "သတင်းစာ အတွက် အိန်ဂယ်ရေးပို့လိုက်တဲ့ စီးပွားရေ ဆောင်းပါးတစ်ပုဒ်ကို မာ့က်စ်ဟာ အတော့်

...ာကျခဲ့တယ်။ သူတို့နှစ်ယောက် မိတ်ဆွေရင်းခြာတွေဖြစ်လာပြီးတော့ အတူတူတွဲလုပ်ဖို့ ...ဖြတ်လိုက်ကြပါတော့တယ်။

ပရပ်ရှားအစိုးရဟာ မာ့က်စ်ကို အမုန်းကြီးမုန်းတာကြောင့် ၁၈၄၈ ခုနှစ်မှာ ပြင်သစ်ပြည်မှာ ...နေတဲ့ မာ့က်စ်ကို ပြည်နှင်ဒဏ်ပေးဖို့ ပြင်သစ်အစိုးရကို ဖိအားပေးပါတော့တယ်။ အဲဒါနဲ့ပဲ ...က်စ်ဟာ ဘရပ်ဆဲလ်ကို ပြောင်းရွှေ့သွားရပါတယ်။ အဲဒီကလည်း တစ်ခါနှင်ထုတ်ခံရပြန်တယ်။ ...၄၈ ခုနှစ် တော်လှန်ရေးကာလမှာ မာ့က်စ်ဟာ ဂျာမဏီကို ပြန်လာပြီး "ရိုင်းနစ်ဂေဇက်သစ်" ...င်းစာကို အိန်ဂယ်နဲ့တွဲပြီး တည်ထောင်ပါတယ်။ (အိန်ဂယ်ဟာလည်း စစ်ပွဲသုံးပွဲမှာ ...င်တိုက်ခိုက်ခဲ့တယ်)။ အဲဒီနောက် မာ့က်စ်ဟာ လက်နက်ကိုင်ပုန်ကန်ဖို့ လှုံ့ဆော်သူအဖြစ် ...ခံခဲ့ရပေမယ့် ကိုလုံးတရားသူကြီးအဖွဲ့က သူ့ကို တရားသေလွှတ်ပေးခဲ့တယ်။ ၁၈၄၉ ...လမှာ မာ့က်စ်ကို "တိုင်းပြည်မဲ့" လူတစ်ယောက်အနေနဲ့ ပြည်နှင်ဒဏ်ပေးလိုက်ပါတယ်။ ...နဲ့ မာ့က်စ်ဟာ အမိတိုင်းပြည်မရှိတဲ့လူတစ်ယောက် ... "ကမ္ဘာသား" တစ်ယောက်အနေနဲ့ ...ဒန်မှာ စတင်ခိုလှုံနေထိုင်ရပါတော့တယ်။

လန်ဒန်မှာ မခိုလှုံခင်ကတည်းက မာ့က်စ်နဲ့ အိန်ဂယ်ဟာ "ကွန်မြူနစ် အဖွဲ့ချုပ်" ...ါတဲ့ လျှို့ဝှက်အဖွဲ့ထဲ ပါဝင်လှုပ်ရှားနေခဲ့တယ်။ ဒီအဖွဲ့က သူတို့ကို (အခုကျော်ကြားလျက် ...တဲ့) "ကွန်မြူနစ်ကြေညာစာတမ်း" ကို မူကြမ်းရေးသားဖို့ တာဝန်ပေးခဲ့ပါတယ်။

အစပိုင်းမှာတော့ ဒီစာအုပ်ကို သိပ်ဂရုစိုက် စိတ်ဝင်စားကြတာတော့ ...က်ပါဘူး။ နောက်ပိုင်းကျတော့ တဖြည်းဖြည်းနဲ့ ဒီစာအုပ်ကို တစ်ကမ္ဘာလုံးက ...ယ့်ကို အာရုံစိုက်လာရတယ်။ ကြေညာစာတမ်း ထုတ်ဝေခြင်းဟာ လူသားသမိုင်းရှိ ...ရေးကြီးအဖြစ်အပျက်များ စာရင်းထဲ ဝင်သွားပါတယ်။

# ကွန်မြူနစ်ကြေညာစာတမ်း

"တစ္ဆေကြီးတစ်ကောင်သည် ဥရောပတိုက်တွင် လှည့်လည်သွားလာနေ ပေသည်။ ဤတစ္ဆေကြီးကား ကွန်မြူနစ်ဝါဒပင်ဖြစ်၏။ ပုပ်ရဟန်းမင်းကြီးနှင့် ဇာဘုရင် မက်တာနစ်ချ်နှင့် ဂီးဇော့၊ ပြင်သစ်ရယ်ဒီကယ်များနှင့် ဂျာမန်ပုလိပ် သူလျှိုများဟူသော ဟောင်းနွမ်းသည့်ဥရောပတိုက်ရှိ အင်အားစုအားလုံးသည် ဤတစ္ဆေကြီးအား မောင်းထုတ်ပစ်ရေး အတွက် သူတော်စင်မဟာမိတ်ကို ဖွဲ့စည်းလိုက်ကြလေပြီ။

အာဏာရနေသော ဆန့်ကျင်ဘက်များက ကွန်မြူနစ်ဟု ရှုတ်ချခြင်းမခံရသော အတိုက်အခံပြုနေသည့်ပါတီဟူ၍ အဘယ်မှာရှိအံ့နည်း။ ပိုမိုရှေ့တန်းရောက်သော အတိုက်အခံပါတီများနှင့်တကွ ၎င်းတို့၏ဖောက်ပြန်သော ရန်ဘက်များကို ကွန်မြူနစ်ဝါဒပ ပြန်လည်တံဆိပ်ကပ်စွဲခြင်း မပြုသည့် အတိုက်အခံပါတီဟူ၍ အဘယ်မှာရှိအံ့နည်း။

(အဲဒီလို ကွန်မြူနစ်ကြေညာစာတမ်းက အစချီထားပါတယ်။ နောက်ပိုင်းမှ ဒီစာအုပ် အကြောင်း ထပ်ရေးပါမယ်။)

မာ့က်စ်ဟာ လန်ဒန်မှာ ကွယ်လွန်တဲ့အထိ နေထိုင်သွားခဲ့ပါတယ်။ အဲဒီမှာ ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရတာပါ။ (သူ့ရဲ့ ကလေးတွေထဲက သုံးယောက်ဟာဆိုရင် ကုသစရာ ဆေးမလုံလောက်လို့ သေဆုံးသွားခဲ့ပါတယ်။) အဲဒီလိုနေရင်း တော်လှန်ရေးစာအုပ်တွေ ဆက်ရေးခဲ့တယ်။ သတင်းစာတွေက လက်ခံတယ်ဆိုရင်လည်း ဆောင်းပါးတွေ ရေးပို့ခဲ့တယ် ဒီအထဲမှာ "နယူးယောက်နေ့စဉ် ထရီဗြူန်း" သတင်းစာလည်း ပါပါတယ်။

အိန်ဂယ်က သူ့အခက်အခဲတွေကို ကူညီဖြေရှင်းပေးခဲ့တယ်။ မကြာခဏ ဆိုသလို သူ့ကို ငွေကြေးထောက်ပံ့ခဲ့တယ်။ မာ့က်စ်ရဲ့ယောက္ခမအဖိုးကြီး ဆုံးသွားတဲ့အခါ ရလိုက်တဲ့ အမွေအနည်းအကျဉ်းဟာလည်း အကြွေးဆပ်တာနဲ့ ကုန်သွားပါတယ်။ မီးရထားရုံးတစ်ခုမှာ ရလုဆဲဆဲ အလုပ်တစ်ခုဟာလည်း သူ့ရဲ့ ဆိုးဆိုးဝါးဝါး ဖတ်ရခက်လှတဲ့ လက်ရေးကြောင့် သက်ဆိုင်ရာက တွေ့သွားလို့ မရလိုက်တော့ပါဘူး။





မာ့က်စ်ဟာ ဘယ်တုန်းဘယ်အခါကမှ ပုံမှန်ဝင်ငွေမရှိခဲ့၊ အမြဲပုံမှန်အသက်မွေး မှုလုပ်ငန်းမရှိခဲ့၊ ဘဏ်အပ်ငွေရယ်လို့ မရှိခဲ့ပါဘူး။ မာ့က်စ်ဟာ သူ့ရဲ့အိမ်ထောင်စု အကျိုးအတွက် မလုပ်နိုင်ခဲ့ပေမယ့် သူ့ရဲ့ရေးသားချက်တွေက သန်းပေါင်းများစွာသောလူတွေရဲ့ အကျိုးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကားလ်ရဲ့ အတွေးအခေါ်တွေကို လူတွေက အုတ်အော်သောင်းနင်း ကြိုဆိုခဲ့ကြတယ် လို့တော့ မထင်လိုက်ပါနဲ့။ ဒီလို မဟုတ်ပါဘူး။ ပြည်ပမှာ ခိုလှုံနေရတဲ့ ဂျာမန်အသိုင်းအဝိုင်း ကလေးနဲ့ ပညာတတ်အနည်းငယ်ကလွဲလို့ မာ့က်စ်အကြောင်း ဘယ်သူကမှ သိခဲ့ကြတာ မဟုတ်ပါဘူး။

မာ့က်စ်ရဲ့ ဘောဂဗေဒတရားတွေဟာ အလုပ်သမားလှုပ်ရှားမှုအတွင်း ငြင်းခုန်နေတာတွေ အပေါ် သို့မဟုတ် တခြားအတွေးအခေါ် ပညာရှင်တွေအပေါ် ချက်ချင်းတိုက်ရိုက် သက်ရောက်ခဲ့တာ မရှိပါဘူး။ ၁၈၈၃ ခုနှစ် သူကွယ်လွန်သွား ပြီးနောက်မှသာ ဒီဂယက်ရှိလာတာပါ။ တန်ဖိုးနဲ့ အစွန်းထွက်တန်ဖိုး၊ အရင်းစုပုံခြင်း၊ သွေးစုပ်ခြင်း၊ ဆင်းရဲမွဲတေကြရခြင်း၊ အကြပ်အတည်းကပ်ဆိုက်ခြင်းနဲ့ သိမ်းပိုက်အပိုင်စီးခြင်း၊ လူတန်းစားတိုက်ပွဲနဲ့ တော်လှန်ရေး ဆိုင်ရာ သူ့ရဲ့ သဘောတရားတွေဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါပေမဲ့ အဲဒီရာစုနှစ် ကုန်ရာစုအဆုံးမှာတော့ အဲဒီသဘောတရား တော်တော်များများကို အလုပ်သမား လှုပ်ရှားမှုတွေ အတွင်းမှာ အခြေအတင်ဆွေးနွေးလာကြပါတယ်။ တခြားနယ်ပယ်က သူ့သဘောတရားတွေကိုလည်း တဖြည်းဖြည်းနဲ့ လုံးဝမှန်ကန်တဲ့တရားတွေအဖြစ် လက်ခံလာခဲ့ကြပါတယ်။

သူရေးတဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေထဲက ပုံနှိပ်ဖြစ်ခဲ့တာဆိုရင် အလွန့်ကို နည်းပါတယ်။ ကားလ်မာ့က်စ်ရဲ့ ရေးသားဟန်ကလည်း သိပ်ရှင်းလင်းလွန်းလှတာမျိုး မဟုတ်လေတော့ ရှုပ်ပြီးစုံလင်နက်နဲတဲ့ သူ့ရဲ့အတွေးအခေါ်တွေကို ဆုပ်ကိုင်နိုင်သူက အနည်းငယ်လေးသာ ရှိပါတယ်။

တကယ်ကတော့ ရုရှားမှာ လီနင်တို့အောင်ပွဲရတဲ့ ၁၉၁၇ ခုနှစ်ကျမှသာ မာ့က်စ်ရဲ့ ကျမ်းတွေအကြောင်း ကမ္ဘာအနှံ့ သိလာကြပြီး . . .










ဆင်းဆင်းရဲရဲနေထိုင်ပြီး အလုပ်လုပ်ရတယ်ဆိုတာ မလွယ်လှပါဘူး။ အိမ်သား ခြောက်ယောက်ရှိတဲ့ မာ့က်စ်တို့မိသားစုဟာ လန်ဒန်မှာ အနှစ်သာရအရ ဗိုဗိုပြီး ပစ္စည်းမဲ့ လူတန်းစား ဆန်လာပါတယ်။ တစ်ခါတလေ မာ့က်စ်ဟာ သူ့အဝတ်တွေ အပေါင်ဆိုင်မှာ ရောက်နေလို့ အပြင်မထွက်နိုင်ခဲ့ပါဘူး။ သူ့မိသားစု နေထိုင်စားသောက်ရေးကလည်း ရှုံ့ရှုံ့တဲ့တဲ့နဲ့ပါပဲ။ စာရေးဖို့စာရွက်တောင် လောက်ငအောင် ရှိတာမဟုတ်ပါဘူး။ ဒိန်းလမ်းမှာ နေတဲ့ကာလ (၁၈၅၁) ခုနှစ်မှာ ဖရန်ဆက်ကာခေါ်တဲ့ သမီးလေးတစ်ယောက် မွေးဖွားခဲ့တာ အားါမလည်ခင် ဆုံးသွားခဲ့ပါတယ်။

ဂျင်နီမာ့က်စ်က မိတ်ဆွေတစ်ယောက်ဆီရေးတဲ့ စာထဲမှာ ခက်ခဲတဲ့ဘဝအကြောင်း တွေကို ဒီလိုရေးခဲ့ပါတယ်။ “ကျွန်မတို့ရဲ့ ကလေးသုံးယောက်ဟာ အိပ်ရာထဲမှာ လဲနေကြတယ်။ ကျွန်မတို့အားလုံးဟာ တစ်ဖက်ခန်းရှိ ပြာနှမ်းပြီး အသက်မဲ့နေတဲ့ အပြစ်ကင်းစင်သူ ကလေးအတွက် ငိုနေကြတယ်။ ဒီကလေး သေဆုံးတာဟာ ကျွန်မတို့ အဆင်းရဲ ကြပ်တည်းဆုံးအချိန်မှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ ဂျာမန်မိတ်ဆွေတွေကလည်း မကူညီနိုင်ကြရှာဘူး။ ဒါကြောင့် မနီးမဝေးမှာနေတဲ့ ပြင်သစ်နိုင်ငံက ကူးပြောင်းလာသူ တစ်ယောက်ဆီကို ပြေးပြီး ကိုယ့်ဒုက္ခကို ပြောပြ အသနားခံရတယ်။ သူဟာ မိတ်ဆွေကောင်း သစွာနဲ့ ငွေနှစ်ပေါင် ချက်ချင်းထုတ်ပေးပါတယ်။ ကျွန်မတို့ဟာ ဒီငွေနဲ့သမီးလေး ခေါင်းချဖို့ ခေါင်းတစ်လုံး ဝယ်လိုက်ပါတယ်။ သူ့ခမျာ လူ့လောကထဲကို ရောက်လာကတည်းက ပုခက်ဆိုတာ မတွေ့ဖူးရှာဘူး။ လူ့လောကကို စွန့်ခွာမယ်ဆိုတော့လည်း ခေါင်းချစရာနေရာ မရှာတာအကြာကြီးပါ” လို့ ရေးထားပါတယ်။

မာ့က်စ်ဟာ သူ့ဘဝရဲ့ နောက်ဆုံး ၂၅ နှစ်အတွင်းမှာ သူ့ရဲ့ အဓိကကျမ်းကြီး ဖြစ်တဲ့ “အရင်းကျမ်း” ကို ပြုစုခဲ့တာနဲ့ အချိန်ကုန်လွန်စေခဲ့တယ်။ ဒီကျမ်းကို အပြီး သတ်ဖြစ်ခဲ့ပါဘူး။ ရေးဖို့ရာထားတဲ့ အတွဲသုံးတွဲထဲက ပထမတစ်တွဲသာ သူ့အနေနဲ့ ပြည့်အစုံ ရေးသားခဲ့တာပါ။ ကျန်နှစ်တွဲကိုတော့ အိန်ဂယ်က မာ့က်စ်ရဲ့မှတ်စုတွေကိုကြည့်ပြီး စီအစဥ်တကျဖြစ်အောင်လုပ်ခဲ့၊ ပြီးဆုံးအောင် ရေးသားခဲ့ပါတယ်။ မာ့က်စ်ရဲ့ဘဝနောက် ဆုံးနှစ်များမှာ ဖျားနာခြင်း၊ ကိုယ်ခန္ဓာ အားနည်းခြင်းများ . . .




ဒီရောဂါတွေကြောင့် သူဟာ ၁၈၈၃ ခုနှစ်၊ မတ်လ ၁၄ ရက်မှာ သူ့ရဲ့ စာကြည့်စားပွဲဘေးမှာ ထိုင်လျက်သား ကွယ်လွန်ခဲ့ပါတယ်။ ဒီအချိန်မှာ သူ့အသက် ၆၅ နှစ် ရှိပါပြီ။

မာ့က်စ်ဟာ ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့ရှိ သတင်းစာတွေ အတွက်ရေးတဲ့ ရာပေါင်းများစွာသော ဆောင်းပါးများအပြင် အောက်ပါအဖိုးတန် ကျမ်းများကို ပြုစုခဲ့ပါတယ်။

၁၈၄၁ ခု – ဒီမိုကရစ်တပ်နဲ့ အဲပီကူရပ်တို့၏ သဘာဝလောကဆိုင်ရာ အဘိဓမ္မာ နှစ်ခုအကြား ကွာခြားချက်

၁၈၄၄ ခု – ဂျူးပြဿနာ

မှန်ကန်သော ဘောဂဗေဒဆိုင်ရာ ဟီးဂဲလ်အဘိဓမ္မာအား ဝေဖန်ချက်နှင့် အဘိဓမ္မာဆိုင်ရာ စာမူများ

၁၈၄၅ ခု – မြင့်မြတ်သော မိသားစု

၁၈၄၆ ခု – ဂျာမန်အတွေးအခေါ်

၁၈၄၇ ခု – အဘိဓမ္မာချို့တဲ့ခြင်း

၁၈၄၈ ခု – ကွန်မြူနစ်ကြေညာစာတမ်း





၁၈၅၀ ခု – ပြင်သစ်ပြည် လူတန်းစားတိုက်ပွဲ

၁၈၅၂ ခု – လူဝီဘိုနာပတ်၏ ဘရူးမေးလ ၁၈ ရက်နေ့

၁၈၅၃ ခု – ကွန်မြူနစ်များကို တရားစီရင်သည့် ကိုလုံးမှတရားခွင်ကို ဖွင့်ချခြင်း

၁၈၅၉ ခု – နိုင်ငံရေးဘောဂဗေဒ ဝေဖန်ချက်အတွက် ဆောင်းပါး

၁၈၆၅ ခု – လုပ်ခ၊ ဈေးနှုန်း၊ အမြတ်

၁၈၇၁ ခု – ပြင်သစ်ပြည် ပြည်တွင်းစစ်

၁၈၆၇ ခု

၁၈၈၅ ခု အရင်းကျမ်း အတွဲ ၁၊ ၂၊ ၃

၁၈၉၄ ခု

မာ့က်စ်ရဲ့ ကျမ်းတွေကို အလုပ်သမားလူတန်းစားရဲ့ သမ္မာကျမ်းစာအဖြစ် သဘောထား ...ပါတယ်။ ဒါပေမဲ့ ခွတီးခွကျဖြစ်တာကတော့ သူရေးခဲ့တာတွေကို နားလည်တဲ့ အလုပ်သမား ...ရအတွက်က အတော်ကို နည်းပါးတဲ့အချက်ပါ။ သူရေးတဲ့စာတွေ အများက နားလည်ရ ...လွန်ခက်ပါတယ်။ သင်္ချာခက်သလို ခက်ပါတယ်။ ဒါပေမဲ့ ကမ္ဘာကြီးကို တကယ်ပဲ ...ပြောင်းလဲစေခဲ့တယ်။




လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကာလအတွင်း ပေါ်ခဲ့တဲ့ လူမှုအရေးတော်ပုံ မှန်သမျှဟာ မာ့က်စ်ရဲ့ ဩဇာ သက်ရောက်ခဲ့ပါတယ်။ (ကျူးဘား၊ ချီးပရပ်၊ ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယား၊ အင်ဒိုနီးရှား၊ ပိုလန်၊ တိဘားဘိုလစ်ဗီးယား၊ ဂွာတီမာလာ၊ ကွန်ဂို၊ အယ်လ်ဗေးနီးယား၊ ဂရိ၊ အင်ဂိုလာ၊ အရှေ့ဂျာမဏီစတဲ့ စတဲ့ နိုင်ငံတွေက လူမှုလှုပ်ရှားမှုတွေ ပါဝင်တယ်။)

လူ့အသိပညာနယ်ပယ် အားလုံးထဲမှာလည်း သူ့ဩဇာသက်မှုကို တွေ့နိုင်ပါတယ်။ မာ့က်စ်ရဲ့စာတွေကို သဘောကျပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆင့်ပွားလုပ်ဆောင်ကြတဲ့ နာမည်ကြီးပုဂ္ဂိုလ်တွေထဲက အချို့ကို အောက်မှာဖော်ပြလိုက်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ လုပ်ဆောင်မှုတွေကလည်း သန်းပေါင်းများစွာသော ပြည်သူလူထုကြီးအပေါ် ဩဇာ လွှမ်းခဲ့ပါတယ်။




## မာ့က်စ်ဝါဒဆိုတာ



မာ့က်စ်ရဲ့ လူပုဂ္ဂိုလ်ရေးရ
ရာဇဝင် အတိုချုပ် လေ့လာပြီး
နောက်မှာ မာ့က်စ်ဝါဒဆိုတ
ဘာလဲ ဆိုတာရယ်။ နောက်
ကြိုက်ကြိုက် မကြိုက်ကြို
ကားလ်မာ့က်စ်ဟာ တကယ်
လူသားတွေအတွက် ဒီလောက်များမျ
ဘယ်လို အကျိုးပြုနိုင်ခဲ့သလဲဆိုတ





က်လေ့လာကြရအောင်။ ဒီလိုလေ့လာဖို့ အချိန်ကာလ နောက်ကြောင်းပြန်ကြပြီး မာ့က်စ်ဝါဒရဲ့ ရင်းအမြစ်ကို ရှာကြည့်ဖို့ လိုပါလိမ့်မယ်။

ပြီးခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ လူသားတွေဟာ ဘာတွေစဉ်းစားနေခဲ့ကြပါသလဲ။

လူတွေကသာ ထုတ်မပြောရင် သူတို့စဉ်းစားတာတွေကို ခန့်မှန်းဖို့ရာ မဖြစ်နိုင်ပါဘူး။ ပြာခဲ့တာကို ချရေးဖို့ နည်းနာတွေမရှိခဲ့ရင် ပိုမဖြစ်နိုင်ပါဘူး။



ပထမဆုံး လူသားတွေ
ဘာများစဉ်းစားခဲ့သလဲ

အစပိုင်းမှာ မသိနားမလည်တာ၊ ကြောက်တာတွေက လွှမ်းခြုံခဲ့ပါတယ်။ ရှေးဦးလူတွေဟာ အရာဝတ္ထုတွေရဲ့ အဓိပ္ပာယ်ကို မသိကြတဲ့အတွက် လှုပ်ရှားတဲ့ အရာမှန်သမျှကို ကြောက်လန့်ကြပါတယ်။ နောက်ပြီး သူတို့ပထမဆုံး စဉ်းစားမိတာက သဘာဝထက် လွန်ကဲတာတွေအကြောင်း ဖြစ်ပါတယ်။ မိုးချုန်းသံကို ဘယ်သူက လုပ်တာလဲ။ ကမ္ဘာကြီးကို ဘယ်သူက လှုပ်တာလဲ။ မိုးကို ဘယ်သူက ရွာချပေးတာလဲ။ စတာတွေ တွေးကြတာပါ။



ဒါကြောင့် သဘာဝအဖြစ်အပျက်တွေကို ရှင်းလင်းပြဆိုဖို့ နည်းလမ်းတစ်ခု အနေနဲ့ လူသားတွေဟာ နတ်ဘုရားတွေကို ဖန်တီးခဲ့တယ်။ မိုးနတ်သား၊ မီးနတ်သား၊ မြေနတ်သား၊ နေနတ်သား၊ မျိုးပွားနတ်သမီး၊ အမဲလိုက်နတ်သား . . . စတာတွေ ဖြစ်တယ်။




အဲဒီစဉ်းစားနည်းထဲက တစ်ခါထပ်ပြီး မှော်ဆရာ၊ စုန်း၊ ကဝေတွေရယ်လို့ ပေါ်လာပြန်တယ်။ သူတို့ဟာ သူတို့ကိုယ်ကျိုးအတွက် "နတ်ဘုရားအယူအဆ" တွေကို အမြတ်ထုတ် အသုံးချကြသူတွေ ဖြစ်တယ်။ အောက်တန်းကျတဲ့ အလိမ်အကောက်မျိုးစုံသုံးပြီးတော့ သူတို့ကိုယ်သူတို့ တန်ခိုးရှိတဲ့ နတ်တွေရဲ့ အထူးကိုယ်စားလှယ်တွေလို့ ညာကြတယ်။

အဲဒီလိုနဲ့ "အထက်လွှာ" လူတန်းစား သို့မဟုတ် အုပ်စိုးသူလူတန်းစားရယ်နဲ့ အောက်လွှာ သို့မဟုတ် အုပ်စိုးခံလူတန်းစားရယ်လို့ တဖြည်းဖြည်း ပေါ်လာတယ်၊ သွေးစုတ်ခံရသူတွေနဲ့ အလုပ်မလုပ်ဘဲ သူများကို ညာစားသူတွေရယ်လို့ ပေါ်လာတယ်။

အထက်ပါအတိုင်း ရှိနေကြတဲ့ ကြားထဲကပဲ တချို့ကတော့ သူတို့ရဲ့ ဦးနှောက်လှုပ်ရှားပြီး သဘာဝအချင်းအရာတွေကို ကျိုးကြောင်းဆီလျော်တဲ့ ရှင်းပြနည်းတွေ ကြံဆကြပါတယ်။

အဘိဓမ္မာပညာဆိုတာ ဘာသာရေး ယုံကြည်ချက်တွေကို ဝေဖန်ချက်အဖြစ်နဲ့ စတင်ခဲ့တာပါ။ သဘာဝလောကထဲရှိ အရာဝတ္ထုတွေအတွက် ကျိုးကြောင်းဆီလျော်တဲ့





ကြောင်းအရင်းတွေကို ရှာဖွေရင်းနဲ့ လူသားတွေဟာ အဘိဓမ္မာဆိုတဲ့ သိပ္ပံပညာကို ဖော်ထုတ်ခဲ့ကြတယ်။ ဘာသာရေးနဲ့ သိပ္ပံပညာရယ်လို့ ဒီနေ့ထိတိုင်ရှိနေတဲ့ ဆန့်ကျင်ဘက် အမြင်နှစ်ခု ပေါ်ထွက်လာခဲ့ပါတယ်။




ကျွန်တော်တို့ကြားဖူးသမျှ ပထမဆုံးသော အဘိဓမ္မာပညာရှင်တွေထဲက တစ်ယောက် ဖြစ်တဲ့ . . .




. . . လို့ ဆိုခဲ့တယ်။ သူ့အတွေးအခေါ် တွေက ပျံ့သွားတယ်။

အုပ်စိုးသူ လူတန်းစားကတော့ နတ်တွေကို သရော်တာ၊ သံသယရှိတာ ကို သည်းခံခွင့်လွှတ်တာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ "အထွတ်အမြတ်ဖြစ်ပြီ တရားဝင်ဖြစ်စေတဲ့" သူတို့ရဲ့ အာဏာပိုင်ဆိုင်ခွင့်ကို နတ်ဘုရား အယူအဆ ပံ့ပိုးပေးထားလို့ပါပဲ။ ဘာပဲဖြစ်ဖြစ် လူတော်တော်များများကတော့ ဇင်နိုဖိန်းရဲ့ အယူအဆတွေ ထောက်ခံကြပါတယ်။

အုပ်စိုးသူလူတန်းစားဟာ အချိန်ကြာလာတာနဲ့အမျှ အကျိုးအမြတ် ရလာတာကလည် ကြီးလာတာနဲ့အမျှ သူတို့ရဲ့ဘာသာရေးကို ပြည့်စုံသထက် ပြည့်စုံအောင် လုပ်လာတ နတ်တွေလည်း အများကြီးထပ်ဖြည့်တယ်။ အခမ်းအနားတွေလည်း အများကြီးထပ်ဖြည့်တ ဘာသာရေးဝိနည်းတွေ၊ အခမ်းအနားတွေလည်း တိုးဖြည့်တယ်။ နတ်သားတွေ၊ နတ်သမီးတွေ ကိုးကွယ်ပူဇော်ပသရတဲ့ နတ်ဘုရားကျောင်းတွေလည်း ဆောက်ကြတယ်။ ပူဇော်ပ တယ်ဆိုတာ အများအားဖြင့်တော့ "နတ်ဘုရားတွေက သဘောကျလာအောင်" ငွေ သို့မဟုတ် အခြားပစ္စည်းတွေကို "လှူဒါန်း" ကြရတာကို ဆိုလိုတာပါပဲ။







တချိန်တည်းမှာ "နတ်မျိုးနွယ် ဇာတ်" အလွှာဆိုတာလည်း ကွဲပြား ပေါ်ပေါက်လာတယ်။ ...ပိုးမော်ဆရာတွေက ဘုန်းကြီးတွေအဖြစ် အဆင့်မြင့်လာတယ်။ သူတို့ဩဇာအာဏာက ...လောက်ကြီးလာသလဲဆိုရင် သူတို့ဟာ ဘုရင်တွေ ဖာရိုးတွေနဲ့အတူ "နတ်ပြဟ္မာတွေရဲ့ ...ုံအရ" ဆိုပြီး သစ္စာတော်ရှိ ကျေးကျွန်တွေ အများကြီးပိုင်ဆိုင်ထားတဲ့အထိ ဖြစ်လာတယ်။ ...က်ပိုင်း ဘယ်လောက်လွန်လာသလဲဆိုတော့ ဘုရင်တွေကလည်း နတ်ဘုရားတွေကို ...ကွယ်ခံချင်လာကြတယ်။ နိုင်ငံတော်အစိုးရက ဘယ်နတ်ကို ကိုးကွယ်နိုင်တယ်။ ...နတ်ကိုတော့ မကိုးကွယ်ရဘူးလို့ အမိန့်ချပေးတယ်။

ဘာသာရေးကိုယ်၌ကတောင် သူ့ရဲ့တည်ရှိမှုတရားဝင်ဖြစ်ဖို့ ယုတ္တိတန်စေဖို့အတွက် ...ညာရပ်လိုမျိုးကို တီထွင်လာရတယ်။ (ဥပမာ– နတ်ဘုရား အဘိဓမ္မာပညာရပ်)။

ဘာသာရေးက ပထမ ...ုံး တည်ထွင်လိုက်တာ ...ကော့ "တမလွန်" ကို ...ကြည်ချက်ပါပဲ။ ခု ဘဝအပြီး ...က်ဘဝကို ဆိုလိုတာပါ။ ...ို အီဂျစ် လူမျိုးတွေက ...ဂ်ခဲ့တာပါ။



အီဂျစ်တွေအကြောင်းပြတာ ရိုးရိုးလေးပါ။ လူတွေကို သေမင်းကြီး အိုစီရစ် (Osiris) က ဖန်တီးလိုက်တာတဲ့။ ဒါကြောင့် ဒီကမ္ဘာကြီးပေါ်နေသရွေ့ သူ့အလိုဆန္ဒကို ...ရမယ်တဲ့။ ကျေးကျွန်တွေကလည်း ကျေးကျွန်ဘဝကို အောင့်အီးသည်းခံနေကြရမယ်တဲ့။ ...ို့မျှော်လင့်ချက်ထားရမှာကတော့ ပြုမူနေထိုင်တာကောင်းရင် (နောင်ဘဝ) မှာ ...ကောင်းတဲ့ဘဝ ရောက်မှာပါတဲ့။ ကျေးကျွန်ဖြစ်တော့မှာ မဟုတ်ဘူးတဲ့။ ထာဝရပျော်ရွှင်မှုပဲ ...မှာပါတဲ့။

တကယ့်ကို အကျွမ်းတဝင်ရှိလှတဲ့ နှစ်လိုဖွယ်တွေပဲ မဟုတ်ပါလား။

ဒါပေမဲ့ ကမ္ဘာပေါ်မှာ မျက်ကန်းယုံကြည်တာကို ဆန့်ကျင်တဲ့လူ (ဘယ်လောက်ပဲ ...နည်း) လုံးဝမရှိတာတော့ မဟုတ်ပါဘူး။ ရှိကြပါတယ်။ ဒီလူတွေဟာ သိပ္ပံနည်းကို ... ကိုယ်ပိုင်ဦးနှောက်နဲ့ သုံးသပ်ကောက်ချက်ချတာကိုပဲ ပိုလိုလားကြပါတယ်။



ဥပမာ – သသယ်လိစ် (Thales) လို လူမျိုးပေါ့။

သူ့ကို အဘိဓမ္မာပညာရဲ့ ဖခင်လို့ သဘောထားကြ ပါတယ်။ သူဟာ ခရစ်တော် မပေါ်မီ နှစ် ၄၀၀ လောက်က ပညာရှင်ဖြစ်ပါတယ်။ သူဟာ နက္ခတ္တဗေဒ နဲ့ သဘာဝကြီးကို သိပ္ပံနည်းကျ စူးစမ်းလေ့လာရေးမှာ ဘဝကို မြှုပ်နှံခဲ့သူပါ။




နောက်ကျော်ကြားတဲ့ ပညာရှင်ကတော့ သင်္ချာဗေဒရဲ့ ဖခင်ကြီး ပိုက်သဂိုးရပ်စ် (Pythagoras) ပဲ ဖြစ်ပါတယ်။ သူက ဒီလိုနိဂုံးချုပ်ထားပါတယ်။ အရာအားလုံးရဲ့ မူလဇာစ်မြစ်ဟာ "ကိန်းဂဏန်း" ဖြစ်တယ်။ ဒါကြောင့် အသက်ဘဝ ဆိုတာ . . .




. . . တဲ့။

(ပိုက်သဂိုးရပ်စ်ဟာ အထူးဂိုဏ်းတစ်ခု ထောင်ထားပါတယ်။ ဒီဂိုဏ်းထဲပါသူဟာ ပဲမစားရဘူးလို့ သတ်မှတ်ထားပါတယ်တဲ့)။ ကမ္ဘာကြီးဟာ စကြဝဠာရဲ့ အလယ်ဗဟိုမှာ ရှိတာမဟုတ်ဘူးဆိုတဲ့ အယူအဆကို ပိုက်သဂိုးရပ်စ်နဲ့ သူ့နောက်လိုက်တွေက ပထမဆုံးပြောခဲ့တာပါ။








ဒါကြောင့်လည်းပဲ သူတို့ဟာ မလိုမုန်းထားခြင်း ခံကြရပါတယ်။ ပိုက်သဂိုးရပ်စ်ဝါဒီ အစုအဖွဲ့ဟာ ဘာသာရေးအရူးအမူးဖြစ်သူတွေရဲ့ နှိပ်စက်မှုကြောင့် အကွဲကွဲအပြားပြား ဖြစ်ကုန်ပါတယ်။

နောက်တစ်ယောက်ကတော့ ဟယ်ရာကလစ်တပ် (Heraclitus) ပါတယ်။ သူ့ကို အနုပဋိလောမရဲ့ဖခင်လို့ ခေါ်လေ့ရှိပါတယ်။ အနုပဋိလောမဆိုတာက ...မှဆွေးနွေးတဲ့ အတတ်ပညာဖြစ်ပါတယ်။ ဟယ်ရာကလစ်တပ်ဟာ နတ်ဘုရားမယုံတဲ့ ...အခေါ်ရှင်တစ်ဦး ဖြစ်တယ်။ သူက ဘာမဆို တကယ်ရှိတယ်။ တစ်ချိန်တည်းမှာ ...ယ်မရှိဘူးလို့ သင်ကြားလေ့ရှိတယ်။ အရာရာ ရွေ့လျားနေတယ်။ အဆက်မပြတ် ...င်းလဲနေတယ်။ ဖြစ်ပေါ်နေ၊ ကွယ်ပျောက်နေတယ်လို့လည်း သင်ကြားလေ့ရှိပါတယ်။



အများအားဖြင့် ဉာဏ်ကွန့်မြူးတဲ့ ပုဂ္ဂိုလ်တွေဟာ ညှင်းပန်းနှိပ်စက်တာ ခံကြရပြီး ဆိုးဝါးစွာ အဆုံးသတ်ခံကြရတယ်။ ဘုရားမဲ့သဘောတရားသစ်ကို စမ်းသပ်ဖို့ သိပ္ပံပညာက အများကြီးနောက်ကျကျန်နေပြီး အချိန်အခါမရောက်ဘဲ ဖြစ်နေတယ်။

ကဲ . . . အခု . . . စစ္စလီကျွန်းဘက် သွားကြည့်ကြစို့။

**အင်ပီဒိုခလိစ်** (Empedocles) ဆိုတဲ့ အတွေးအခေါ် ပညာရှင်က လူသားတွေဟာ ဟိုးတစ်ချိန်တုန်းက နတ်မျိုးနွယ်တွေဖြစ်ကြောင်း၊ ဒါပေမဲ့ သူတို့ဟာ ကောက်ကျစ်ပြီး အကျင့်မကောင်းတာတွေကြောင့် မြေကြီးပေါ် ပစ်ချခံခဲ့ရကြောင်း ပြောလေ့ရှိပါတယ်။ သူ စဉ်းစားပုံတစ်ခုက အရာရာတိုင်းဟာ မီး၊ လေ၊ မြေနဲ့ ရေဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာ ဖြစ်တယ်ဆိုတာပဲ။ အလယ်ခေတ်ထိ ဒီသဘောတရားဟာ တည်တံ့ခဲ့ပါတယ်။




ဒီဓာတ်ကြီးလေးပါးကို အားနှစ်မျိုးက လွှမ်းမိုးထားတယ်လို့ သူက ဆိုပါတယ်။ ဆွဲအားနဲ့ တွန်းအား၊ ချစ်ခြင်းနဲ့ မုန်းခြင်းလို အားများကို ပြောတာပါ။ စကြဝဠာ အတွင်းက အရာဝတ္ထု အားလုံးဟာ ဖြစ်ခြင်း၊ ပျက်ခြင်းဆိုတဲ့ စည်းဝါးအရ ပြောင်းလဲနေတယ်လို့ ဒီသဘောတရားက ရှင်းလင်းထားပါတယ်။








ကိုယ့် အယူအဆအတွက် အသေခံသွားသူ နောက်တစ်ယောက်ကတော့ **အင်နာဆာဂိုးရပ်** (Anaxagoras) ဖြစ်ပါတယ်။ ဒါပေမဲ့ သူက အမှန်ကလွဲပြီး ဘာမှ ...ခဲ့ပါဘူး။ "နေဟာ မီးနဲ့ကျောက်တုံးနဲ့ပြီးတဲ့ အစိုင်အခဲကြီးပဲ" (မသိနားမလည်သူ ...င်လူမျိုးတွေ ယုံသလို နတ်သားတစ်ပါး မဟုတ်ဘူး) လို့ သူက ယုံပါတယ်။

အဆိုးဆုံးခံရသူကတော့ ဆိုကရေတီး (Socrates) ပါပဲ။

### ဆိုကရေတီး

ဟာသဉာဏ်ရှင်တဲ့ ဒီအဖိုးကြီးဟာ ဘာမဆို ...က်လုံးလုပ်ပစ်တတ်တယ်။ အဘိဓမ္မာဆရာတွေ၊ ...ိုးရတွေနဲ့ ဘာသာရေးကိုရော၊ သူ့ကိုယ်သူပါ ...ာသ လုပ်ပစ်တတ်တယ်။ နတ်တွေကိုလည်း ...က်လုံးလုပ်တတ်တယ်။ သူ့ရုပ်ရည်က နည်းနည်းမှ ...ည့်မကောင်းဘူး။ အရုပ်ပုတယ်။ ဝတယ်။ ...ပ်ပြောင်တယ်။ ပါးရေတွန့်တယ်။ တကယ့်ကို ...ပ်မယပ်နိုင်တယ်လို့ ပြောပြောနေကြတာ ...မှန်ပါပဲ။



သူ့ရဲ့ မူပိုင်ဖန်တီးမှုအဖြစ်ဆုံး တွေ့ရှိချက်တွေထဲမှာ တစ်ခုကတော့ ဘာသာရေးနဲ့ ...ကျင့်တရားဟာ တစ်ထပ်တည်းမဟုတ်ဘူးဆိုတဲ့ အယူအဆ ပါ။ ဘယ်လို ...ထပ်တည်းမဖြစ်သလဲဆိုတော့ "လူသားတွေဟာ နတ်ဘုရားတွေ မယုံကြည်ဘဲနဲ့လည်း ...ကောင်းဖြစ်နိုင်ပါတယ်"။ "ဆိုးတဲ့သူဆိုတာ ဘယ်သူမှ အသိရှိရှိနဲ့ ဆိုးနေတာမဟုတ်ဘူး။ ...နားမလည်မှုကြောင့်သာ ဆိုးနေကြတာ"။ ကိုယ့်ရှေ့မှောက်ရောက်လာတာ မှန်သမျှကို ...ရှိလာတတ်မှသာ လူဘဝစတယ်လို့ ပြောရမယ်"။ "သင့်ကိုယ်သင်သိပါ"။ "သံသယ ... အမှန်တရားရဲ့ မိခင်ဖြစ်တယ်" . . . စတာတွေ ဖြစ်ပါတယ်။

နောက်ဆုံးမှာတော့ ဆိုကရေတီးဟာ လူငယ်တွေကို ဖျက်ဆီးသူ၊ လူမှုအဖွဲ့အစည်းတွေကို တိုက်ခိုက်သူ၊ နတ်ဘုရား မယုံသူ၊ ဒိဋ္ဌိ၊ စာရိတ္တမကောင်းသူ စတာ . . . စတာတွေနဲ့ စွပ်စွဲခံရပါတော့တယ်။ တကယ်ပဲ ဒါတွေအတွက် သူသေဒဏ်အပေးခံရတာပဲ။ ဒါကို ဆိုကရေတီးကလည်း လက်ခံလိုက်ပြီး ခွက်အကြီးကြီးထဲမှာ အဆိပ်ရည်တွေထည့်ပြီး သောက်လိုက်ပါတယ်။ ဒါပေမဲ့ တကျိုက်စီ သောက်နေရင်းပဲ မသေခင် သူ့တပည့်တွေနဲ့ တည်တည်ငြိမ်ငြိမ် ဆက်စကားပြောနေခဲ့ပါသေးတယ်။

ဆိုကရေတီးဟာ သေသွားပါပြီ။ ဆိုကရေတီး အဓွန့်ရှည်ပါစေ။

ဂရိအဘိဓမ္မာပညာဟာ ပလေတိုး၊ ဒီမိုကရစ်တက်နဲ့ အရစ်စ်တိုတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးသုံးဦးနဲ့ အဆုံးသပ်သွားပါတယ်။

**ပလေတိုး** က သူ့အတွေးအခေါ်တွေကို အပြန်အလှန်စကားပြောဟန်နဲ့ တင်ပြလေ့ရှိပါတယ်။ ဒီနည်းနဲ့ သူဟာ အဘိဓမ္မာရဲ့အခြေခံအကျဆုံး ပြဿနာကြီး သုံးရပ်ကို တင်ပြခဲ့ပါတယ်။




. . . ဆိုတဲ့ ပြဿနာကြီးတွေပါပဲ။





ဒီမေးခွန်းကြီးတွေအတွက် ပလေတိုးပေးခဲ့တဲ့အဖြေတွေဟာ "ပကတိဘာဝ ဗိတ်ဝါဒ" (Objective idealism) လို့ခေါ်တဲ့ အဘိဓမ္မာတွေးခေါ်နည်းစနစ်အတွက် အခြေခံတွေဖြစ်လာပါတယ်။ ဒီတွေးခေါ်နည်းအရဆိုရင် အရာဝတ္ထုအားလုံးဟာ စဉ်းစားတွေးခေါ်မှုတွေရဲ့ အရိပ်တွေမျှသာ ဖြစ်တယ်။ အတွေးအခေါ် တွေကသာ အစဉ်ထာဝရ တည်ရှိတာဖြစ်ပြီး အရာဝတ္ထုတွေကတော့ ယာယီတည်ရှိနေတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဥပမာ . . .




. . . ဆိုတဲ့ သဘောကို ဆိုလိုတာပါ။

အရာဝတ္ထုတွေကို အစစ်အမှန်တွေ့ရှိတာဟာ အာရုံခံစားမှုကြောင့်လည်းမဟုတ်၊ မြင်တုံတရားကြောင့်လည်း မဟုတ်ဘူးလို့ ပလေတိုက ပြောပါတယ်။ ဒါမှမဟုတ် ကို တစ်နည်းပြောရရင် လူတွေ အမှန်တရားကိုသိတာ သိပ္ပံပညာကြောင့် ဟုတ်ဘူး။ သဘာဝလောကကြီးရဲ့ ပြင်ပက ရောက်လာတဲ့ "ဉာဏ်တရား" ကြောင့်သာ လာကြတာဖြစ်တယ်။ လူသားဟာ အစွမ်း နဲ့ သူ့ဘာသာ အမှန်တရားကို နိုင်ဘူး။ ဘုရားသခင်က လူသားတွေကို ထားတဲ့ အရာဝတ္ထုများနဲ့ ပတ်သက်တဲ့ ပညာကြောင့်သာ သိနိုင်ကြတယ်လို့ ပါတယ်။



လက်တွေ့အစစ်အမှန်တွေအပေါ် ပလေတိုးအမိပ္ပာယ်ဖွင့်ပုံကို အုပ်စိုးသူတွေ သဘောကျမှာ သေချာလှပါတယ်။ ဥပမာ – နိမ့်ကျသူတွေဟာ မိမိတို့ထက် ပိုချမ်းသာသူ၊ မြင့်မြတ်သူတွေကို အလုပ်အကျွေးပြုကြရမယ်။ ဆင်းရဲသားတွေဟာ ကိုယ့်ကံကြမ္မာအတွက် ပူနေဖို့မလိုဘူး။ ဘာလို့လဲဆိုတော့ နောင်ဘဝမှာ ပျော်ရွှင်ချမ်းမြေ့ကြမှာ ဖြစ်လို့ပဲ၊ အခုဘဝဟာတော့ တကယ့်ဘဝအစစ်မဟုတ်ဘူး။ စိတ်ကူးဘဝမျှသာ ဖြစ်တယ်ဆိုတာတွေပဲ။

အများသိကြတဲ့အတိုင်းပဲ နောက်ပိုင်းမှာ ပလေတိုးရဲ့ တွေးခေါ်နည်းတွေကို နာမ်တရားရဲ့ "ထာဝရတည်ရှိမှု" နဲ့ ရုပ်တရား (ဒြပ်ဝတ္ထု) ရဲ့ ဖောက်လွဲဖောက်ပြန်ဖြစ်တတ်မှု သဘောတရားတို့ကို ထောက်ကူပေးရာမှာ သုံးကြပါတယ်။

ဒီမိုကရစ်တပ် (Democritus) ကျတော့ "ရုပ်ဝါဒီ" အတွေးအခေါ်တွေကို ကိုင်စွဲမှုကြောင့် ရန်လိုမုန်းထားဆန့်ကျင်တာ ခံခဲ့ရပါတယ်။




. . . လို့ ဆိုပါတယ်။








[illegible]ဂရိအဘိဓမ္မာခေတ်ဟာ **အရစ်စ်တိုတယ်**နဲ့ ပြီးဆုံးခဲ့ပါတယ်။ အရစ်တိုတယ်ဟာ [illegible]ယ့်ကို သူမတူတဲ့ ပညာရှိကြီးပါ။ အလက်ဇန္ဒားဘုရင်ရဲ့ အချစ်တော်လည်း ဖြစ်ပါတယ်။ လူသားတွေရဲ့ အသိပညာ [illegible]အားလုံးကို ကျွမ်းကျင်သူ [illegible]ရှင် ဖြစ်ပါတယ်။ (ရူပဗေဒ၊ [illegible]ဗေဒ၊ စာရိတ္တဗေဒ၊ နိုင်ငံရေးပညာ၊ [illegible]ပညာ၊ ဇီဝဗေဒ၊ သတ္တဗေဒ [illegible]တွေနဲ့ ပတ်သက်တဲ့ ပညာ [illegible] ရေးသားခဲ့တယ်)။ မှတ်သား[illegible]ရာကောင်းတဲ့ ဆရာ [illegible]လည်းဖြစ်၊ မမော [illegible] ပူးစမ်းတဲ့ သိပ္ပံပညာရှင်လည်း ဖြစ်တယ်။ ၁၈ ရာစုနှစ်မှာ [illegible]ရယ်လို့ ပေါ်ပေါက်လာတဲ့ [illegible] သူ့အတွေးအခေါ်ဟာ [illegible]ကာမှာ လွှမ်းမိုးခဲ့တယ်။



အရစ်တိုတယ်ရဲ့ စိတ်ဝင်စားဖွယ် အကောင်းဆုံး တွေ့ရှိချက်တွေထဲက တစ်ခု ကတော့ လူမှုပဋိပက္ခတွေဟာ စီးပွားရေး လူမှုရေးအချက်အလက်ချင်း မညီမျှမှုက ပေါက်ဖွားလာတာ ဖြစ်တယ်ဆိုတာပါပဲ။






ဘယ်သူက အာဏာပိုင်ထားသလဲဆိုတဲ့ အချက်အပေါ် မူတည်တယ်လို့ သူက စဉ်းစားပါတယ်။ အာဏာက လူချမ်းသာတွေလက်ထဲမှာဆိုရင် အဲဒါ လူနည်းစုအုပ်ချုပ်ရေး ခေါ်တယ်။ ပြည်သူတွေရဲ့ လက်ထဲမှာ အာဏာရထားရင်တော့ ဒီမိုကရေစီစနစ်လို့ ခေါ်တယ်။ ဒီမိုကရေစီ အမျိုးအစားကလည်း များပြားတယ်။ ဘယ်သူက လွှမ်းမိုးထားသလဲအပေါ်မှာ မူတည်ပြန်တယ်။ လယ်သမားတွေက လွှမ်းမိုးသလား။ လက်မှုပညာရှင်တွေကလား . . . စတာ စတာတွေ ဖြစ်တယ်လို့ စဉ်းစားပါတယ်။

ဒါကြောင့် "အရစ်စ်တိုတယ်ရဲ့ အတွေးအခေါ်အားလုံး" ဟာ စီးပွားရေးတည်ရှိမှု လူမှုရေးမညီမျှမှုတွေ ဖြစ်တာဖြစ်ကြောင်း သမိုင်းမှာ ပထမဆုံး အသိအမှတ်ပြုခဲ့တာ ဖြစ်တယ်။ ဒါပေမဲ့ ကျေးကျွန်စနစ်ဟာ လူ့အဖွဲ့အစည်းအတွက် "မရှိမဖြစ်လိုအပ်" ခဲ့တဲ့ ဒီစနစ်ကို အရစ်စ်တိုတယ်က ထောက်ခံခဲ့တယ်ဆိုတာလည်း အမှန်ပါပဲ။





အရစ်စ်တိုတယ်ဟာ ပလေတိုရဲ့ အတွေးအခေါ်ကို ရယ်စရာတွေလို့ မြင်ပါတယ်။ ...ရားကိုသိဖို့ တစ်ခုတည်းသော ရေသောက်မြစ်ကတော့ "ခံစားနိုင်တဲ့ အာရုံတွေ" ...တယ်လို့ သူ သဘောထားတယ်။




လူ့အကျင့်သီလနဲ့ ပတ်သက်လို့ သူသင်ကြားတာကတော့ ...ရဲ့ ရည်ရွယ်ချက်ဟာ ပျော်ရွှင်မှုရရေးပါပဲတဲ့။ ဒီတော့ ငွေ ...ကြ် အာဏာ သို့မဟုတ် ဂုဏ်ပိုင်ဆိုင်ခွင့်ရကြသူတွေဟာ ...ရွှင်မှုရဖို့ သေချာတယ်လို့ သူက ဝန်ခံလိုက်တာပါပဲ။

လူငယ်ဘဝက ကားလ်မာ့က်စ်အနေနဲ့ အဘိဓမ္မာ ...ရာ လေ့လာမှုတွေ လုပ်ရာမှာ ပထမဦးဆုံး ...ခဲ့တာကတော့ အထက်က ပြောခဲ့တဲ့ ဂရိအတွေး ...ပညာရှင် "ပဂေးကြီး" များ အကြောင်းပါပဲ။ ...ပေါက်တာဘွဲ့ (ပီအိပ်ချ်ဒီ) အတွက် အဲဒီ အကြောင်း ...မ်းတင်ခဲ့ပါတယ်။ ခေါင်းစဉ်ကတော့ "ဒီမိုကရစ်တပ်နဲ့ ...ပီကူးရပ်တို့ရဲ့ သဘာဝအဘိဓမ္မာ နှစ်မျိုးအကြား ...ားချက်" ဖြစ်ပါတယ်။




အလယ်ခေတ်ကာလမှာ မှားယွင်းပြီး ခေတ်နောက်ကျနေတဲ့ ခရစ်ယာန် သာသနာ ...ပေါက်လာတဲ့အခါ အဘိဓမ္မာဖွံ့ဖြိုးမှုဟာ ပျောက်ကွယ်လုနီး ဖြစ်သွားတယ်။ ဒါပေမဲ့ ...မ္မာပညာသမိုင်းဟာ ဂရိခေတ်မှာ ရပ်သွားတာ မဟုတ်ပါဘူး။



အဲဒီအလယ်ခေတ် ခရစ်ယာန်ဘာသာရေးကာလကြီးကို "ယုံကြည်ကိုင်းရှိုင်းမှုခေတ်ကြီး" လို့ နာမည်ပေးထားတာ အကြောင်းမဲ့မဟုတ်ဘူး။ ("ယုံကြည်ကိုင်းရှိုင်းမှု" ဆိုတဲ့ စကားလုံး "သိပ္ပံနည်းကျ ဆင်ခြင်တုံတရားအားလုံးကို ငြင်းပယ်မှု" အဖြစ် နားလည်ဖို့ ဖြစ်ပါတယ်)။

အဲဒီကာလကြီးအတွင်း ရောမမှာ ရက်စက်ကြမ်းကြုတ်တဲ့ အာဏာရှင်တစ်ရ ထူထောင်ခဲ့တယ်။ ဒီစနစ်အရ ခရစ်ယာန်ဘာသာရေးအတိုင်း မတွေးခေါ်သူ "ဒိဋ္ဌိ" လို့ ကြေညာပါတယ်။ "မြင့်မြတ်တဲ့ ဘာသာရေးခုံရုံးကြီး" တွေက ဒိဋ္ဌိတွေ မီးရှို့သေဒဏ်ပေးတဲ့ ဒီကာလမှာ အဘိဓမ္မာပညာရပ် အစအနအားလုံးဟာ ဥရောပမှ ပျောက်ကွယ်သွားရပါတော့တယ်။ အဲဒီ အမှောင်ခေတ်ကြီးထဲမှာ ဥရောပရဲ့ အပြင်ဘ ဒေသတွေကလွဲလို့ သိပ္ပံနဲ့ တွေးခေါ်မှုပညာတွေဟာ မဖွံ့ဖြိုးခဲ့ပါဘူး။

မူစလင်ကမ္ဘာမှာတော့ အက်ဗာရိုး (Averroes) နဲ့ အက်ဗီစင်နား (Avicenna) တို့ လူတွေက သမ္မာကျမ်းဟာ မှားတယ် သို့မဟုတ် ဒါဟာ အလွန်ဆုံးအားဖြင့် "မ နားမလည်သူတွေအတွက် နိမိတ်ပုံပြင်များ" သာ ဖြစ်တယ်ဆိုပြီး လက်မခံကြပါဘူး။

မှန်ကန်တဲ့ တွေးခေါ်နည်းအဘိဓမ္မာတွေ မရှိလေတော့ တချို့ပုဂ္ဂိုလ်အနည်းငယ်သ တခြား ဟုတ္တိပတ္တိ လုပ်စရာမရှိကြလို့ ဘာသာရေးဆိုင်ရာ အသေးအဖွဲ ငြင်းခုံမှုကလေးတွေ အချိန်ဖြုန်းကြပါတယ်။ ဥပမာ – တမန်တော် နတ်သားကလေးတွေရဲ့ ဝမ်းဗိုက်မှာ ချက် ရှိမ ပင်လယ်ဂဏန်းကြီးတွေဟာ ထာဝရ အသက်ရှင်နိုင် မရှင်နိုင်။ သုံးဆူ၊ တစ်ဆူတည်းသော ဘု (ဖခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်) နဲ့ ခရစ်ယာန်ဘာသာရေးရဲ့ ဂုဏ်တော်ကြီးမှ ဆိုတာတို့ ဖြစ်ပါတယ်။ အဲဒီလို ပုဂ္ဂိုလ်ကြီးတွေထဲမှာ အက်ကီနိုမှ သောမတ် (Thoma လည်း ပါပါတယ်။ သောမတ်ဟာ စိတ်ဓာတ်အင်အား လေ့ကျင့်မြှင့်တင်ရေး စာအုပ်တွဲ တွဲ ရေးသားခဲ့ပါတယ်။ ရိုမန်ကက်သလစ် ဘာသာရေး သဘောတရားတွေကို ရပ်ခံကာကွယ် ရေးခဲ့တာပါ။





(ဒီဟာတွေကို ခုခေတ် ကက်သလစ် ...ရေး ဆရာဖြစ်သင်ကျောင်းတွေမှာ ...နေပါသေးတယ်။)



မက်ခီယာဗဲလီ (Machiavelli ၁၄၆၉ – ၁၅၂၇) ဟာ ပထမဦးဆုံးရှေ့ထွက် ...ခရစ်ယာန်ဘာသာကို တိုက်ခိုက်ခဲ့သူ ခရစ်ယာန်ဘုန်းကြီးတွေရဲ့ အာဏာရှင်စနစ်ကို ...လှန်ဖို့ ဆော်ဩခဲ့သူဖြစ်တယ်။




...လိုနဲ့ ပြန်လည်ဆန်းသစ်ခြင်း (Renaissance) ကာလကြီးရောက်ရှိလာပါတယ်။ ...သဝါဒ၊ ဘာသာရေးအခြေပြု ထင်ရာစိုင်းအာဏာရှင်ဝါဒနဲ့ တယူသန်ဝါဒတွေအပေါ် ...တုံတရားနဲ့ သိပ္ပံပညာတို့က အစွမ်းကုန်တန်ပြန် ထိုးစစ်ဆင်တဲ့ ခေတ်ကြီးလို့ ပြောရမှာ ...ယ်။ ထိုးစစ်ကြီးက လူသားတွေအတွက် အရေးကြီးတဲ့အောင်ပွဲတစ်ခု ရလိုက်တယ်။ ...လပ်စွာ တွေးခေါ်ခြင်းဆိုတဲ့ အောင်ပွဲပါပဲ။

ဒီကာလဟာ လူသားသမိုင်းစဉ်ထဲမှာ ထိပ်တန်းကျတဲ့ အတွေးအခေါ် ဉာဏ်ပညာ ရတ်တရက်ကြီး ပွင့်လန်းလာတဲ့ ခေတ်ဖြစ်ပါတယ်။ ဉာဏ်တရားက အမှောင်တရား အနိုင်ယူလိုက်တာ ဖြစ်ပါတယ်။ ဒန်တီ (DANTE)၊ ပက်ထရာ့ချ် (PETRARCH)၊ ဒါဗ (DEVANCI)၊ အယ်ရာစမတ် (ERASMUS)၊ လူသာ (LUTHER)၊ ဗစ်ကို (VICO ကိုပါနီးကပ်စ် (COPERNICUS)၊ ဂလီလီယို (GALILIO)၊ ကဲ့ပလာ (KEPLER)၊ နယူ (NEWTON)၊ ဘေကွန် (BACON)၊ နဲ့ ဂျီယော်ဒါနို ဘူရူနို (GIORDANO BRUNO) ပေါ်လာတယ်။

ဂျီယော်ဒါနိုဘရူနို (GIORDANO BRUNO ၁၅၄၈–၁၆၀၀) ဟာ ဂလီလီ တို့ခေတ်က ဒိုမီနီကန်ဘုန်းတော်ကြီးတစ်ပါး ဖြစ်တယ်။ ဘုရားသခင်က ဖန်တီးသူ ဖြစ် သဘာဝကြီးက ဖန်တီးခံရသူဖြစ်တယ်။ အရာရာ ဘုရားသခင် ဆုံးဖြတ်တယ်ဆို သင်ကြားချက်ကို မလိုက်နာဖို့ မြင့်မြတ်တဲ့ အမိန့်တော်ကို မနာခံကြဖို့ သူက ပြောပါတယ်။ ၁၆၀၀ ခုနှစ်မှာ ဘာသာရေး ခုံရုံးမှာ တရားခံ အဖြစ် ရင်ဆိုင်ရပါတယ်။ မှားပါတယ်လို့ ဝန်ချဖို့ သူက ငြင်းလို့ အရှင်လတ်လတ် ကားစင်တင် မီးရှို့ သေဒဏ် အပေးခံခဲ့ရတယ်။







ဘာသာရေးနဲ့ ကင်းလွတ်စွာ အမှီခိုကင်းကင်းနဲ့ အမှန်တရားရှာဖွေမယ် ဆိုတဲ့ ...တ်တစ်ခုတည်းက သူတို့အားလုံးကို လမ်းညွှန်ခဲ့တာပါ။ ဒါပေမဲ့ သူတို့အားလုံးဟာ ...ကန်ဘာသာရေးအဖွဲ့တွေရဲ့ ဖိနှိပ်မှုအောက်မှာ ရုန်းကန်ခဲ့ကြရပါတယ်။






(သူ့ခေတ် သူ့အခါနဲ့ဆိုရင် ဒါဟာ အတော်လေးရဲရင့်တဲ့ အတွေးအခေါ် ဖြစ်ပါတယ်)။

အဲဒီအတွေးအခေါ်ပင်ကိုယ်က သိပ်ထူးခြားလှတာ မဟုတ်ပေမယ့် အောက် အချက် ၂ ချက်ကတော့ မှတ်လောက်သားလောက် ဖြစ်ပါတယ်။ (၁) ဗစ်ကို ပ ပဒေသရာဇ်လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်အတွင်းမှာ ဒီအတွေးအခေါ်ကို ရပ်ခံခဲ့တယ်ဆို (၂) လူ့အဖွဲ့အစည်းဟာ လူတန်းစားတိုက်ပွဲလမ်းကြောင်းဖြင့် ဒီမိုကရေစီပန်းတိုင် တစ်စတစ်ပြောင်းလဲနေကြောင်း သူက ပထမဆုံး ပြောခဲ့တယ်ဆိုတာတို့ ဖြစ်ပါတယ်။

သူ့အမှားကတော့ သူတင်ပြတဲ့ တစ်စတစ်စပြောင်းလဲရေး ဖြစ်စဉ်ကြီး မြေရှင်အဆင့်မှာပဲ ဆုံးသွားလိမ့်မယ်ဆိုတဲ့ အချက်ပါပဲ။ မြေရှင်စနစ်ကို သူ့ထ ပိုကောင်းတာနဲ့ အစားထိုးပြောင်းလဲဖို့ မဖြစ်တော့ဘူးလို့ သူယူဆပါတယ်။ မြေရှင်စနစ်ပြီး တစ်တစ်စပြောင်းလဲရေး စက်ဝန်းအသစ်တစ်ပတ်ပြန်စတဲ့ အနေနဲ့ အရိုင်းခေတ်ပြန်လာမယ် ဆိုပါတယ်။

**ဒဲ့စ်ကားတီး** (Descartes) နဲ့ **စပိနိုဇာ** (Spinoza) တို့နှစ်ဦးဟာ ၁၇ ရာစု ရောမရဲ့ ခရစ်ယာန်ဘာသာကြီးစိုးဆဲကာလမှာ ပေါ်ပေါက်ခဲ့တဲ့ အဘိဓမ္မာပါရဂူကြီး ဖြစ်ပါတယ်။









ဒဲ့စ်ကားတီးဟာ တကယ့်ကို သိပ္ပံနည်းကျ စိတ်ကူးရှိသူ ဖြစ်တဲ့အတိုင်း အရာဝတ္ထုတွေအကြောင်း ရုပ်ဝါဒအမြင်နဲ့ ရှင်းလင်းချက်ပေးဖို့ လုံးပမ်းခဲ့ပါတယ်။ သူက အရာဝတ္ထုတွေရဲ့ သဘောသဘာဝကို ယုတ္တိယုတ္တာနဲ့ ဆင်ခြင်သလို တစ်ချိန်တည်း ဘုရားသခင်ရှိကြောင်း သက်သေပြဖို့ ကြိုးစားပါတယ်။

ကားတီးရဲ့ အဘိဓမ္မာ ("ငါဟာ တွေးတောစဉ်းစားနေတယ်။ ဒါကြောင့် ငါဟာ ယ်တည်ရှိနေတယ်" ဆိုတဲ့ အဘိဓမ္မာ) ဟာ ရုပ်ဝါဒတစ်ပိုင်း၊ စိတ်ဝါဒတစ်ပိုင်း ရှိပါတယ်။ သူက လူဆိုတာဟာ ဝိညာဉ်တစ်ခုကိန်း အောင်းနေတဲ့ ယန္တယားကြီးတစ်ခုမျှသာ ဖြစ်တယ်လို့ ယုံကြည်တယ်။ ဝိညာဉ်ရဲ့ တည်နေရာကို အတိအကျထောက်ပြလိုက်ပါသေးတယ်။ ဝိညာဉ်ကလေးဟာ ဦးနှောက်ထဲက တော့ပုံ ဂလင်း (gland) အတွင်းမှာ အောင်းနေပါသတဲ့ . . . ။



စပီနိုဇာကတော့ အထီးကျန်ဘဝနဲ့ အသက်ရှင်ခဲ့ရသူဖြစ်ပါတယ်။ ပထမ အကြောင်းအရင်းက သူဟာ ဂျူး (ဘာသာဝင်) တစ်ယောက်ဖြစ်လို့။ ဒုတိယ အကြောင်းက အဲဒီ ဘာသာရေးကို စွန့်လိုက်ပြီး ဘုရားမဲ့ဝါဒီ ဖြစ်သွားလို့ပါပဲ။ သူက အဲဒီခေတ်အခါမှာ လုံးဝမစဉ်းစား မတွေးတောအပ်တဲ့အရာကို ကြေညာ ပြောဆိုလိုက်ပါတယ်။




ဘုရားသခင် ရှိပုံရှိနည်းက ဘာသာရေး သမားတွေ ပြောတဲ့နည်းအတိုင်း ရှိတာ မဟုတ်ပါဘူးတဲ့။ ဘုရားသခင်က လူပုဂ္ဂိုလ် သဘောနဲ့ရှိတာ မဟုတ်။ စိတ်ဓာတ်ရေးရာ "တရား" သဘောအရ တည်ရှိတာဖြစ်တယ်။ စကြဝဠာရဲ့ တကယ်တည်ရှိမှု အနှစ်သာရ တစ်ရပ်အနေနဲ့ ဘုရားသခင်ကို နားလည်ရမယ်လို့ ဆိုပါတယ်။ (အလုံးစုံ ဘုရားသခင်ဝါဒကတော့ အရာခပ်သိမ်း ဘုရားသခင်ပါလို့ ယုံကြည်ကြတယ်)။ အဲဒါကြောင့် စပီနိုဇာဟာ မျက်မှန်အတွက် မှန်ဘီလူးကို အချောကိုင်တဲ့ အလုပ်နဲ့ ဆင်းဆင်းရဲရဲ အသက်မွေးနေထိုင်ခဲ့ရတယ်။

ဘုရားမဲ့တစ်ပိုင်း ရုပ်ဝါဒအဘိဓမ္မာဆရာတွေမှာ အမှားတစ်ခုရှိပါတယ်။ သိပ္ပံပညာ ယုံကြည်မှုလွန်ကဲလွန်းတဲ့ အမှားပါပဲ။ လူဟာ သဘာဝလောကရဲ့ အစိတ်အပိုင်းဖြစ်တ (ဒါဟာ မှန်ပါတယ်) လို့ ယူဆကြတယ်။ တခြားသဘာဝ အချင်းအရာတွေကို လည်ပတ်စေ ဖြစ်စဉ်တရားနဲ့ လူသားချင်းဆက်ဆံရေး နယ်ပယ်ကို လည်ပတ်စေတဲ့ ဖြစ်စဉ်တရားတွေပ အတူတူပဲ (ဒါဟာ မှားပါတယ်) လို့ ယူဆပြန်တယ်။





ဘာလို့ မှားတယ်ဖြစ်ရတာလဲဆိုတော့ ဒဲ့စ်ကားတီးတို့၊ စပီနိုဇာတို့နဲ့ သူတို့ နောက်လိုက်တွေက သဘာဝလောကကြီးဟာ ပြောင်းလဲနေတာ မဟုတ်ဘူး။ တစ်စတစ်စ ကြီးထွားတိုးတက်နေတာ မဟုတ်ဘူး။ သဘာဝလောကကြီးဟာ ထာဝရမပြောင်းလဲတဲ့ ဥပဒေသတရားတွေ အတိုင်းသာလိုက်လျောညီထွေ တည်ရှိနေတယ်လို့ ယုံတာတွေဟာ မှားလို့ဖြစ်ပါတယ်။

## ဒစ်ဒါရော့ (Diderot) က . . .




. . . လို့ ပြောပါတယ်။

ဒစ်ဒါရော့တို့လို လူတွေ ကောက်ချက်ချတာကတော့ စကြဝဠာနဲ့ လူ့လောကကြီးဟာ အမြဲတမ်း အခုရှိနေတဲ့အတိုင်းပဲ ရှိနေခဲ့တာပါတဲ့။ စကြဝဠာကော၊ လူ့လောကကြီးကော တစ်စတစ်နဲ့ ပြောင်းလဲမှု ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူးတဲ့။ ဒါပေမဲ့ ဒီလောကကြီး နှစ်ခုစလုံးဟာ ဖြစ်ခြင်း၊ ပျက်ခြင်း သံသရာ စက်ဝိုင်းအတိုင်း တစ်ပတ်ပြီး တစ်ပတ် ထပ်ခါထပ်ခါ ပတ်နေကြတာပါ။ . . . တဲ့။




သူတို့ရဲ့ အမြင်မှာ "ပြည်သူ" ဆိုတဲ့ အယူအဆရှိတာ မဟုတ်ဘူ "သူရဲကောင်းများ" သာ ရှိခဲ့တာပါ။ (ဘုရင်တွေ၊ စစ်ဗိုလ်တွေ၊ ပုရောဟိတ်တွေ၊ အတွေးအ ပညာရှင်တွေ စတဲ့ . . .) "သူရဲကောင်း" တွေက ခေါင်းဆောင်တွေအဖြစ် ရှိခဲ့ကြတာဖြစ်တ သူတို့ဟာ သမိုင်းရဲ့ "မောင်းနှင်အား" ဖြစ်ခဲ့ ကြတယ်။ အီဂျစ်ပြည်ရှိ ရှိသမျှ ပြည်သူလူ စုစုပေါင်းထက်ကို ကယ်လီယိုပါထရာရဲ့ နှာတံ သို့မဟုတ် တင်သားများက သမိုင်းကို ပို ရိုက်ခတ်ခဲ့တာလို့ မြင်ကြတာပါ။

မာ့က်စ်မတိုင်မီ အဘိဓမ္မာအကြောင်း ဆက်ရမယ်ဆိုရင် လုပ်(ခ်) (Locke)၊ ဘာကဲ (Berkeley) နဲ့ ဟူးမ် (Hume) တို့ရဲ့ "အတွေ့အကြုံဝါဒ" အကြောင်း ပြောရမှာဖြစ်တယ်။

လုတ်(ခ်) ဘုရင်တွေမှာ "နတ်ဘုရားပေးတဲ့ အခွင့်အရေး" ရှိတယ်။ ဘာသာရေး အကြွင်းမဲ့ အမှန်တရားဖြစ်တယ်ဆိုတာနဲ့ ခရစ်ယာန်ဘာသာရေးရဲ့ တရားသေကျမှုတွေ ဆန့်ကျင်သူ အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်တယ်။

သူလည်းပဲ တရားမယုံသူ ရုပ်ဝါဒီတစ်ယောက်ပါပဲ။






. . . လို့ သူက ဆိုပါတယ်။

လူတွေဟာ ဘုရားသခင်နဲ့ ပတ်သက်ပြီး ကိုယ်ကြိုက်သလို လွတ်လွတ်လပ်လပ် ုနိုင်တယ်။ ဘာသာရေးဂိုဏ်းတွေ ပြောတဲ့အတိုင်း လိုက်နာနေစရာမလိုဘူးလို့ လုတ်(ခ်) ယူဆပါတယ်။ ဒါဟာ ခရစ်ယာန် ဘုန်းတော်ကြီးတွေအတွက် ကြီးမားတဲ့ ထိုးနှက်ချက်ပါပဲ။ ်လိပ်ခရစ်ယာန် ဂိုဏ်းအုပ် ဘုန်းတော်ကြီးလည်းဖြစ် စိတ်ဝါဒ အဘိဓမ္မာဆရာ ယောက်လည်းဖြစ်တဲ့ ဂျော့ဘာကဲလေ (GEORGE BERKELEY) ဟာ လုတ်(ခ်) သဘောတရားတွေကို ပယ်လှန်ဖို့ ကြိုးစားပါသေးတယ်။ လုတ်(ခ်) ကို ထောက်ခံတဲ့ အတွေးအခေါ်ပညာရှင် နောက်တစ်ယောက် ပေါ်လာလို့ မအောင်မြင်ခဲ့ပါဘူး။




သူကတော့ . . .

. . . ဖြစ်ပါတယ်။

သူကတော့ (ဘယ်အရာကိုမှ ရေရာသေချာစွာ သိနိုင်တာမဟုတ်ဘူးဆိုတဲ့ အတွေးအခေါ်ကို ရပ်ခံတဲ့) မသိနိုင်ဝါ

(Agnostic) အဘိဓမ္မာဆရာတစ်ယောက်ဖြစ်ပါတယ်။ သူ့ရဲ့ဘာသာတရားဆန့်ကျင်ေ အတွေးအခေါ်တွေကြောင့် ပြင်သစ်ကို ထွက်ခွာသွားရပါတော့တယ်။ ပြင်သစ်ပရိသတ်ကဝေ သူ့ကို အများကြီးလိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်။

ပြင်သစ်နိုင်ငံဟာ အတိုးတက်ဆုံးအတွေးအခေါ်တွေ တကယ်တမ်းစုဝေးရ နေရာဖြစ်ခဲ့တယ်။ ပြင်သစ်မှာ ခရစ်ယာန်ဘုန်းတော်ကြီးများရဲ့ ထင်ရာစိုင်းတဲ့ အာဏာရှင်ဆန်




ဘုရင်စနစ်ကို ဆန့်ကျင်တဲ့ ကျယ်ပြန့်တဲ့ အုံကြွမှုကြီးတစ်ခု ပေါက်ကွဲခဲ့ပြီး ဒီအုံကြွမှုဟ နောက်ဆုံးမှာ ပြင်သစ်တော်လှန်ရေးကြီးရယ်လို့ ဖြစ်လာပါတယ်။ ဒီတော်လှန်ရေးကြီးကြော ယုတ္တိယုတ္တာဆင်ခြင်တုံတရားက ဘာသာတရားကို အနိုင်ရလိုက်တယ်။

တကယ်တော့ ပြင်သစ်တော်လှန်ရေးက အဘိဓမ္မာအတွေးအခေါ်တွေထက် (လွတ်လပ် တန်းတူမှုနဲ့ ညီအစ်ကိုချစ်ကြည်မှုတို့လို) နိုင်ငံရေးအတွေးအခေါ်တွေကို ပိုပြီးဖြန့်ပေးခဲ့တာ အဲဒီတော်လှန်ရေးကို နမူနာယူပြီးတော့ အမေရိကရဲ့ တခြားနေရာတွေကလည် ဥရောပရဲ့အုပ်စိုးမှုအောက်က လွတ်မြောက်ဖို့ တိုက်ပွဲဝင်လာကြပါတယ်။ ဥရောပတိုက်ကလည ပုပ်ရဟန်းမင်းလက်အောက်က လွတ်မြောက်ဖို့ တိုက်ပွဲဝင်လာတယ်။ အဲဒီ အတွေးအခေါ်တွေဟ ကမ္ဘာကြီးကို ဘာသာရေးရဲ့ ချုပ်နှောင်မှုမှ လွတ်မြောက်စေခဲ့တယ်။ (ဒီလွတ်မြောက်မှုကြော သိပ္ပံပညာသစ် ပန်းတွေလည်း ပွင့်လန်းလာကြတယ်)။



၁၇ ရာစု ရုပ်ဝါဒအဘိဓမ္မာနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ စိတ်ဝါဒအဘိဓမ္မာ ...းတစ်ရပ် ပေါ်လာပါတယ်။ အဲဒီ အဘိဓမ္မာရဲ့ ဆရာကြီးကတော့ အင်မန်နူရယ်ကန့် IMMANUEIKANT) (၁၇၂၄ – ၁၈၀၄) ဖြစ်ပါတယ်။ သူဟာ ဂျာမန်လူမျိုးပါ။ လူတွေ ...အများဆုံးကတော့ "ဆင်ခြင်တုံတရား သက်သက်ရဲ့ ဝေဖန်ချက်" ဆိုတဲ့ ကျမ်းပါပဲ။ ...ရေးနိုင်ဖို့ လူသားရဲ့တွေးခေါ်မှုအကြောင်းကို ဝေဖန်ပိုင်းခြား လေ့လာရေးလုပ်တာ ၁၅ ...သူ အချိန်ကုန်ခဲ့ပါတယ်။ ရှုပ်ထွေးလှတဲ့ ကန့်ရဲ့ လေ့လာရရှိချက်တွေ အများကြီးထဲက ...ကို ဖော်ပြလိုက်ပါတယ်။



ကန့်အသေအချာယုံကြည်တာကတော့ ဘုရားသခင် ဒါမှမဟုတ် ထာဝရ တရားအ အယုံအကြည်မရှိဘဲနဲ့ အကျင့်သီလတရားလည်း မရှိနိုင်ဘူး။ ဒါကြောင့် အကျင့်သီ စောင့်ထိန်းရေးလိုအပ်ချက်ကြောင့် ဘုရားသခင်ရှိတယ် ဆိုတာကို လူတွေယုံထားကြရ ဖြစ်တယ်။

ဒါတွေ ဖော်ပြနေတာရဲ့ ရည်ရွယ်ချက်ကတော့ မာ့က်စ်ရဲ့လေ့လာ အစပြုချက်ဖြစ်တဲ့ ဂျာမန်စိတ်ဝါဒအဘိဓမ္မာအကြောင်းရောက်အောင် နိဒါန်းပျိုး နေရ သဘောပါ။ ရှယ်လင် (SCHEIILING)၊ ဖစ်တီ (FICHTE) နဲ့ ဟီဂယ် (HEGEL) တို့ အဲဒီအဘိဓမ္မာကို အဓိကဖော်ထုတ်သူတွေ ဖြစ်တယ်။ သူတို့ကြောင့် အဘိဓမ္မာပ ခုန်ပျံကျော်လွှားတိုးတက်ခဲ့တယ်။ ဂရိအဘိဓမ္မာရဲ့ အဆီအနှစ်ဖြစ်တဲ့ အနုပဋိလောမ (သို့မဟုတ် လူသားများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေးအခေါ်ကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပါတယ်။




မှန်ပါတယ်။ မာ့က် ကလည်း ဒီလို တွေးတာပါ အဘိဓမ္မာ ဘာသာရပ်ပ သူ့ရဲ့ သီးသန့်ဝေါဟာရ အရှုပ်အထွေးတွေနဲ့ ပုံမှ လာခဲ့ပါတယ်။ ရေ ရာရာ နားလည်ဖို့ မဖြစ် တော့ပါဘူး။ မာ့က်စ်ဟ ဒီ အမေဘုတ် ချည်ခင် ရှင်းလင်းဖို့ ဆုံးဖြတ်လို ပါတယ်။ အဘိဓမ္မာ ဘာသ ရပ်ကို တိကျတဲ့ သိပ္ပံပ ဘာသာရပ် တစ်ခုအ ဖော်ဆောင်ဖို့ စတင် ကြိုးစ ပါတော့တယ်။





ဘာသာရပ်ကို ဗိုးတစ်ဝါးခန့်မှန်းယူချက်တွေ နည်းသထက်နည်းအောင် လုပ်တယ်။ ကမ္ဘာလောကကြီးကို ပြုပြင်ပြောင်းလဲဖို့ လက်တွေ့ကျတဲ့နည်းလမ်းတွေ ပါဝင်လာအောင် ပါတယ်။



မာ့က်စ်ဝါဒဟာ
သိပ်ကိုစွမ်းအားကြီးမားတယ်၊
ဘာလို့လဲဆိုတော့ မှန်ကန်လို့ပဲ . . .



. . . လို့ လီနင်က ပြောပါတယ်။

ဓမ္မတာပဲ . . . ကျွန်တော့်ရဲ့ ဒီစာအုပ်သေးသေးလေးက မာ့က်စ်ရဲ့ သဘောတရား အားလုံးကို ရှင်းလင်းဖွင့်ဆိုပေးမယ်လို့ မမျှော်လင့်ပါနဲ့။ သူ့ သဘောတရားတွေဟာ အလွန်ကျယ်ပြောပါတယ်။ အကောင်းဆုံးကတော့ မာ့က်စ်ဝါဒ အခြေခံတွေကို အကျဉ်းချုပ်ကလေး လုပ်ဖို့နဲ့ ဒါကို အမိကအပိုင်း

. . . ပိုင်းခွဲလေ့လာဖို့ ဖြစ်ပါတယ်။




. . . ဆိုပြီး ခွဲပါမယ်။



## မာ့က်စ်အဘိဓမ္မာ

တွေ့သိခဲ့ပြီး ဖြစ်တဲ့ အတိုင်းပါပဲ။ ...ရဲ့ အဘိဓမ္မာ ...တွေး အခေါ် ...ကို ၂ မျိုး ခွဲနိုင် ...ပါတယ် . . .




...စိတ်ဝါဒအနေနဲ့ သဘာဝလွန်တဲ့ နတ်ဘုရားတန်ခိုးရှင်အင်အားဆိုတာ ရှိတယ်ဆိုတဲ့ ...က အစချီပါတယ်။ ရုပ်ဝါဒကတော့ သဘာဝလောက အရာကိစ္စတွေကို ကျော်လွန်ပြီး ...မရှိဘူးလို့ ယူဆပါတယ်။

...စိတ်ဝါဒဟာ အရာဝတ္ထုတွေကို စိတ်ကူးထဲမှာ ပုံဖော်တယ်။ ဝိညာဉ်တွေ ...ကို အခြေခံထားတယ်။ အရာရာကို "စိတ်နယ်ပယ်သက်သက်ထဲ သွင်း" ...ပါတယ်။ ဒါပေမဲ့ သူ့အယူအဆတွေကို သက်သေအထောက်အထား မပြပါဘူး။ ...ဉ်ချက်သက်သက်တစ်ခုတည်းနဲ့ အလုပ်လုပ်လို့ရတယ်ဆိုတာမျိုးပါပဲ။ ဒီဝါဒရဲ့ ...က သကြားကို စားမကြည့်ဘဲနဲ့ သူ့အရသာကိုသိဖို့ ကြိုးစားသလို ဖြစ်ပါတယ်)။

...ရုပ်ဝါဒအနေနဲ့ကတော့ ဒီလိုမဟုတ်ပါဘူး။ အရာဝတ္ထုတွေကို စိတ်နယ် ...သက်သက်ထဲမှာ မထားပါဘူး။ ဒါပေမဲ့ အရာဝတ္ထုတွေအကြောင်း သိပ္ပံနည်း ...နိုင်အောင် ကြိုးစားပါတယ်။ ဘာသာရေးအကြောင်းကိုတောင်မှ သိပ္ပံနည်းကျရှင်းပြဖို့ ...ပါတယ်။




စိတ်ဝါဒီတွေ
အရာဝတ္ထုတွေ အကြော
ဘာသာရေးနည်းတွေနဲ့ သူတို့ ယုံကြည်ကြသလို ရှင်း
ပါတယ်။ ရုပ်ဝါဒီတွေကတော့ အရှိကို အရှိအတိုင်း သိပ္ပံပည
အခြေခံနဲ့ ရှင်းပြပါတယ်။

မာ့က်စ်ဟာ အဘိဓမ္မာလေ့လာရေးလုပ်င
စစချင်းပဲ ရုပ်ဝါဒသမားတစ်ယောက် ဖြစ်သွားပါတ
ဒါပေမဲ့ သူ့ဘဝတစ်ခုလုံး ကြိုးစားခဲ့တာကတော့ ရုပ်ဝါဒ
ပိုပြီး ခိုင်မာသိပ်သည်းလာစေဖို့နဲ့ သိပ္ပံနည်းကျလက္ခဏာဆောင်လာစေဖို့ ဖြစ်တ
အကြောင်းကတော့ မာ့က်စ်မတိုင်မီက ရုပ်ဝါဒသမားတွေဟာ ဘုရားသခင်မရှိဘူးဆို
ငြင်းချက်ထုတ်ရုံလောက်နဲ့တင် ကျေနပ်နေကြပြီး ရှေ့မဆက်တော့ဘူး။

၁၇ ရာစုနဲ့ ၁၈ ရာစုနှစ်များအတွင်း သင်္ချာနဲ့နက္ခတ်ရွေ့လျားမှုဆိုင
ယန္တရားဗေဒနယ်ပယ်များမှာ အကြီးမားဆုံးသိပ္ပံနည်းကျ တွေ့ရှိချက်တွေပေါ်ထွက် ခဲ့တ
အဲဒီတော့ ရုပ်ဝါဒသမိုင်းစဉ်ဟာ ယန္တရားဝါဒအဆင့်ဖြစ်လာတယ်။ သဘာဝလောက
လူ့လောကနှစ်ခုစလုံးကို ယန္တရားဆန်တဲ့ ရှုထောင့်က ကြည့်ခဲ့ကြတယ်။








သူတို့ဟာ အဲဒီခေတ်က အမြင့်ဆုံးနေရာမှာ ရှိနေတဲ့ ယန္တရားရွေ့လျားမှု
ကို အခြေခံစဉ်းစားကြတယ်။ လူ့လောကနဲ့ သဘာဝလောကကြီးမှာလည်း
ယန္တရားရွေ့လျားမှုဗေဒ နိယာမတွေကို တိုက်ရိုက်အသုံးချလို့ရမှာပဲလို့ ထင်ခဲ့ကြတယ်။




. . . လို့ ယူဆကြတယ်။
ဒီစဉ်းစားနည်းကို တတ္တဗေဒလို့ ခေါ်ပါတယ်။

ဘာကြောင့် တတ္တဗေဒလို့ ပြောရသလဲ . . .

# တက္ကဗေဒ (METAPHYSICS)

. . . ကို ဗမာလို တက္ကဗေဒလို့ ခေါ်လေ့ရှိတယ်။ မူရင်းက ဂရိစကားက လာတာ။ အရစ်စ်တိုတယ်ရဲ့ "Physics (ရူပဗေဒ)" ဆိုတဲ့ ကျမ်းနောက်ပိုင်းမှာ သူရေး အဘိဓမ္မာကျမ်းတွေကို ရည်ညွှန်းခေါ်ရင်းက Metaphysics လို့ တွင်သွားတာပါ။

တက္ကဗေဒပညာရပ်အရ အရာဝတ္ထုတွေဟာ အပြောင်းအလဲမရှိဘူး။ ထာ တည်တံ့တယ်။ တစ်ခုနဲ့တစ်ခုဟာလည်း ဆက်စပ်မှုမရှိဘူး။ ဒါကြောင့် အရာဝတ္ထုတွေ တစ်ခုနဲ့တစ်ခု အမှီအခိုကင်းစွာနဲ့ တသီးတခြားစီ လေ့လာစူးစမ်းလို့ ရတယ်။

ဟီဂယ်ရဲ့တပည့် ဖျူးဝါးဘတ်က ဒီလိုရှင်းပြတယ်။

"သဘာဝအရာဝတ္ထုတွေဟာ အရေအတွက်အရပဲ များများလာတာ ဖြစ်တယ် အရာဝတ္ထုတွေကတော့ အမြဲတမ်းဒီအတိုင်းဟာ ဒီအတိုင်းအတူတူပဲ" လို့ ဆိုပါတယ်။

သဘာဝလောကကြီးအကြောင်း အဲဒီလိုတွေးတောခဲ့ကြသူတွေဟ လူ့လောကကြီးအကြောင်းလည်း အဲဒီလိုပဲ တွေးတောတတ်ကြတာပဲ။ တက္ကဗေ ဝါဒီတွေအတွက်တော့ လူ့လောကကြီးဟာ ယန္တရားဆန်ဆန်လည်ပတ်နေတာ (ဥပ စစ်တပ်တွေ၊ အငတ်ဘေးကပ်တွေ၊ အစိုးရတွေ စတာ စတာတွေ တစ်ပတ်ပြီးတစ်ပ ပြန်ပြန်ကျော့နေတာတွေ) ကလွဲလို့ နည်းနည်းလေးပဲ ပြောင်းလဲတတ်တယ်။

ဒါဆို အရာကိစ္စတွေ ပြောင်းလဲပစ်ဖို့ လူသားဟာ တကယ်ပဲ ဘာမှမတ နိုင်တော့ဘူးလား။





မာ့က်စ်ဟာ အဲဒီရုပ်ဝါဒသမားတွေနဲ့ တက္ကဗေဒသမားတွေရဲ့ အမှားကို သိရှိပြီးတဲ့နောက် ကိုယ်သူ . . .




ဆိုတဲ့ မေးခွန်းကိုပဲ မေးခဲ့ပါတယ်။ ဒီနေရာမှာ ဘုရားသခင်ကိုရော၊ ဘုရားသခင်ရှိ ိုတာ ငြင်းခုံရင်း ကိုယ့်ကိုယ်ကိုယ် အရူးဘဝရောက်အောင် လုပ်ချင်နေကြသူတွေကိုပါ ယ်ထားကြစို့။ လူသားအကြောင်းနဲ့ လောကကြီးအတွင်း လူသားရဲ့အခန်းကဏ္ဍ ကြောင်း ကြည့်ကြပါစို့လို့ မာ့က်စ်က ပြောပါတယ်။ ဘယ်အရာမှ ပြောင်းလဲမနေဘူးဆိုတာ ယ်တမ်း ဖြစ်နိုင်ပါ့မလား။

မာ့က်စ်နဲ့အိန်ဂယ်တို့ဟာ သဘာဝလောကနဲ့ လူ့လောကကြီးကို ကြည့်နေကျအတိုင်း ရားဆန်ဆန်မကြည့်တော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောတရားတရပ် (သို့မဟုတ်) ငိုလောမကကို ပြန်လည်ဖော်ဆောင်ကြပါတော့တယ်။

# အနုပဋိလောမ

Dialectics ကို ဗမာလို အနုပဋိလောမလို့ ခေါ်လေ့ရှိပါတယ်။




ဟိုးရှေးရှေးခေတ်တုန်းကလည်း အတွေးအခေါ်ရှင်တချို့ဟာ အမှန်တရား သိရှိဖို့ ဒီဗျူဟာကို သုံးခဲ့ဖူးပါတယ်။ ဒီဗျူဟာက ကိုယ်နဲ့ ထိပ်တိုက်ငြင်းခုံနေသူ အကြောင်းပြချက်တွေထဲက ပဋိပက္ခဖြစ်နေတာတွေကို ဖော်ထုတ်ငြင်းခုံတဲ့ နည်းတစ် ဖြစ်ပါတယ်။

ဘာသာရေး (အထူးသဖြင့် ကက်သလစ်ဘာသာ) ကတော့ အနုပဋိလောမ ဆန့်ကျင်တယ်လို့ ဆိုရမယ်။ သူက ငြင်းခုံတာကို ခွင့်မပြုလို့ပါ။ ကိစ္စတွေဟာ သမ္မာကျမ်းစာ ပြောထားတဲ့အတိုင်းပဲ ဖြစ်နေတာ လုံးဝမဆွေးနွေးမငြင်းခုံကြနဲ့လို့ သဘောထားလို့ပါ။

ကန့်နဲ့ ဟီဂယ်တို့က အနုပဋိလောမနည်းနာကို ပြန်လည်စတင်အသုံးပြု ခဲ့ကြတ ဒါပေမဲ့ ဟီဂယ်ဟာ အနုပဋိလောမကို လက်တွေ့ကျလာအောင် မစွမ်းဆောင်နိုင်ခဲ့ပါ သူ့ရဲ့အသိအမြင်တွေဟာ သူ့ခေတ်မှာရှိနေတဲ့ အသိပညာနဲ့ အယူအဆတွေ အခြေခံအားဖြင့် ကန့်သတ်ထားခြင်း ခံရပါတယ်။ နောက် အကန့်အသတ်တစ်ခု



ဟာ စိတ်ဝါဒီတစ်ယောက် ဖြစ်တယ်။ သူ့အမြင်အရ အတွေးအခေါ်အယူအဆတွေဟာ နဲ့အများ အကောင်အထည်မဲ့တဲ့ အရာဝတ္ထုတွေရဲ့ ပုံရိပ်တွေမဟုတ်ဘူး။ ကျင်စွာပဲ အရာဝတ္ထုတွေနဲ့ ၎င်းတို့ရဲ့ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်တွေဟာ ဘယ်သူကမှ ဖြစ်ခဲ့တယ်ဆိုတာကို မပြောနိုင်တဲ့ ကမ္ဘာကြီးကိုယ်၌က မရှိသေးတဲ့အချိန်ကတည်းက ကတယ်ရှိခဲ့တဲ့ အယူအဆထုတ်ဖော်ချက်တွေ ဖြစ်တယ်လို့ ဟီဂယ်က ယူဆပါတယ်။ ရဲ့ အဘိဓမ္မာဟာ ကြီးမားတဲ့သားလျှောမှုကြီး တစ်ခုပါပဲ။ ဒါပေမဲ့ ဒါမျိုး သမိုင်းမှာ ထပ်မဖြစ်တော့ပါဘူး။ အခြားတစ်ဖက်က ကြည့်ရင်တော့ သမိုင်းအယူအဆမှာ ကြီးတဲ့ စဉ်းစားနည်းတစ်ရပ်ကို ဟီဂယ်ရဲ့ အဘိဓမ္မာက အတည်ပြုခဲ့ပါတယ်။ ိုင်းဟာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေတဲ့ ဖြစ်စဉ်ကြီးတစ်ရပ်ဖြစ်တယ်လို့ ယူဆပါတယ်။

အနှစ်ချုပ်ပြောရရင် ဟီဂယ်ရဲ့အဘိဓမ္မာမှာ တန်ဖိုးရှိတဲ့အတွေးအခေါ်တွေ ကြီးပါတယ်။ ဥပမာ – ထာဝရလှုပ်ရှားခြင်း၊ သဘောတရား၊ တလောကလုံး ရဲ စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ အထူးသဖြင့် သူ့ရဲ့ အနုပဋိလောမ နည်းနာတို့ ဖြစ်တယ်။ စိတ်ရဲ့ဖြစ်ထွန်းတိုးတက်မှုဟာ အနုပဋိလောမတရားအရ ဖြစ်တယ်လို့ သူပြောတာဟာ မှန်ပါတယ်။ ဒါပေမဲ့ သူဟာ ဒီထက်ရှေ့မတိုးတော့ဘူး။ အနုပဋိလောမတရားကို သဘာဝလောကကြီးနဲ့ လူ့အဖွဲ့အစည်းဆိုင်ရာနဲ့ ပတ်သက်ပြီး ဆက်လက် အသုံးချတာ မလုပ်တော့ဘူး။


ဟီဂယ်

အနုပဋိလောမနည်းနာရဲ့ ရှုထောင့်ကကြည့်မယ်ဆိုရင် ဘယ်ဟာမှ ထာဝရ တည်မြဲ... မပြောင်းလဲတာ မရှိဘူး။ ဒါပေမဲ့ ဟီဂယ်ကတော့ သဘာဝလောကကြီးနဲ့ လူ့အဖွဲ့အစည်း (လူ့လောက) ဟာ ပြောင်းလဲနေတယ်ဆိုတာကို ငြင်းပယ်ခဲ့ပါတယ်။ အဲဒါဟာ ဟီဂယ်ရဲ့ အနုပဋိလောမအသုံးပြုပုံထဲမှာ အဆိုးဆုံး ပဋိပက္ခဖြစ်ပါတယ်။

ရှင်းအောင် ပြောရမယ်ဆိုရင် ဟီဂယ်ဟာ စိတ်ဝါဒီဖြစ်တယ်။ သူက "အမှန်တရား... အနှစ်သာရဟာ ရုပ်ဝတ္ထုနယ်ပယ်မှာ ရှိတာမဟုတ်ဘူး။ နာမ် နယ်ပယ် (သို့မဟုတ်) စိတ်နယ်ပယ်မှာရှိတာ ဖြစ်တယ်။ ဒါကြောင့် အမှန်တရားရဲ့ အနှစ်သာရဟာ အ... ကင်းတယ်။ လွတ်လပ်တယ်" လို့ ဆိုပါတယ်။




အလုပ်ရှင်ရဲ့ သွေးစုတ်မှုကိုခံရတဲ့ အလုပ်သမားတိုင်းကို ဟီဂယ်ပေးမယ့် အကြံဉာ... ကတော့ ရုပ်ဝတ္ထုအရ ဖိနှိပ်ခံရတာတွေကို သောကများမနေပါနဲ့။ စိတ်ပူရမှာ... "စိတ်ဓာတ်ရေးရာအရ" ဖိနှိပ်ခံရတာတွေပါ။ (ဘုရားသခင်ရဲ့ ကမ္ဘာပေါ်က ကိုယ်စား... ဖြစ်တဲ့) နိုင်ငံတော်ကို နာခံပါ။ (စိတ်ထဲမှာ) ပျော်ရွှင်မှု၊ လွတ်လပ်မှုကို ရရှိပါလိမ့်မယ်ဆို... ဖြစ်ပါတယ်။

ဒီနေ့ခေတ်အရကြည့်ရင် ဟီဂယ်ရဲ့အတွေးအခေါ်တွေဟာ မဟုတ်တာတွေ... ထင်လိမ့်မယ်။ ဒါပေမဲ့ သူ့ခေတ်သူ့အခါတုန်းကဆိုရင် ဒါတွေဟာ အတော်... ရဲရင့်တဲ့ အတွေးအခေါ်တွေပါ။ (သူနည်းသူ့ဟန်နဲ့) အနုပဋိလောမကျတာကြောင့်... အတိုက်ခိုက်ခံခဲ့ရပါတယ်။








ဟီဂယ်ပြောတာက လူသားများ... ...မှုဟာ အစဉ်တစိုက်ပဲ တစ်စတစ်စ ...လဲနေခဲ့တာပါတဲ့။ ရှေးဦးအရှေ့တိုင်းပုံစံ ...ပိုင်စနစ်နဲ့ အစပြုခဲ့တယ်။ အဲဒါ ...ပြုစုသူ) တစ်ယောက်တည်းပဲ ...တဲ့စနစ် ဖြစ်တယ်။ ...တော့ ဂရိ – ရောမပုံစံ ...ပေါ်လွှာ မှူးမျိုးမတ်နွယ် ... အုပ်စိုးတဲ့ စနစ် ...ကယ်။ ဒီစနစ် ...တော့ လွတ်လပ်သူ ...တယ်။

နောက်တစ်ခါ ကျေးကျွန်စနစ်၊ မြေကျွန်စနစ်တွေ လျော့သွားတယ်။ လူသား လွတ်လပ်တာဟာ ပိုပြီးထပ်များလာတယ်။ နောက်မြင့်မြတ်တဲ့ ရောမ၊ ဂျာမန်ကေရာဇ်စ ပဒေသရာဇ်စနစ်၊ ဘုရင်စနစ်၊ ပြင်သစ်တော်လှန်ရေးကြီးအပြီးမှာ လွတ်လပ်မှုတွေ ပို ပိုပြီးများလာတယ်။ နောက်ဆုံး ပရပ်ရှား နိုင်ငံတော်ကြီးပေါ်လာတဲ့အခါမှာ (ဟီဂယ်အလိုအ လူသားအားလုံးဟာ အကြွင်းမဲ့လွတ်လပ်မှု ရရှိလာတယ်တဲ့။

ပရပ်ရှားမှာက ပဒေသရာဇ်ဘုရင်တစ်ပါးရှိတယ်။ စစ်တပ်ကြီးတစ်တပ် ရှိတ အလွန်ချပ်းသာတဲ့ ခရစ်ယာန်အဖွဲ့ကြီးရှိတယ်။ နောက်ပြီး မြေရှင်ကြီးတချို့လည်း ရှိတ လူတွေကသူတို့တစ်တွေအတွက် အလုပ်လုပ်ကြရတယ်။ ကျေးကျွန်အနေနဲ့ တေ မဟုတ်ဘူးပေါ့။ အဖိနှိပ်ခံရတာတော့ ပြင်းတာပါပဲ။ မထူးဘူး။ ဟီဂယ်က ဒီဖိနှိပ်မှု သတိပြုမိတာ မဟုတ်ဘူး။ ကျေးကျွန်စနစ် ဖျက်သိမ်းလိုက်တာနဲ့ပဲ အကြွင်းမဲ့လွတ်လပ်မှုရ သူထင်နေတာ။ တကယ်ဖြစ်ပျက်နေတာက ပဒေသရာဇ်စနစ်ကို အရင်းရှင်စနစ် တဖြည်းဖြည်းအစားထိုးနေရာ ယူလာတာပါ။ အရင်းရှင်စနစ် သွေးစုတ်မှုပုံစံက ပိုပြီးခေ ပိုပြီးပါးနပ် ပိုပြီး အသိရခက်ပါတယ်။








ပရပ်ရှားနိုင်ငံတော်ဟာ လူသားတွေရဲ့ ဖွံ့ဖြိုးမှုအဆင့်ကို ရောက်ရှိစပြုနေပြီလို့ ပါတယ်။ ဒီလိုနဲ့ ဟီဂယ်ဟာ လူသားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ငြင်းပယ်သေး ကြောင်းလည်း ပြောနေပါသေးတယ်။ ဒါကြောင့် သူဟာလည်း တတ္တဗေဒနွံထဲ ကျသွားပါတယ်။

ဟီဂယ်ရဲ့ အကြောင်းပြချက်တွေဟာ ပကတိနယ်ပယ်မှာ မှားယွင်းစွာ အသုံးချခဲ့တဲ့တိုင်အောင် ခိုင်မာအရာရောက်ဆဲ၊ အနုပဋိလောမကျဆဲပါပဲ။ ဥပမာ နေ့နဲ့ကြည့်မယ်ဆိုရင် "ဆန့်ကျင်ဖက် များအကြား အတိုက်အခံဖြစ်မှု" ကြောင်း သူပြောတာက . . .




. . . ဆိုပါတယ်။



ဥပမာ လူ့အဖွဲ့အစည်းဆိုတာ (ချမ်းသာသူ စားနိုင် သောက်နိုင် သူတွေက တစ်ဖက်၊ ဆင်းရဲသူ စားရမယ့် သောက်ရမယ့် ဖြစ်နေသူတွေက တစ်ဖက် ဖြစ်နေတဲ့) ဆန့်ကျင်ဖက်များရဲ့ ပေါင်းစည်းမှုတစ်ရပ် ဖြစ်တယ်။ သူတို့ဟာ အတူချည်နှောင် ပေါင်းစည်း နေကြပေမယ့် အတိုက်အခံလည်း ဖြစ်နေ ကြတယ်။

ဟီဂယ်က ယုတ္တိယုတ္တာ အလွန်ဆီလျော်စွာနဲ့ ပြောခဲ့တာကတော့ လူသား လောက တစ်စတစ်စပြောင်းလဲစေတာက ဆန့်ကျင်ဘက်များအကြား အတိုက်အခံဖြစ်မှု ဖြစ်ပါတယ် တစ်ဖက်က အခြားတစ်ဖက်ကို အနိုင်ရလိုက်တာနဲ့ ပြောင်းလဲမှုဖြစ်ပေါ်လာပါတယ်တဲ့။




. . . ဟီဂယ် ပြောပြောနေတဲ့ ပရပ်ရှားနိုင်ငံထဲမှာ ဆန့်ကျင်ဘက်များအကြား အတိုက်အခံဖြစ်မှုတွေကျတော့ ပြောင်းလဲမှုကြီးတွေ ဘာလို့မဖြစ်ပေါ်စေတာလဲ။ ဘာလို့လူ့အ အစည်း ပြုပြင်မွမ်းမံမှုလောက်ပဲ ဖြစ်စေတာလဲ။ ဒါကတော့ ရယ်စရာဖြစ်နေပါတယ် အဲဒါ ... ဘာကြောင့်လဲ။ ဒီနေရာမှာ မာ့က်စ်က ဟီဂယ်နဲ့ (သူ့စဉ်းစား နည်းနာ) အနေအထားမှန်ဖြစ်လာအောင် တည့်မတ်ပေးပါတယ်။




. . . လို့ မာ့က်စ်က ဆိုပါတယ်။



ဟီဂယ်ရဲ့ အနုပဋိလောမနည်းနာက မာ့က်စ်အပေါ်မှာ လွှမ်းမိုးခဲ့သလို ...ဝါးဘတ်ကလည်း မာ့က်စ်ကို ရုပ်ဝါဒီတစ်ယောက် ဖြစ်လာစေခဲ့ပါတယ်။ ဒါပေမဲ့ ...က ဖျူးဝါးဘတ်ရဲ့သဘောတရားကို ဆုပ်ကိုင်ပြီး ဒါကို ပြောင်းလဲပစ်လိုက်ပါတယ်။

စိတ်ဝါဒီဟီဂယ်ရဲ့ တပည့်တစ်ဦးဖြစ်သူ ဖျူးဝါးဘတ်ဟာ ဟီဂယ်ရဲ့စိတ်ဝါဒကို စွန့်ပြီး ...ကို ပြောင်းလဲခံယူခဲ့ပါတယ်။ ဒါပေမဲ့ သူ့ဟာက တက္ကဗေဒဆန်တဲ့ ရုပ်ဝါဒပါ။ ...ဆိုတော့ သူ့အမြင်အရ သဘာဝလောက (နဲ့ လူ့လောက) ဟာ မလှုပ်မယှက်နဲ့ ...အားမဲ့ လှုပ်ရှားမှုမဲ့ဖြစ်တယ်။ ပြောင်းလဲမှုကိုဖြစ်စေတဲ့ တိုက်ရိုက်အကြောင်းတရား ...ရှိပါဘူးတဲ့။

...တွေကို ချုပ်ပြောရရင် ဟီဂယ်က အနုပဋိလောမကျပေမယ့် စိတ်ဝါဒီ ဖြစ်တယ်။ ...ဘတ်ကျတော့ ရုပ်ဝါဒဖြစ်ပေမယ့် တက္ကဗေဒကျပြန်တယ်။ (အနုပဋိလောမ မကျဘူး)။

မာ့က်စ်လုပ်ဆောင်ရမှာကတော့ ဒီလိုအဆီအငေါ်မတည့် ဖြစ်နေတာကို ...တဲ့အလုပ်ပါပဲ။ အဲဒီနှစ်မျိုးထဲက ကောင်းတာတွေကို ထုတ်နှုတ်ပေါင်းစပ်ပြီး ...ကျော်ကြားတဲ့ သူ့မူပိုင် တမူထူးခြားတဲ့ အဘိဓမ္မာတစ်မျိုးကို တင်ပြလိုက်ပါတယ်။ ...ကော့ အနုပဋိလောမရုပ်ဝါဒ အဘိဓမ္မာဖြစ်ပါတယ်။ (အနုပဋိလောမက ဟီဂယ်ဆီကရပြီး ...တော့ ဖျူးဝါးဘတ်ဆီက ရတာ ဖြစ်တယ်။ ဟီဂယ်နဲ့ ဖျူးဝါးဘတ်တို့ရဲ့ အဘိဓမ္မာတွေကို ...ရုံသက်သက် မဟုတ်ဘဲ အဲဒါတွေထဲက မှားနေတာတွေပြင်ပြီး မှန်းမံတာတွေလုပ်ကာ ...ယ်ဝစေခဲ့တာ ဖြစ်တယ်)။

...ခဲ့ကြတဲ့အတိုင်း ဟီဂယ်အနေနဲ့ အခွင့်ထူးခံလူချမ်းသာအနည်းစုက လူအများစုကြီးကို ...နေတာကို မမြင်တွေ့ခဲ့ (သို့မဟုတ်) မမြင်တွေ့လိုခဲ့ ဘူး။ ဒီနေရာမှာ လူငယ်လူရွယ်ဖြစ်တဲ့ ...ဟာ သူ့ကိုယ်သူ ပထမဆုံးမေးခဲ့တဲ့ မေးခွန်းက "အလုပ်ဟာ အလုပ်လုပ်သူတွေဆီက ...ကို ညှစ်ယူသွားတယ်။ ဒါကို ဘယ်လိုယူသွားတာလဲ၊ ဘာကြောင့်လဲ" ဆိုတာပါပဲ။

မလွှတ်လပ်တဲ့ အလုပ် (အလုပ်ရှင်အတွက် လုပ်ရတဲ့အလုပ်) ကို လုပ်တဲ့ ...က် အလုပ်သမားဟာ လုပ်ခရနိုင်ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာ ...သမားတွေဟာ သူတို့ဆီက ပိုင်ဆိုင်တာ တစ်ခုခုကို ညှစ်ယူသွားတာ ခံရပါတယ်။ ...ဟာ အလုပ်သမားတွေရဖို့ရှိတာ တစ်ခုခုကို မရစေဘဲ အလုပ်ရှင်ရဲ့အိပ်ကပ်ထဲ ...သွားစေပါတယ်။




မာ့က်စ်ဟာ သူ့ပထမဆုံးကျမ်းထဲမှာ ဒီလိုညှစ်ယူမှုအကြောင်းကို စူးစမ်း လေ့လာ ပါတယ်။ နိုင်ငံရေးအရ ညှစ်ယူမှု၊ ဘာသာရေးအရ ညှစ်ယူမှုနဲ့ စီးပွားရေးအရ ညှစ်ယူမှု ညှစ်ယူမှုအမျိုးမျိုးအကြောင်းကို ရေးထားပါတယ်။




"အလုပ်သမားတွေ လုပ်လိုက်တဲ့ အထွက်ပစ္စည်းဟာ ဘယ်ရောက်သွားလဲ" မာ့က်စ်က စဉ်းစားကြည့်ပါတယ်။

အလုပ်သမားဟာ သူ့ရဲ့လုပ်အားနဲ့ (ဖိတ်စများ၊ စက်ပစ္စည်းများ၊ တာယာ၊ စာ အိပ်ရာစတဲ့) ပစ္စည်းတစ်ခုခုကို ထုတ်လုပ်ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းဟာ အလုပ်ရှ နေ့ညစ္စာဖြစ်မြဲဖြစ်တာကြောင့် မျက်လှည့်ပြလိုက်သလို ချက်ချင်းပဲ ရောင်းကုန် (ကုန်ပစ္စ ဖြစ်သွားပါတယ်။



အလုပ် (လုပ်အား) က လုပ်အားပိုင်ရှင် အလုပ်သမားက တိုက်ရိုက် လက်ငင်း ဟာ မဟုတ်ဘူးဆိုတာ ရှင်းပါတယ်။ ဒါပေမဲ့ အလုပ်သမားရဲ့ အလုပ်ဟာ တခြား ပြတ်ရရေးအတွက် အရင်းခံရေသောက်မြစ်ဖြစ်ပါတယ်။



ညှစ်ယူခြင်းဟာ အလုပ်သမားကို ခြောက်ကပ်သွားအောင် ညှစ်ထုတ်ခြင်းနဲ့ စတင်ပါတယ်။

"အလုပ်သမားဆီက ညှစ်ယူတာကို ဒီလိုတွေ့ရမှာဖြစ်တယ်။ အလုပ်သမား ည်းတွေထုတ်လေလေ သူစားသုံးရတဲ့ ပမာဏက နည်းသွားလေဖြစ်တယ်။ တဲ့ တန်ဖိုးက နည်းသွားလေလေဖြစ်တယ်။ အလုပ်က ချမ်းသာသူတွေအတွက် စ္စည်းတွေ ထုတ်လုပ်ပေးပေမယ့် ဆင်းရဲသားတွေအတွက်တော့ မွဲပြာကျမှုကိုပဲ းတယ်။ စက်တွေက လူ့လုပ်အားကို အစားထိုးလိုက်တော့ အလုပ်အကိုင်တွေလည်း ည်းသွားတယ်။ အလုပ်ရှိတဲ့ အလုပ်သမားတွေဟာလည်း စက်တွေလိုဖြစ်သွားတယ်" စ်ရဲ့ "၁၈၄၄ ခု စာမူများ" ထဲမှာ ရေးထားပါတယ်။

(ကွက ညှစ်ယူမှုကြောင့် ဒုက္ခဖြစ်ရတာတွေ ဖြစ်ပါတယ်)။

ညှစ်ယူမှုကြောင့် လူတွေဟာ ဂုဏ်သိက္ခာအထိပါးခံရတာတင် မကသေးပါဘူး။ လူလိုသဘောထားမခံရတာလည်း ရှိပါတယ်။ မာ့က်စ်က ပြောခဲ့သလိုပါပဲ။



"အလုပ်ရှင်က ဘယ်အလုပ်မျိုးလုပ်ရမယ်။ ဘယ်နည်းနာနဲ့ လုပ်ရမယ်။ ဘယ်နှုန်းနဲ့ လုပ်ရမယ် သတ်မှတ်ပေးတာပါ။ သူခိုင်းတဲ့အတိုင်း လုပ်တဲ့အတွက် အလုပ်သမားဟာ သံထည်နဲ့ လုပ်ထားတဲ့ စက်တစ်ခုမှာ ပူးတွဲနေတဲ့ အသွေးအသား ပစ္စည်းသဖွယ် ဖြစ်သွားတဲ့အတွက် အလုပ်ရှင်က ဘယ်တော့မှ အပူထားမှာမဟုတ်ဘူး"

မာ့က်စ်က ရှေ့တစ်ဆင့်တိုးပြီးတော့ ပြောပါသေးတယ်။ "အခုလက်ရှိ ထုတ်လုပ် စုစုပေါင်းဟာ ရည်ရွယ်ချက်တစ်မျိုးမျိုးအတွက် တွေးတောကြံဆခဲ့ကြ၊ ဖန်တီးထုတ်လုပ်ခဲ့ အသက်တွေပေးခဲ့ကြတဲ့ ပြီးခဲ့တဲ့ မျိုးဆက်များရဲ့ အလုပ်တွေထဲက ထုတ်လုပ်ခဲ့တာ ဖြစ်တ လို့ ဆိုပါတယ်။




ဒါတွေအားလုံးကို လူနည်းစုရဲ့ လက်ထဲမှာပဲ ထားရမယ်ဆိုရင် မှန်ပါ့မလ နှစ်ထောင်ပေါင်းများစွာအတွင်းက တီထွင်မှုနဲ့ အလုပ်ရလာဒ်တွေကို ချမ်းသာသူလူနည်းစုအ သီးသန့်ပိုင်ဆိုင်ခွင့်အဖြစ် ထားရတော့မှာလား။ ဒါဆို ဘယ်မှန်တော့မလဲ။






ဒါကြောင့် ဆန်းသစ်ဖန်တီးလုပ်ဆောင်နိုင်စွမ်းဆိုတဲ့ လူသားရဲ့ အကောင်း ည်းအသွေးဟာ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖြစ်သွားပါပြီလို့ မာ့က်စ်က နိဂုံးချုပ် ထားပါတယ်။

အလုပ်သမားရဲ့ လုပ်အားဟာ အလုပ်ရှင်ရဲ့ လက်ထဲမှာ ကုန်စည်ဖြစ်သွားတယ်။ သမား မပိုင်တော့တဲ့ လုပ်အားဖြစ်သွားတယ်။ အလုပ်ရှင်ရဲ့ ပုဂ္ဂလိကပိုင်၊ အလုပ်ရှင်ရဲ့ ဖြစ်သွားတယ်။ အရင်းရှင်တွေရဲ့ ပိုင်ဆိုင်မှုတွေက ပမာဏကြီးလာလေလေ သမားတွေရဲ့ ဘဝက ဆင်းရဲလာလေလေ ဖြစ်ပါတယ်။

ဟီဂယ်ပြောပြောနေတဲ့ ကောင်းခြင်းမင်္ဂလာရှိတဲ့ "လွတ်လပ်မှု" ဆိုတာကြီးက ဒါ
မရှိပါဘူး။ ငွေနည်းနည်းမှ မရှိသူအဖို့က သူတို့ရဲ့ ကာယရော၊ ဉာဏရော ပုံအပ်ရောင်း
(ဆိုလိုတာက) သူတို့ရဲ့ လုပ်အားကို ရောင်းချဖို့ပဲ ရှိတော့တာပါ။ အလုပ်သမား၊ လယ်သမ
ပညာတတ်တွေရဲ့ ဘဝက အဲဒီလိုပါ။ ဒါဟာ ညှစ်ယူမှု၊ တစ်နည်းအားဖြင့် . . .



သွေးစုပ်မှု . . .

. . . ဖြစ်ပါတယ်။

လူတစ်ယောက်ဟာ ဥစ္စာဓနပိုင်ဆိုင်ဖို့အတွက် တခြားလူတစ်ယောက်ဆီမှာ ရှိတာရဖို့ရာ အဲဒီလူဆီမှာ "သူ့ကိုယ်သူရောင်း" လိုက်ရတယ်။ ဒါပေမဲ့ ရောင်းစားရတဲ့ လူဟာ ငွေရလေလေ၊ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်တော့လေလေ ဖြစ်ရတာကို သူ ဘယ်တော့မှ သဘောမပေါက်လာပါဘူး။



ကမ္ဘာပေါ်မှာ မရေမတွ
နိုင်အောင် များပြားလှ
မကောင်းတဲ့ အချင်းအ
များဟာ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို "ကာကွယ်ခြင်း" ကနေ ထွက်ပေါ်လာတာပါ။ မနာလိုဝန်
စစ်ပွဲ၊ ကိုယ်ကျိုးကြီးမှု၊ ရာဇဝတ်မှုများ၊ တရားမမျှတမှု၊ လူထုကြီးရဲ့ ဆင်းရဲမွဲပေ



...ကကာ့အနည်းစုလေးရဲ့ ကြွယ်ဝချမ်းသာမှု စတဲ့ မကောင်းတဲ့ကိစ္စတွေကို
...တယ်။

...မြေအနေကြီးကို ဘယ်လိုပြောင်းလဲပစ်နိုင်မလဲ။




တည်ရှိလာတဲ့ လူတန်းစား "အသစ်" တစ်ရပ်ကို မာ့က်စ်က ရွေးထုတ်ပြပါတယ်။ အဲဒါကတော့ ရှေးရိုးလက်မှုပညာသည်တွေရဲ့ ...စက်တွေက အစားထိုးလိုက်တဲ့ စက်မှုတော်လှန်ရေးကြီးနဲ့အတူ ပေါ်လာတဲ့ ပစ္စည်းမဲ့ ...ားဖြစ်ပါတယ်။






ပစ္စည်းမဲ့ လူတန်းစားဟာ သက်မွေးမှုလုပ်ငန်းမှာ အလုပ်ကိရိယာတွေ ပိုင်လေ့ရှိ အသေးစား လက်မှုပညာသည်တွေနဲ့ မတူပါဘူး။ ပစ္စည်းမဲ့တွေဟာ ထုတ်လု ပစ္စည်းကိရိယာလည်း ပိုင်တာမဟုတ်။ အလုပ်ရဲ့ အထွက်ပစ္စည်းကိုလည်း ပိုင်တာမဟုတ် ဘာပိုင်ဆိုင်မှုမှ ရှိတာမဟုတ်ပါဘူး။

တခြားလူတန်းစားတွေနဲ့ ခြားနားစွာပဲ အလုပ်သမား လူတန်းစားမှာ ပိုင်ဆိုင်တာဆိုလို့ ကိုယ့်ရဲ့လုပ်အားပဲ ရှိတယ်။ ဒါကို "လုပ်သား အင်အားစု" လို့ လူသိများကြပါတယ်။



အနုပဋိလောမကျကျပြောရရင် ဆန့်ကျင်ဘက်များ အတိုက်အခံဖြစ်မှုကို ခွဲခွဲခြ သတ်မှတ်ပေးလိုက်ပါတယ်။ အဲဒီ ဆန့်ကျင်ဘက်တွေကတော့ တစ်ဖက်မှာ အရင်း အခြားတစ်ဖက်မှာ အလုပ်တို့ဖြစ်တယ်။ အဲဒီနှစ်ခုဟာ အတူတူ ရှိနေကြပေမယ့် တစ်ခုနဲ့ အကျိုးစီးပွားချင်း ဆန့်ကျင်နေပါတယ်။



ပြဿနာရဲ့ ပုံကြမ်းကတော့ ရှင်းပါတယ်။ လက်တွေ့သက်သေပြဖို့ပဲ လိုတော့တယ်။ လူတို ခေါင်းရှုပ်သွားစေတဲ့ စိတ်ကူးတည့်သလို ပြောတဲ့ အ စကားမျိုးနဲ့တော့ သက်သေပြလို့ မဖြစ်ဘူး။

"ပုဂ္ဂလိကပိုင်ဆိုင်မှုကြောင့် ကျွန်တော်တို့တစ်တွေ ဘယ်လောက်မိုက်မဲပြီး ဘယ်လေ တစ်ဖက်သတ်ကျနေသလဲဆိုရင် ပစ္စည်းတစ်ခုဟာ ကျွန်တော်တို့ လက်ထဲရှိနေမှ အဲဒီပစ္စည်းကို ကျွန်တော်တို့အရင်းအနှီးအနေနဲ့ အသုံးပြုမှသာ ဒါမှမဟုတ် အဲဒါကို တို ကိုယ်ပိုင်လုပ်ပစ်လိုက်မှသာ၊ စားပစ်လိုက်မှသာ၊ သောက်ပစ်လိုက်မှသာ၊ ဝတ်ပစ်လိုက်မှ





လိုက်မှသာ။ အတိုချုပ်အားဖြင့် အဲဒါကို အသုံးပြုပစ်လိုက်မှသာ အဲဒီပစ္စည်းဟာ တို့ ကိုယ်ပိုင်ပစ္စည်းရယ်လို့ ပြောလို့ရတာပါ။

"ါကြောင့် အဲဒီရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အဓိပ္ပာယ်တွေအားလုံး အဓိပ္ပာယ်တွေအားလုံးကို ခေါင်းစဉ်ပြောင်းထားတာသာဖြစ်တဲ့ အဓိပ္ပာယ်တစ်ခု ပါတယ်။ အဲဒါကတော့ ပိုင်ဆိုင်ခြင်းဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ လူသားတွေဟာ က်တောင် ဆင်းရဲမွဲပြာကျနေရတဲ့အတွက် လူ့ရဲ့စိတ်ပိုင်းဆိုင်ရာ ကြွယ်ဝမှုတွေဟာ ဆိုင်ရာ ကမ္ဘာကြီးကို အရှုံးပေးနာခံလိုက်ရတာ ဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။

"သဘောတရားရေးနယ်ထဲက ပုဂ္ဂလိက ပိုင်ဆိုင်ခြင်းဆိုတဲ့ သဘောသဘာဝ ဖျက်သိမ်းပစ်ဖို့ဆိုရင် ကွန်မြူနစ်ဝါဒဆိုတဲ့ သဘောသဘာဝနဲ့ လုံးဝလုံလောက် ။ လက်တွေ့တကယ်တမ်း ရှိနေတဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ဖို့ဆိုရင် ကွန်မြူနစ်ဝါဒကို အကောင်အထည်ဖော်တဲ့ လုပ်ဆောင်ချက်တွေ ရှိရပါမယ်။ ဟာ အဲဒီလိုဖြစ်လာမှာပါ။ ကျွန်တော်တို့သိထားကြပြီးတဲ့အတိုင်း ကွန်မြူနစ်လှုပ်ရှားမှုဟာ တရားအရပြောရင် သူ့ဟာသူဖြစ်ကို ဖြစ်လာရမယ့် လှုပ်ရှားမှုဖြစ်တယ်။ ဒါပေမဲ့ တွေ့မှာတော့ ဒီလှုပ်ရှားမှုဟာ အလွန်ပဲ ခက်ခဲရှည်ကြာတဲ့ ဖြစ်စဉ်ကြီးဖြစ်ပါလိမ့်မယ်"

(မာ့က်စ် – ၁၈၄၄ ခုနှစ်၊ စာမူများမှ ကောက်နုတ်ချက်)



သူ့ရဲ့ ၁၈၄၄ ခု၊ စာမူများထဲမှာ မာ့က်စ်ဟာ အဘိဓမ္မာရေး သက်သက်အနေနဲ့ပဲ ပြောနေတုန်း ရှိပါသေးတယ်။ မာ့က်စ်ဟာ အလုပ်သမား လူတန်းစားကို တွေ့ရှိထားရုံသာ ရှိပါသေးတယ်။ ဒီလူတန်းစားနဲ့ တကယ့်ထိတွေ့မှု မရှိသေးပါဘူး။ သူ့ကိုယ်သူ ခနရှင် လူတန်းစားအယူအဆ လွှမ်းမိုးမှုအောက်က ရုန်းထွက်ပြီး အရာကိစ္စတွေကို ပစ္စည်းမဲ့ လူတန်းစားရှုထောင့်က ကြည့်လာတာ မရှိသေးသမျှ အရာဝတ္ထုတွေကို တကယ်တမ်း ရှင်းရှင်းလင်းလင်း မြင်ဦးမှာ မဟုတ်ပါဘူး။

အကြောင်းကတော့ ရိုးရိုးလေးပါ။ ကျွန်တော်တို့ရဲ့ဘေးပတ်ဝန်းကျင်မှာ လွှမ်းမိုးနေတဲ့ အဘိဓမ္မာဟာ ဓနရှင်အဘိဓမ္မာသာ ဖြစ်တယ်။ ပစ္စည်းမဲ့အဘိဓမ္မာ မဟုတ်ပါဘူး။ လူနည်းစုလေး အကျိုးအတွက်ဖြစ်တဲ့ အဘိဓမ္မာသာဖြစ်ပါတယ်။




ဒါကို မာ့က်စ်က သတိပြုမိပါတယ်။ ဒါကြောင့် သူဟာ သူ့ဘဝတစ်ခုလုံးမှာ အလုပ်သမ လူတန်းစား အဘိဓမ္မာတစ်ရပ် ထူထောင်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။




. . . လို့ သူစဉ်းစားပါတယ်

"အဘိဓမ္မာအတွက် ရုပ်ဝတ္ထုလက်နက်ကို ပစ္စည်းမဲ့လူတန်းစားအတွင်း တွေ့ရှိလိုက်သလို ပစ္စည်းမဲ့လူတန်းစားအတွက် အတွေးအခေါ်လက်နက်ကို အဘိဓမ္မာထဲမှာ တွေ့ရှိလိုက်ပါတယ်။ ပစ္စည်းမဲ့လူတန်းစား ပပျောက်သွားအော ဖျက်သိမ်းရေးလုပ်ငန်းဖြင့်သာ အဘိဓမ္မာသဘောတရားကို အကောင်အထည် နိုင်ပါတယ်။ နောက်ပြီး အဘိဓမ္မာသဘောတရားကို အကောင်အထည်ဖော်ရေး လုပ်ငန်းနဲ့ ပစ္စည်းလူတန်းစားကို ပပျောက်သွားအောင် ဖျက်သိမ်းနိုင်ပါတယ်"

("ဟီဂယ်၏ အခွင့်အရေးနှင့် ပတ်သက်သော အဘိဓမ္မာအား ဝေဖန်ချက်" ၁၈ လို့ မာ့က်စ်က ရေးခဲ့ပါတယ်။



ဒါပေမဲ့ အရင်းခံလိုအပ်ချက်ကတော့ ပစ္စည်းမဲ့လူတန်းစား ဘာတွေစဉ်းစား ဆိုတာသိဖို့ သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်ရေးအတွက် ပစ္စည်းမဲ့ တန်းစားအတွင်းမှာ နေထိုင်ဖို့ ဖြစ်ပါတယ်။ တော်လှန်ရေးလက်တွေ့လှုပ်ရှားမှု တိုးတက်အရောက်ဆုံး တိုင်းပြည်ကတော့ ပြင်သစ်ပါပဲ။ လူသားသမိုင်းမှာ ပထမဦးဆုံး ဖြစ်ခဲ့တဲ့ တော်လှန်ရေးဖြစ်တဲ့ . . .

## "ပြင်သစ်တော်လှန်ရေး"

. . . ပေါက်ဖွားရာ တိုင်းပြည်ဖြစ်ပါတယ်။

ရှေ့ပိုင်းမှာ သိခဲ့ကြတဲ့အတိုင်း မာ့က်စ်ဝါဒမှာ အခြေခံ ရေသောက်မြစ်ကြီး ၃ ရှိပါတယ်။



ဂျာမန်အဘိဓမ္မာ၊
အင်္ဂလန်နိုင်ငံရေးဘောဂဗေဒနဲ့
ပြင်သစ်ဆိုရှယ်လစ်ဝါဒတို့
ဖြစ်ပါတယ်။

အဘိဓမ္မာရေသောက်မြစ်ကို လေ့လာပြီးတဲ့နောက်မှာ ပြင်သစ်ဆိုရှယ်လစ်ဝါဒဘ အကျဉ်းမျှ လေ့လာကြည့်ကြရအောင်။




. . . အကြောင်း က စလေ့လာကြည့်ပါမယ်။

ပြင်သစ်တော်လှန်ရေးကြီး ရှုံးသွားပြီးနောက် လေးစားဖွယ်ရာ ဂျက်ကိုဘင် များအနေနဲ့လည်း နောက်ဆုတ်နေရတဲ့အချိန်မှာ "တန်းတူညီမျှသူများ လျှို့ဝှက် လှုပ်ရှားမှုအဖွဲ့" လို့ သိကြတဲ့ ဂျက်ကိုဘင်ထဲက အစုတစ်စုဟာ အာဏာရရှိဖို့ လက်နက်ကိုင်တိုက် ဆက်ဆင်နွှဲနိုင်ရေးနဲ့ ဆိုရှယ်လစ်နိုင်ငံတော် ထူထောင်ရေးတို့ကို မျှော်မှန်းခဲ့ကြတယ်။




အကျတော့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ဦးဆုံးအနေနဲ့ ဥစ္စာဝေနေအားလုံးကို သိမ်းလိုက်မယ်။ နောက် ဒါတွေကို ညီတူညီမျှခွဲဝေမယ်။ အများပိုင်စနစ်ကို ထူထောင်မယ်ဆိုတာတွေ ဖြစ်ပါတယ်။ နောက်ပြီး လူတိုင်းလူတိုင်း အလုပ် မလုပ်မနေရ။ အလုပ်မဲ့မနေရဆိုတာလည်း ပါပါတယ်။ ဒါပေမဲ့ ဒီလျှို့ဝှက်လှုပ်ရှားမှုကို အစိုးရက ဖော်ထုတ်နိုင်ခဲ့ပြီး ဘာဘီးဖ်ဟာလည်း အပြစ်ပေးခံရပါတယ်။

ဆိုရှယ်လစ်အရေးအတွက် နောက်တစ်ကြိမ် ကြိုးပမ်းမှုဟာလည်း ပြင်သစ်မှာပဲ ပေါ်ပေါက်ခဲ့ပါတယ်။ နပိုလီယံအစိုးရလက်ထက်မှာပါ။ ဒါပေမဲ့ အဲဒီကြိုးပမ်းမှုတွေဟာ စာပေရေးသားရေး နယ်ပယ်မှာသာ ဖြစ်ခဲ့တာပါ။ ဒီနေရာမှာ နာမည်ကြီး ပုဂ္ဂိုလ်နှစ်ဦးကတော့ စိန့်ဆိုင်မွန်နဲ့ ဖော်ရီယားတို့ ဖြစ်ပါတယ်။ သူတို့ မျှော်မှန်းတဲ့ ဆိုရှယ်လစ်ဝါဒက "စိတ်ကူးယဉ်ဆန်" လို့၊ ဒါမှမဟုတ် "စိတ်ကူးစံအရ ပြီးပြည့်စုံလွန်း" နေလို့၊ သူတို့ကို "စိတ်ကူးယဉ်ဆိုရှယ်လစ်" တွေလို့ လူသိများပါ တယ်။



အောက်ရှိ လူမှုအဖွဲ့အစည်းသစ် တစ်ရပ်ကို ဖွဲ့စည်းဖို့၊ အလုပ်လုပ်ကိုင်မှုကို လူသား တစ်ခုတည်းသော ဂုဏ်သိက္ခာအဖြစ် သဘောထားတဲ့ ဘာသာရေးသစ်တစ်ခု တည်ဆော စတာတွေဖြစ်တယ်။

စိန့်ဆိုင်မွန်ကွယ်လွန်သွားတဲ့အခါ သူ့တပည့်တပန်းများက ဘာသာရေးသစ် တစ် လက်တွေ့ဖော်ဆောင်ခဲ့ပါတယ်။ ဒီဘာသာရေးမှာလည်း သူ့ကိုယ်ပိုင် လုပ်ထုံးတွေ၊ ဝိနည်း အခမ်းအနားတွေ သတ်သတ်မှတ်မှတ် ရှိပါတယ်။ စိန့်ဆိုင်မွန်ရဲ့ သဘောတရားတွေ သိပ္ပံနည်းကျတဲ့ အခြေခံလုံးဝမရှိပါဘူး။ လူတန်းစားတိုက်ပွဲကိုလည်း အသိအမှတ်မပြုပါဘူး




. . . လို့ စိန့်ဆိုင်မွန်က ယူဆပါတယ်

ဖော်ရီယာကတော့ မှုးမျိုးမတ်မျိုးဖြစ်တဲ့ စိန့်ဆိုင်မွန်နဲ့ မတူပါဘူး။ သူ ဆင်းရဲသားပါ။ သူ့ရဲ့ လူမှုစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် လူချမ်းသာတွေ ထောက်ပံ့ငွေရရေးကို ဘဝတစ်လျှောက်လုံး ကြိုးပမ်းခဲ့သူဖြစ်ပါတယ်။

သူက ဘုံအဖွဲ့ကလေးတွေအတွင်းမှာ ကျင့်သုံးတဲ့ “ကွန်မြူနစ်” စနစ်ကို တည်ဆောက်လိုသူ ဖြစ်ပါတယ်။ ဒီဘုံအဖွဲ့တွေအတွင်းမှာ အရာရာတိုင်းကို လူတို့ ဘုံပိုင်ရမယ်။ ဘုံပိုင်အိမ်တွေမှာ နေရမယ်။ စားသုံးသူသမဝါယမတွေ ရှိရမ တချို့အစိတ်အပိုင်းတွေက ချမ်းသာကြွယ်ဝလာတာ မဖြစ်စေဖို့အတွက် ချမ်းသာ ဝေစုလျှော့ယူရမယ်။ ဆင်းရဲသူကို ဝေစုပိုခွဲပေးရမယ်။ (ဒီနည်းနဲ့ ဆင်းရဲချမ်းသာမျှသွားစေ လို့ ဆိုပါတယ်။ သူဟာ တကယ့်လက်တွေ့မှာလည်း အဲဒီလို ဘုံအဖွဲ့ကလေး တည်ဆောက်ခဲ့ပါသေးတယ်။ ဒါပေမဲ့ သူကွယ်လွန်ခါနီးမှာတော့ စိတ္တဇဆေးရုံတစ် နေသွားရပါတယ်။



သူ့အတွေးအခေါ်ထဲမှာ အလေးထားစရာတစ်ချို့ပါဝင်တာတော့ အမှန်ပါပဲ။ ဥပမာ လုပ်သူတွေအချင်းချင်း ပြိုင်ဆိုင်မှုကို ပပျောက်အောင် လုပ်ပစ်ရမယ်။ ဒါမှသာ မကျတဲ့ ပစ္စည်းတွေ၊ အတုအပတွေနဲ့ ဇိမ်ခံပစ္စည်းတွေကို အများကြီးထုတ်လုပ်တာတွေ မှာ ဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်မျိုးပေါ့။

စိန့်ဆိုင်မွန်နဲ့ဖေရီယာတို့ရဲ့ တချို့စဉ်းစားမှုကလေးတွေကို မာ့က်စ် (နဲ့လီနင်) က ရဲ့ လက်တွေ့ပိုကျတဲ့ သဘောတရားရေးရာတွေမှာ ယူသုံးတာတွေ ရှိပါတယ်။ ဒါပေမဲ့ အပြုဆုံး အတွေးအခေါ်တွေကတော့ တခြားပြင်သစ် “ဆိုရှယ်လစ်” သုံးယောက်ဖြစ်တဲ့ ကွီ၊ ပရောက်ဒွန်းနဲ့ အလန့်တို့ဆီက လာတာ ဖြစ်ပါတယ်။





ပရောက်ဒွန်း
(၁၈၀၉ – ၁၈၆၅)

သူကတော့ အစိုးရဖျက်သိမ်းရေး (မင်းမဲ့) ဝါဒီ ဖြစ်တယ်။ ထုတ်လုပ်ရေးနဲ့ ခွဲဝေရေး ပစ္စည်းကိရိယာတွေကို အလုပ်သမား သမဂ္ဂတွေ လက်ထဲ လွှဲပြောင်းပေးရမယ်လို့ ယူဆသူ ဖြစ်တယ်။ ဒါပေမဲ့ အမျိုးသမီးများရဲ့ တန်းတူရေးကိုတော့ သူက ဆန့်ကျင် ပြန်တယ်။ အမျိုးသမီးများ အိမ်တွင်းမှု အလုပ်တွေထဲက လွတ်မြောက်ရေးကို လည်း ပြောင်ဆန့်ကျင်ပါတယ်။ သူဟာ အပြန်အလှန် ကူညီရေး အဖွဲ့ကလေး တွေကို တည်ထောင်ခဲ့ပါတယ်။ . . .



ဘလန့်
(BLANC) (၁၈၁၁–၁၈၈၂)

သူကတော့ အလုပ်သမား ခေါင်းဆောင် တစ်ယောက်ပါ။ အကြမ်းဖက် တော်လှန်ရေး နည်းလမ်းမပါဘဲ ရွေးကောက်ပွဲကို အခြေခံတဲ့ ဥပဒေလမ်းကြောင်းအရ တည်ထောင်တဲ့ ဆိုရှယ်လစ်စနစ် အကြောင်း သဘောတရားတွေ ထုတ်ဖော်သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ အကျော်ကြားဆုံး အဆို ကတော့ "အရည်အချင်း ရှိသလောက် ရရှိရေး မှ လိုသလောက် ရရှိရေးသို့" ဆိုတာပါပဲ။ . . .



မာ့က်စ်ဟာ သူတို့နဲ့ ပဲရစ်မှာ အဆက်အသွယ်ရခဲ့ပါတယ်။ သူတို့ရဲ့ အမှားတွေကို [illegible]ပြဖို့ မကြာခဏကြိုးစားခဲ့တယ်။ တချို့က အရဲစွန့်လှုပ်ရှားရေးဝါဒထဲမှာ [illegible]ချက်တွေ ထားနေကြတယ်။ တချို့ကတော့ မာ့က်စ်ရဲ့ သဘောတရားကို [illegible]ည်ကြဘူး။ သူ့သဘောတရားကို "လက်တွေ့မကျတဲ့ အလကားဟာ" လို့ ပြောသူက [illegible]ပါတယ်။ "အလွန်အကျွံအစွန်းရောက်တယ်" လို့ ပြောသူက ပြောပါတယ်။

ဒီ "စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒသမား" တွေနဲ့ "အစိုးရဖျက်သိမ်းရေး (မင်းမဲ့) [illegible]" တွေရဲ့ အမှားကတော့ အခြေခံအားဖြင့်ပြောရရင် အမြော်အမြင်မဲ့တာ၊ ပြင်ဆင်မှုမဲ့တာ၊ [illegible]ဖူးစမ်းရေးကို အထင်သေးတာ၊ ငြိမ်းချမ်းရာ ဖြစ်ပေမယ့် စနစ်တကျဖြစ်တဲ့ [illegible]စည်းရေးလုပ်ငန်းကို အထင်သေးတာ၊ သမိုင်းဟာ လူတန်းစားတိုက်ပွဲဖြင့် [illegible]ဟိုးတက်တယ်ဆိုတဲ့ သဘောတရားကို ငြင်းပယ်တာတွေပါပဲ။




ဒီလိုနဲ့ မာ့က်စ်ဟာ ပဲရစ်မှာနေစဉ် ကျမ်းတစ်စောင် ဖြည့်စွက်ရေးသားရပါတယ်။ ထူးဆန်းတဲ့ ခေါင်းစဉ်နဲ့ . . .

# "မွန်မြတ်တဲ့ အိမ်ထောင်စု"



. . . ဒါမှမဟုတ်
"ဘရန်တောဝါးနဲ့ အပေါင်းပါတွေကို
ပြင်းထန်စွာ ဝေဖန်ထားတာကို
ဆန့်ကျင်ထားတဲ့ ဝေဖန်ချက်ကျမ်း"
ကို မာ့က်စ်နဲ့ အိန်ဂယ်တို့ ပူးပေါင်းပြီး
ရေးခဲ့ကြတယ် . . .

ဒီစာအုပ်ထဲမှာ မာ့က်စ်က အရင်းရှင်လူ့အဖွဲ့အစည်းထဲမှာ ဖြစ်ပျက်နေ ဆန့်ကျင်ဘက်များအကြား ပဋိပက္ခ (အရင်းနဲ့လုပ်အားအကြား ပဋိပက္ခ) အကြော မှုချဖြစ်ပေါ်မဲ့ အလုပ်သမားလူတန်းစားရဲ့ တော်လှန်ပုန်ကန်မှုအကြောင်းနဲ့ ဒီတော်လှန်မှုကြော ခနရှင်လူတန်းစား မုချရှုံးနိမ့်ရမယ့်အကြောင်းတို့ကို မီးမောင်းထိုးပြခဲ့ပါတယ်။ တိုတိုပြော လူတန်းစားတိုက်ပွဲအကြောင်း ဖြစ်ပါတယ်။

ဒီစစ်တမ်းကို ကမ္ဘာတစ်ဝှမ်းက ဆန့်ကျင်ခဲ့ပါတယ်။ အရင်းရှင်စနစ်က လူတန်းစား တိုက်ပွဲကို ဝါဒဖြန့်ချင်တာ မဟုတ်ပါဘူး။ တိုးတက်ရေး အတွက် "မဟာမိတ်ဖွဲ့မှု" ဆိုတာကိုသာ ဟောပြော ဝါဒဖြန့်စေချင်တယ်။








ဒါပေမဲ့ လူတန်းစားတိုက်ပွဲဆိုတာက မာ့စ်ရဲ့တီထွင်မှုလည်း မဟုတ်ပါဘူး။ ဒါဟာ သမိုင်းစကတည်းက တစ်လျှောက်လုံးရှိခဲ့တာပါ။ (နောင်လည်း အမြဲရှိချင် ရှိနေမှာပါ။ ကတော့ လူတန်းစားတိုက်ပွဲ အမြဲထာဝစဉ်ရှိနေမှာ မဟုတ်ဘူးလို့ ပြောပါတယ်)။



"ပဒေသရာဇ်လူ့အဖွဲ့အစည်း အပျက်အစီးတွေထဲက ထွက်ပေါ်လာခဲ့တဲ့ ခေတ်သစ်ဓနရှင် လူ့အဖွဲ့အစည်းဟာ လူတန်းစားရန်ဘက်ဖြစ်မှုကို ဖျောက်ဖျက်လိုက်တာ မဟုတ်ပါဘူး။ လူတန်းစားသစ်တွေ၊ ဖိနှိပ်မှုအခြေအနေသစ်တွေ၊ တိုက်ပွဲပုံစံသစ်တွေကို ဖန်တီးလိုက်တာ ဖြစ်ပါတယ်။ ဖွဲ့အစည်းကြီး တစ်ခုလုံးအနေနဲ့က ဓနရှင်လူတန်းစားနဲ့ ပစ္စည်းမဲ့လူတန်းစားဆိုတဲ့ က် အင်အားစုကြီးနှစ်ရပ်အဖြစ်သို့ ကွဲသထက် ကွဲထွက်နေပါတယ်။

မာ့က်စ်ဟာ သူများရဲ့ ကျေးဇူးကို ယ်သူ မဟုတ်ပါဘူး။ ၁၈၅၂ ခု၊ လ ၁၅ ရက် ဝေဒမေယောဆီ ) စာမှာ "ကျွန်တော့်အကြောင်း မယ် ဆိုရင် ခေတ်သစ် ့အစည်းမှာ လူတန်းစား ရှိနေတာ၊ လူတန်းစား ပွဲတွေ ရှိနေတာကို ကျ်က စပြီး တွေ့ရှိတာ ပါဘူး။ ကျွန်တော့် မတိုင်ခင် သမိုင်းဆရာတွေက လူတန်းစား



တိုက်ပွဲရဲ့ သမိုင်းရေးရာ ဖွံ့ဖြိုးတိုးတက်မှုအကြောင်း ဖော်ပြခဲ့ပြီးသားပါ။ ခနရှင် ဘောဂဗေ ဆရာတွေကလည်း လူတန်းစားတွေအပေါ် စီးပွားရေးရာ ရှုထောင့်က ခွဲခြမ်းစိတ်ဖြာမှု လုပ်ခဲ့ပြီးသားပါ။ ကျွန်တော့်အနေနဲ့ အသစ်တွေ့ရှိ သက်သေပြခဲ့တာကတော့ (၁) လူတန်း တွေ တည်ရှိနေမှုဟာ ကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ တိကျတဲ့ သမိုင်းအဆ လုံးလုံးဆက်စပ်နေတယ်။ (၂) လူတန်းစားတိုက်ပွဲဟာ ပစ္စည်းမဲ့ အာဏာရှင်စနစ်ဆီ ဦးတည်ဖြစ်ပွားနေတယ်။ (၃) အဲဒီ အာဏာရှင်စနစ် ကိုယ်၌ကလည်း လူတန်းစားအား မပပျောက်သေးမီ လူတန်းစားမဲ့ လူ့အဖွဲ့အစည်း မပေါ်ပေါက်မီ ကြားအဆင့်သာ ဖြစ်တ လို့ ရေးခဲ့ပါတယ်။

အရေးကြီးတာက လူတန်းစားအသီးသီးမှာ သူတို့ကိုယ်ပိုင်အကျိုးစီးပွားတွေ ရှိကြတ လူတန်းစားအသီးသီးဟာ နိုင်ငံတော်အစိုးရအပေါ် ကြည့်မြင်ရာမှာ သူတို့အကျိုးစီးပွား ရပ်ခံကာကွယ်တဲ့ ရပ်တည်ချက်နဲ့ ကြည့်မြင်ကြတယ် ဆိုတာကို ဆုပ်ကိုင်မိဖို့ ဖြစ်ပါတယ်။




ဘာလို့လဲဆိုတော့ လူတန်းစားတစ်ရပ်က တခြားလူတန်းစားတစ်ရပ်ကို သွေးစုပ် အသက်ရှင်ရပ်တည်နေတာရှိနေသရွေ့ ဒီသွေးစုပ်မှုကို ဆန့်ကျင်တဲ့ တိုက်ပွဲဆင်မှုက ရှိနေ ဖြစ်လို့ပါပဲ။






လူတန်းစားတွေအကြား သဟဇာတကျမှုဆိုတာကတော့ သဘောကျစရာ ကောင်းတာပေါ့။ ဒီအခြေအနေမှာ လူတိုင်း ဥစ္စာ ခနအညီအမျှ ရကြမယ်။ ချမ်းမှုရကြမယ်ပေါ့။ ဒါမျိုးဟာ ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ ...




ရင်းရှင်စနစ်မှာ ရည်ရွယ်ချက်တစ်ခုပဲ ရှိတယ်။ အမြတ်ရရေး ရည်ရွယ် ချက်ပါ။ ပုဂ္ဂလိကပိုင်ဆိုင်မှုအပေါ် အခြေခံရတယ်။ ပစ္စည်းမဲ့လူတန်းစားရဲ့ အလုပ်ကို သွေးစုပ်မှ ရတယ်။ ဒါကြောင့် လူတန်းစားသဟဇာတမျှမှု ဆိုတာ မဖြစ်တော့တာပဲ။






## သတိချပ်ဖို့က . . .

မာ့က်စ်ရဲ့ ခေတ်အခါမှာ လွှမ်းမိုးနေတဲ့ ဘာသာရေး ယုံကြည်ချက်တွေကတော့




. . . ဆိုတာတွေ ဖြစ်ပါတယ်။

ဟီဂယ်ကလည်း ဒီအတိုင်း ယုံတာပါပဲ။ သူ့အနေနဲ့ ဆင်းရဲသားတွေအတွက် တောက်ပြောင်တဲ့ အနာဂတ်ကို မမြင်ပါဘူး။ အရင်းရှင်ရဲ့ တောက်ပြောင်တဲ့ အနာဂတ်ကိုပဲ မြင်ပါတယ်။ မာ့က်စအမြင်ကတော့ ဒါနဲ့ တကယ့်ပြောင်းပြန်ပါပဲ။





ဒီ "စနစ်သစ်" အောက်မှာ (အရင်းရှင်စနစ်အောက်မှာ) ဒီစနစ်ရဲ့ သာလွန်ကောင်းမွန်မှုတွေကို အလုပ်သမားတွေ ဘယ်တော့မှ ခံစားရတာ မဟုတ်တဲ့အကြောင်း။ ဒါတွေကို ထုတ်လုပ်ရေး ပစ္စည်းပိုင်ဆိုင်သူတွေသာ ခံစားနိုင်တဲ့အကြောင်း မာ့က်စ်က အလွန်နိုင်မာစွာ ထောက်ပြလိုက်ပါတယ်။ အလုပ်သမားက ဖန်တီးလိုက်တဲ့ အမြတ်ကို အလုပ်ရှင်ကသာ ခိုးယူလိုက်တာပါ။

ဘာလို့ ဒီလိုဖြစ်ရတာလဲ။ ဒီမေးခွန်းကို ဖြေရင်းနဲ့ မာ့က်စ်ဟာ အဘိဓမ္မာပြဿနာတွေကနေ စီးပွားရေးပြဿနာတွေဆီ ဦးလှည့်လာရပါတော့တယ်။ ဒီစီးပွားရေးပြဿနာတွေကို အဘိဓမ္မာနယ်ပယ်ကလူတွေ လျစ်လျူရှုခဲ့လေ့ ရှိပါတယ်။ ဒါပေမဲ့ . . . မာ့က်စ်ကတော့ သူ့ရဲ့ သဘောတရားတွေကို သက်သေပြနိုင်ဖို့ ဒီစီးပွားရေးပြဿနာတွေကို ကျွမ်းကျင်နိုင်အောင် လေ့လာဖို့လိုတာကို သဘောပေါက်ခဲ့ပါတယ်။




ခက်တာကတော့ ဆန်းလှပါတယ်။ မာ့က်စ်ဟာ သူ့ကိုယ်တိုင်ရဲ့ ငွေရေးကြေးရေး ပြဿနာတွေကိုတော့ ဘယ်တုန်းကမှ ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့တာ မဟုတ်ပါဘူး။ (သူ့မိသားစုဟာ မကြာမဏဆိုသလို အငတ်ငတ်အပြတ်ပြတ် နေခဲ့ရပါတယ်)။ ဒါပေမဲ့ သူဟာ လန်ဒန်၊ ပဲရစ်၊ ရောမ၊ ဘာလင်၊ ဘရပ်ဆဲစတဲ့ စတဲ့ နေရာတွေက သန်းပေါင်းများစွာသော ဖိနှိပ်ခံအလုပ်သမားတွေရဲ့ ပြဿနာကိုတော့ ဖြေရှင်းချင်နေပါတယ်။

ဒါ့ဒီအချိန်မှာ မာ့က်စ်ဟာ အဆင်းရဲဆုံးအချိန် ဖြစ်နေတယ်။ လခဆိုတာ မရှိပါဘူး။ ပိုက်ဆံရှိတာလည်း မရှိပါဘူး။ အရင်းဆိုလို့ . . .





သူ့ရဲ့မိတ်ဆွေရင်းချာကြီး အိန်ဂယ်ဆီရေးတဲ့ မာ့က်စ်ရဲ့ စာထဲက ကောက်နုတ်ချက်ကို ဖတ်ကြည့်လိုက်ရ ပိုရှင်းပါလိမ့်မယ်။

မာ့က်စ်မှ အိန်ဂယ်သို့ ပေးစာ (၁၈၅၂၊ စက်တင်ဘာလ ၈ ရက်)။

"အခြေအနေဆိုးတွေအကြောင်း အဝေးက ကြားရရုံကလေးမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် အခြေအနေဆိုးထဲမှာ ကျရောက်နေတဲ့အခါမျိုးတွေမှာ ကျွန်တော် သိပ်တုန်လှုပ်တတ်တာ မဟုတ်မှန်း ခင်ဗျားလည်း ကျွန်တော့်စာတွေ ဖတ်ရင်း သဘောပေါက်ပြီးဖြစ်မှာပါ။ ဒါပေမဲ့ဗျာ . . အခုတော့ ကျွန်တော့်အိမ်ဟာ လူမမာတွေနဲ့ ဆေးရုံတစ်ခုလို ဖြစ်နေတယ်။ အခြေအနေဟာ ဆိုးဝါးလိုက်သမှ ကျွန်တော်ကိုယ်တိုင် အကုန်ဝင်လုပ်နေရတယ်။ ကျွန်တော့်မိန်းမက ဖျားနေတယ်။ သမီးဂျင်နီချန်ကလည်း ဖျားနေတယ်။ လင်ချင်ကလည်း အာရုံကြောအဖျား ရောဂါတစ်ခု ဖြစ်နေတယ်။ ကျွန်တော့်မှာ ဆေးဖိုးငွေမရှိလို့ ဆရာဝန်မပင့်နိုင်ဘူး။ မိသားစုကို ၈ ရက်၊ ၁၀ ရက်လောက် အာလူးနဲ့ပေါင်မုန့် ကျွေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ဒီနေ့ကျွေးနိုင်ပါ့မလား မသေချာဘူး။ ဒါနာမှာထည့်ဖို့ ဆောင်းပါးမရေးနိုင်ဘူး။ အကြောင်းကတော့ သတင်းစာသွားဖတ်ဖို့ ငွေတစ်ပြားမှ မရှိလို့ဘဲ။ ဒါသာမက ပေါင်မုန့်ဖိုး၊ နွားနို့ဖိုးသမား၊ ဟင်းသီးဟင်းရွက်ဆိုင်နဲ့ အသားဆိုင်တို့က အကြွေးတွေလည်း ရှိသေးတယ်။ ဒီလောက်ဆိုးဝါးလှတဲ့ ပြဿနာအားလုံးကို ကျွန်တော် ဘယ်လိုဖြေရှင်းရပါ့မလဲဗျာ။ နောက်ဆုံးအနေနဲ့ ပြောစရာကတော့ လွန်ခဲ့တဲ့ဆယ်ရက်လောက်အတွင်း ငွေလေးနည်းနည်းပါးပါး ချေးငှားလို့ရခဲ့ပါတယ်။ ဒါလေးမှ မရခဲ့ရင်လည်း ကျွန်တော်တို့တတွေ သေမင်းကို အရှုံးပေးရတော့မယ့် ကိန်းပဲ"။



# နိုင်ငံရေးဘောဂဗေဒ

စီးပွားရေးပြဿနာတွေထဲမှာ လုပ်ခပြဿနာကို မာ့က်စ်က စတင်ကိုင်တွယ်ပါတယ်။

လုပ်ခဆိုတာ ဘာလဲ . . .

"ခင်ဗျားလုပ်ခ ဘယ်လောက်ရသလဲ" လို့ အလုပ်သမားတွေကို မေးလိုက်ရင် တစ်ယောက်က "ကျွန်တော်တစ်နေ့ကို မတ်ငွေ တစ်ကျပ်ရတယ်" ဖြေမယ်။ တခြားတစ်ယောက်က "တစ်နေ့ ၂ ကျပ်" စသည်အားဖြင့် အသီးအသီးဖြေကြ ပါလိမ့်မယ်။ လုပ်ငန်း မတူရင်မတူတဲ့အလျောက် တစ်စုံတစ်ရာသော အချိန်အတိုင်း အတာအတွက် သို့မဟုတ် တစ်စုံတစ်ရာသော အလုပ်ပြီးစီးမှုပမာဏအတွက် (ဥပမာ အထည်တစ်ကိုက် ယက်လုပ်တဲ့အတွက်၊ စာတစ်မျက်နှာ စာစီတဲ့အတွက်) အလုပ်ရှင်တွေဆီကရတဲ့ ငွေပမာဏဟာ အမျိုးမျိုးဖြစ်နေပါလိမ့်မယ်။ ဘယ်လိုပဲ မတူမညီဖြစ်နေကြပေမယ့် အားလုံးသဘောတူကြမယ့် အချက်တစ်ချက် ရှိပါတယ်။ အဲဒါကတော့ လုပ်ခဆိုတာဟာ အလုပ်ရဲ့တစ်စုံတစ်ရာသော အချိန်ကာလ အတွက် သို့မဟုတ် အလုပ်ရဲ့ တစ်စုံတစ်ရာသော အထွက်ပစ္စည်းအတွက် အရင်းရှင်တစ်ယောက်ကပေးတဲ့ ငွေပမာဏဖြစ်တယ်ဆိုတာပါပဲ။

ဒါကြောင့် အရင်းရှင်က အလုပ်သမားတွေ လုပ်ဆောင်တဲ့အလုပ်ကို ငွေပေး ဝယ်တဲ့ သဘောဖြစ်နေပါတယ်။ အလုပ်သမားတွေက သူတို့အလုပ်ကို အရင်းရှင်ဆီမှာ ငွေရဖို့ရောင်းစားတဲ့သဘော ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒါဟာ အပေါ်ယံ သဘောသာဖြစ်ပါတယ်။ အရင်းရှင်ဆီမှာ အလုပ်သမားတွေ ရောင်းလိုက်တာက သူတို့ရဲ့ လုပ်အားပဲ ဖြစ်ပါတယ်။ အရင်းရှင်က အဲဒီတစ်နေ့တာ သို့မဟုတ် တစ်ပတ်တာ သို့မဟုတ် တစ်လတာလုပ်အားကို ဝယ်လိုက်တယ်။ ဝယ်ပြီးရင် လုပ်အားကို သူက အသုံးပြုပါတယ်။ အသုံးပြုနည်းကတော့ နှစ်ဖက်သဘောတူ ထားသား အချိန်အတိုင်းအတာအတွင်းမှာ အလုပ်သမားကို အလုပ်လုပ်ခိုင်းတာ ပါပဲ။

အရင်းရှင်က အလုပ်သမားတွေရဲ့ လုပ်အားကို ဝယ်ရာမှာ ကုန်တဲ့ငွေပမာဏ၊ ဥပမာ မတ်ငွေနှစ်ကျပ်နဲ့ သကြားနှစ်ပေါင် သို့မဟုတ် တခြားကုန်ပစ္စည်း တစ်စုံတစ်ရာ အတိုင်းအတာဝယ်နိုင်မှာပါ။ သကြားနှစ်ပေါင်ကို ဝယ်လိုက်တဲ့ မတ်ငွေနှစ်ကျပ်ဟာ သကြားနှစ်ပေါင်ရဲ့ ဈေးနှုန်းဖြစ်ပါတယ်။ အရင်းရှင်က ၁၂ နာရီကြာ သုံးနိုင်တဲ့လုပ်အားကို ဝယ်လိုက်တဲ့ မတ်ငွေနှစ်ကျပ်ဟာလည်း ၁၂ နာရီလုပ်အားရဲ့ ဈေးနှုန်းဖြစ်ပါတယ်။ ဒါကြောင့် လုပ်အားဆိုတာလည်း သကြားလိုမျှသာဖြစ်တဲ့ ကုန်ပစ္စည်းတစ်ခုပါပဲ၊ လုပ်အားကို နာရီနဲ့တိုင်းတာပြီး သကြားကိုတော့ အလေးချိန်နဲ့တိုင်းတာတာ ဖြစ်ပါတယ်။

(မာ့က်စ်ရေး "လုပ်ခ၊ အလုပ်နဲ့အရင်း" မှ)

ဆိုလိုတာကတော့ အလုပ်သမားက သူ့ရဲ့ကုန်ပစ္စည်း (လုပ်အား) ကို ဒါနဲ့ တန်ဖိုးညီ (တယ်လို့ အလုပ်ရှင်က ပြော) တဲ့လုပ်ခနဲ့ ဖလှယ်တယ်။ ဒီလုပ်ခ နဲ့ သူ့အသက်ရှင်ရေးအတွက် လိုအပ်တာတွေ (မီးထွန်းဖို့၊ စားဖို့၊ နေဖို့၊ ဝတ်ဖို့ စတာတွေ) ဝယ်ဖို့ ဖြစ်ပါတယ်၊ မသေရုံတမယ် နေထိုင်ရဖို့သာ ဖြစ်ပါတယ်။ အလုပ်သမားရဲ့ အခြေခံဘဝလိုအပ်ချက်တွေအပေါ် အခြေခံတွက်ချက်ပြီး လုပ်ခပေးတာဟာ အလွန်ကောင်းမွန်မျှတတဲ့ဟာပဲလို့ အလုပ်ရှင်ကတော့ စောဒက တက်ချင်တက်မှာပါ။




. . . ဟုတ် မဟုတ် အလုပ်သမားရဲ့ အလုပ်ကရတဲ့ အမြတ်နဲ့နှိုင်းယှဉ်ကြည့်ကြ အောင်။ ကိုယ်တိုင် " အလုပ်ရှင် " တစ်ယောက်လည်းဖြစ်တဲ့ အိန်ဂယ်က ဒီလို ရှင်း ပါတယ် . . .





စက်ပြင်ဆရာ အလုပ်သမားတစ်ယောက်ဟာ တစ်နေ့တာအတွင်းမှာ စက်ပစ္စည်းအစိတ်အပိုင်းတစ်ခုကို အပြီးလုပ်ရတယ် ဆိုကြပါစို့။ လုပ်ဖို့ အဆင် သင့်ကြိုပြင်ထားရတဲ့ ကုန်ကြမ်းဖြစ်တဲ့ သံထည်၊ ကြေးထည်ပစ္စည်းရဲ့တန်ဖိုးက မတ်ငွေ ၂၀ တန်တယ် ဆိုပါစို့။ မျှတွက်လိုက်ရင် အဲဒီအလုပ်သမားတစ်ယောက်တည်းက တစ်နေ့တာအတွင်း သုံးလိုက်တဲ့ ရေနွေးငွေ့အင်ဂျင်လောင်စာ ကျောက်မီးသွေးဖိုး၊ အင်ဂျင်ပွန်းပဲ့စရိတ်၊ တွင်ခုံနဲ့ တခြားအလုပ်ကိရိယာတွေရဲ့ ပွန်းပဲ့စရိတ်တွေက မတ်ငွေတစ်ကျပ်ကျတယ် ဆိုပါစို့။ သူ့ကိုပေးရတဲ့ တစ်နေ့တာ လုပ်ခက မတ်ငွေ ၁ ကျပ် ဆိုပါစို့။ ဒီတော့ ဒီစက်ပစ္စည်းတစ်ခုအတွက် ကုန်ကျစရိတ်က မတ်ငွေ ၂၄ ကျပ်ကျပါတယ်။ ဒါပေမဲ့ ရောင်းတဲ့အခါ စက်ပစ္စည်းတစ်ခုကို ပျမ်းမျှမတ်ငွေ ၂၇ ကျပ် ရမယ်လို့ အရင်းရှင်က တွက်ပါတယ်။ သူ့အရင်းငွေထက် ၃ ကျပ် ပိုရမယ်ပေါ့။

ဒါဆို အရင်းရှင်ရဲ့ အိတ်ကပ်ထဲရောက်သွားတဲ့ မတ်ငွေ ၃ ကျပ်က ဘယ်က လာသလဲ။

ရှေးရိုးဘောဂဗေဒသဘောတရားအရ ပြောရရင် ကုန်ပစ္စည်းတွေကို ပျမ်းမျှ အားဖြင့် သူတို့ရဲ့တန်ဖိုးနဲ့အညီ (ဆိုလိုတာက ကုန်ပစ္စည်းတွေထဲမှာ ပါဝင်နေတဲ့ လိုအပ်တဲ့အလုပ်ရဲ့ ပမာဏနဲ့ ကိုက်ညီတဲ့ ဈေးနှုန်းနဲ့အညီ) ရောင်းကြတာ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပမာပေးထားတဲ့ အထက်ပါ စက်ပစ္စည်း အစိတ်အပိုင်းရဲ့ ပျမ်းမျှဈေးဖြစ်တဲ့ မတ်ငွေ ၂၇ ကျပ်ဟာ သူ့ရဲ့တန်ဖိုးနဲ့ ညီမျှပါ လိမ့်မယ်။ ဆိုလိုတာက ဒီပစ္စည်းထဲမှာ ပါဝင်နေတဲ့ အလုပ်သမားလခနဲ့ ညီမျှပါလိမ့်မယ်။ အဲဒီ ၂၇ ကျပ်ထဲမှာ ၂၁ ကျပ်က စက်ဆရာအလုပ်သမား အလုပ်မစခင် ပါဝင်နေပြီးသား တန်ဖိုးဖြစ်ပါတယ်။ မတ်ငွေ ၂၀ က ကုန်ကြမ်း ပစ္စည်းအတွက်၊ မတ်ငွေ ၁ ကျပ်က လုပ်နေတုန်းကုန်တဲ့ ကျောက်မီးသွေးအတွက် သို့မဟုတ် လုပ်နေတုန်းသုံးလိုက်တဲ့ စက်တွေ၊ အလုပ်ကိရိယာတွေ ပွန်းပဲ့သွားတဲ့အတွက် ဖြစ်ပါတယ်။ အဲဒီတော့ ကုန်ကြမ်းပစ္စည်းစတဲ့ တန်ဖိုးတွေနှုတ်လိုက်ရင် မတ်ငွေ ၆ ကျပ်ကျန်ပါသေးတယ်။ ကျွန်တော်တို့ရည်ညွှန်းတဲ့ ဘောဂဗေဒဆရာတွေ ကိုယ်တိုင်ရဲ့ယူဆချက်အရပဲ ပြောရရင် ဒီမတ်ငွေ ၆ ကျပ်ဟာ ကုန်ကြမ်း ပစ္စည်းတွေကို ထပ်လောင်းပေါင်းထည့်ပေးတဲ့ အလုပ်သမားရဲ့အလုပ်ကပဲ ထွက်ပေါ်လာနိုင်တာပါ။ သူ့ရဲ့ ၁၂ နာရီကြာ အလုပ်က မတ်ငွေ ၆ ကျပ်မျှသော တန်ဖိုးသစ်ကို ဖန်တီးလိုက်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ၁၂

နာရီကြာအလုပ်ရဲ့ တန်ဖိုးဟာ မတ်ငွေ ၆ ကျပ်နဲ့ ညီပါတယ်။ ဒီတော့ "အလုပ်ရဲ့ တန်ဖိုး" ဆိုတာ ဘာလဲဆိုတဲ့အချက်ကို တွေ့ရှိလိုက်ပြီ ဖြစ်မှာပါ။

(အိန်ဂယ် – "လုပ်ခ၊ အလုပ်နဲ့အရင်း" စာအုပ်အတွက် အမှာစာ)

ဒါပေမဲ့ အလုပ်သမားတွေကတော့ တစ်ယောက် ၃ ကျပ်စီပဲ ရကြတယ်။ တစ်နည်းပြောရရင် အလုပ်ရှင်ကတော့ တစ်ရက်အတွင်း အလုပ်သမားတွေအားလုံးမှ စုစုပေါင်းငွေနဲ့ ညီမျှတဲ့ဝင်ငွေ ရလိုက်တယ်။ သူက နည်းနည်းလေးမှ အလုပ်မလုပ် ရလိုက်တာ ဖြစ်တယ်။




. . . လို့ သူက ပြောပါလိမ့်မယ်။

လုပ်ခကို ပုံသေမပြောင်းဘူးလို့ ယူဆပြီးတွက်ရင် ၁၂ နာရီအလုပ်ချိန်အတွင်း အလုပ်သမားဦးရေနဲ့ ညီမျှတဲ့အဆနဲ့ အလုပ်ရှင်က အလုပ်သမားထက်ပိုပြီး ငွေ ရနေတဲ့သဘော ဖြစ်ပါတယ်။

အလုပ်သမားဟာ အသက်ရှင်ရေးအတွက် အလုပ်လုပ်ရတယ်ဆိုတာ ပြောနေဖို့တော့ မလိုပါဘူး။ အလုပ်သမားရတဲ့ ဝင်ငွေဟာ သူ့မိသားစုနေထိုင်ရေးအတွက် သုံးရပါတယ်။ အလုပ်သမားဟာ သူ့ရဲ့ဘဝမှာ နုပျိုသန်မာတဲ့ အချိန်တွေကို သူမလုပ်ချင်တဲ့အလုပ်တွေလုပ်ပြီး ကျော်ဖြတ်ရပါတယ်။ အလုပ်ရှင်ကတော့ ချမ်းသာသထက် ချမ်းသာနေပါတယ်။

အလုပ်ရှင်တွေက မာ့က်စ်ရဲ့ သဘောတရားကို တိုက်နိုင်ဖို့ နည်းနာတွေ့လို တွေ့ကြ သူတို့ရဲ့ ဘောဂဗေဒပညာရှင်တွေ၊ အတွေးအခေါ်ပညာရှင်တွေဆီ အပြေးအလွှားသွားရော တိုင်ပင်ကြတဲ့အချိန်မှာ မာ့က်စ်က ဆက်လက်ပြောဆိုတာက "လုပ်ခဆိုတာ တစ်စုံတစ်ရာသော ကုန်ပစ္စည်းရဲ့ ဈေးနှုန်းဖြစ်တယ်။ ကုန်ပစ္စည်းတစ်ခုရဲ့ ဈေးနှုန်း ဘာတွေအဆုံးအဖြတ်ပြုသလဲ"။






ကုန်ပစ္စည်းတိုင်းရဲ့ ဈေးနှုန်းကို ဆုံးဖြတ်တာက ပြိုင်ဆိုင်မှုပဲ။ ပိုပြီး တိတိကျကျ ပြောရရင် ပြိုင်ဆိုင်မှုသုံးမျိုးပဲ။ . . .




တို့ ဖြစ်ပါတယ်။

. . . ကုန်ပစ္စည်း တစ်မျိုးတည်းကို ဈေးသည်တွေ အများကြီးက ရောင်းချနေကြရင် သူတို့ဟာ အပြိုင်အဆိုင်တွေ ဖြစ်လာတယ်။ ဈေးလျှော့ရောင်းတဲ့နည်းကို သုံးလာ ကြတယ်။ ဒါကြောင့် . . .






ဈေးကွက်မှာရှိတဲ့ကားက အစင်းရေ ၁၀၀၊ ဝယ်ချင်သူက ၁၀၀၀ ဖြစ်နေရင် ကားဈေး ရောင်းသူအလိုကျ ဈေးတက်သွားမှာပဲ။ ဒါပေမဲ့ ကားက အစင်းရေ ၁၀၀၊ ဝယ်ချင်သူ ၂၀ ယောက်ပဲ ဆိုရင်တော့ ကားဈေးက ဝယ်သူအလိုကျ ဈေးဖြစ်သွားဖို့ များတယ်။

ထုတ်လုပ်ဈေးအကြောင်း ပြောရမယ်ဆိုရင် ဥပမာ – ကားတစ်စင်းဆိုပါ ကားထုတ်လုပ်တဲ့ စရိတ်က ပေါင် ၁၀၀၀ ကျတယ်ဆိုပါစို့။ ဒီစရိတ်အပြင် ထပ်တိုးလာတာတွေ နောက်ကွယ်က စရိတ်တွေပဲ။ ဥပမာ – ကြော်ငြာစရိတ်၊ အများပြည်သူနဲ့ ဆက်ဆံရေးကိစ္စ ဆောင်ရွက်မှုစရိတ်၊ ဖြန့်ဝေသူတွေအတွက် အမြတ်၊ အခွန်ငွေ၊ ထုတ်လုပ်သူအတွ အမြတ်စတာတွေ ဖြစ်ပါတယ်။ ဒီတော့ . . .










မာ့က်စ်က အရောင်းကိုယ်စားလှယ်တို့၊ အများပြည်သူ ဆက်ဆံရေးတို့၊ ကြော်ငြာသမားတို့လို နောက်ပေါ်အရာတွေကိုတော့ ဘယ်သိပါ့မလဲ။ ဒီအရာတွေ အားလုံးဟာ ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကို အကြီးအကျယ် ဖောင်းပွစေပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့။ လူချမ်းသာတွေရတဲ့ အမြတ်ဟာ အကန့်အသတ် ရှိ မရှိ။ ရှိရင်လည်း ဘယ်လောက်နှုန်းနဲ့ ကန့်သတ်ထားသလဲဆိုတာ မေးစရာဖြစ်လာတယ်။ ဥပမာ – ၁၀ ရာခိုင်နှုန်းအမြတ်ဆိုရင် မျှတမလား . . . လက်ခံနိုင်မလား . . . ဆိုတာမျိုးပေါ့ . . . ။



ဒါကြောင့် အလုပ်ရှင်ရဲ့ အရင်းအနှီးကို နေ့စဉ်နဲ့အမျှ ကြီးထွားနေစေတာ အလုပ်သမားရဲ့ လုပ်အားသာ ဖြစ်တယ်။ ချမ်းသာသူတွေကတော့ ကြာလေ ချမ်းသာလေ၊ ဆင်းရဲသူတွေမှာတော့ ရတဲ့လုပ်ခနဲ့ အလျင်မမီလို့ ဝလင်တယ်လို့ကို မရှိဘူးပေါ့။




အရင်းရှင်ရဲ့ အရင်းငွေနဲ့ အလုပ်သမားရဲ့အလုပ်ပေါင်းပြီး ကုန်ပစ္စည်းထုတ်လုပ်လိုက်တဲ့ ထွက်လာတဲ့ အမြတ်ကတော့ အလုပ်သမားဆီ မသွားဘူး။ အရင်းရှင်ဆီပဲ ပြန်ဝင်သွားပြီး အရင်းငွေတိုးလာပြန်တယ်။ ဒါကြောင့် တစ်ယောက်က ကြာလေ ချမ်းသာလေဖြစ်ပြီး တခြားတစ်ယောက်ကတော့ ကြာလေ ကျပ်တည်းလေ ဖြစ်လာတယ်။

ဒီလိုနဲ့ မာ့က်စ်ဟာ အရင်းရှင်စနစ်ရဲ့ အခြေခံကိုရှာဖွေတွေ့ရှိလိုက်ပါတယ်။ အဲဒီအခြေခံကတော့ လူသိများတဲ့ . . .

## “အစွန်းထွက်တန်ဖိုး”

. . . ဆိုတာပါပဲ။

အရင်းရှင်စနစ်ရဲ့ အခြေခံပုံသေနည်းက အတော်ရိုးစင်းပါတယ်။ အမြတ် နဲ့ ပြန်ရောင်းဖို့ ဝယ်ယူပါဆိုတာပါပဲ။ အဲဒီအရောင်းအဝယ်လုပ်မှုကနေ ထွက်လာတဲ့ ငွေတန်ဖိုးတိုးပွားလာမှုကို မာ့က်စ်က အစွန်းထွက်တန်ဖိုးလို့ ခေါ်ဝေါ်ထားပါတယ်။

မာ့က်စ်ရှင်းပြထားတာက အစွန်းထွက်တန်ဖိုးဆိုတာဟာ ကုန်တွေဖလှယ်ရာကနေ သက်သက်ကနေ ထွက်မလာနိုင်ဘူး။ ဘာလို့လဲဆိုတော့ ကုန်ဖလှယ်တယ်ဆိုတာ တန်ဖိုးညီမျှတာ အချင်းချင်းဖလှယ်တာ ဖြစ်လို့ပါပဲ။ တခြားကုန်ပစ္စည်းကို ဝယ်ချင်လို့ ရှိတဲ့ကုန်ပစ္စည်းကို ရောင်းတာ ဖြစ်လို့ပါပဲ။





ဈေးနှုန်းကို တိုးမြှင့်ပြီး ရောင်းလိုက်လို့လည်း အစွန်းထွက်တန်ဖိုး ထွက်မလာနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ဈေးမြှင့်လို့ ရောင်းသူမြတ်တာနဲ့ ဝယ်သူရှုံးတာတို့ဟာ အပြန်အလှန် ချေဖျက်လိုက်ကြမှာ ဖြစ်လို့ပါပဲ။




အစွန်းထွက်တန်ဖိုး (ထပ်လောင်းအမြတ်) ရဖို့ဆိုရင် ငွေရှင်၊ ကြေးရှင်အဖို့ တန်ဖိုးဖန်တီးနိုင်တဲ့ အထူးအရည်အသွေးရှိတဲ့ ကုန်ပစ္စည်းတစ်မျိုးကို ပေါက်ဈေးနဲ့ ဝယ်ဖို့ ဈေးကွက်မှာ လိုက်ရှာရပါမယ်။




အရင်းရှင်ဟာ အလုပ်သမားရဲ့ လုပ်အားကို တခြားကုန်ပစ္စည်းတွေလိုပဲ သဘောထားပြီး ဝယ်လိုက်ပါတယ်။ ပြီးတော့ ရှစ်နာရီ လုပ်ခိုင်းပါတယ်။ (မာ့က်စ်တို့ ခေတ်ကတော့ တစ်ရက်ကို ၁၂ နာရီက ၁၅ နာရီထိ လုပ်ရပါတယ်။)

(ဥပမာ) အလုပ်သမားက သူ့ဘဝအသက်ရှင်ရေးအတွက် လုံလောက်တဲ့ အထွက်ပစ္စည်းကို (လိုအပ်သော အလုပ်ချိန်) ၆ နာရီနဲ့ လုပ်နိုင်တယ် ဆိုပါစို့။




. . . ကျန်တဲ့ ၂ နာရီအတွင်းမှာ
သူက အခြားကုန်ပစ္စည်း (အစွန်း
ကုန်ပစ္စည်း) ကို လုပ်ပေးလိုက်ရတာ
ဒီအတွက် အလုပ်ရှင်က သူ့ကို ဘာမှ ပေး
မဟုတ်ပါဘူး။




အစွန်းထွက်တန်ဖိုး ရနေတာကြောင့် အလုပ်ရှင်က ပိုချမ်းသာလာတ
အလုပ်သမားကတော့ အစွန်းထွက်တန်ဖိုးထဲက တစ်ပြားမှ ရတာမဟုတ်ပါ
အလုပ်ခွင်အခြေအနေ ကောင်းမွန်ရေးအတွက် ငွေကြေးတချို့ သုံးစွဲနိုင်
အကြောင်းရှိတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အစွန်းထွက်တန်ဖိုးဟာ အရင်းရှင်ရဲ့ ဘဏ်တို
တိုက်ရိုက်ရောက်သွားတာပါ . . .






အလုပ်သမားထုတ်လုပ်လိုက်တဲ့ အထွက်နှုန်းကို တိုးမြှင့်ပေးတာနဲ့ သူ့ရဲ့ ...ကုန်ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ပေးတာတို့ဟာ အစွန်းထွက်တန်ဖိုးကိုလည်း မြင့်လာစေတယ်။ ...ဟာ လက်ရှိအရင်းရှင်စနစ်ရဲ့ လှည့်စားချက်ပဲ ဖြစ်တယ်။

...ထုတ်လုပ်မှုစွမ်းရည် မြင့်တက်လာတာဟာ တကယ်တော့ အလုပ်ရှင်ရဲ့ အရင်းအနှီးကို ...ပွားစေတဲ့ အလုပ်သမားအားလုံးရဲ့ ဆင်းရဲမှုကိုလည်း တိုးပွားစေတဲ့ နည်းနာတစ်ရပ်သာပဲ ...တယ်။

...လုပ်ခကို သင့်တော်စွာ တိုးပေးလိုက်ရင် ပြဿနာတွေ ပြေလည်သွားမှာပဲလို့ ...သူတွေ ရှိကြမှာပါပဲ။ မာ့က်စ်က ဒါကို လက်မခံပါဘူး။ သူက ရှင်းပြပါတယ်။

"တကယ့်လုပ်ခပမာဏက မပြောင်းမလဲဖြစ်နေနိုင်ပါတယ်။ တက်တောင်မှ ...သွားနိုင်ပါတယ်။ ဒါပေမဲ့ နှိုင်းယှဉ်ချက်လုပ်ခ (နှိုင်းရလုပ်ခ) ကတော့ ...တတ်ပါတယ်။ ဥပမာ ဆိုပါစို့။ နေထိုင်မှုပစ္စည်းတွေရဲ့ ဈေးနှုန်းက သုံးပုံ ...ကျသွားပြီး ဒီအချိန်မှာ တစ်နေ့တာလုပ်ခကတော့ သုံးပုံတစ်ပုံပဲ လျော့သွားတယ်။ ...လုပ်ခ မတ်ငွေသုံးကျပ်ကနေ နှစ်ကျပ်ရောက်သွားတယ် ဆိုပါစို့။ အလုပ်သမားအနေနဲ့ ...က သူရတဲ့ သုံးကျပ်နဲ့ဝယ်စဉ်ကထက် ပိုများတဲ့ ကုန်ပစ္စည်းတွေကို အခုရတဲ့ ...ကျပ်နဲ့ ဝယ်ခြမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အရင်းရှင်ရဲ့အမြတ်နဲ့ နှိုင်းစာတွက်ချက်တဲ့ ...သမားရဲ့လုပ်ခဟာ ကျဆင်းသွားပါတယ်။ အရင်းရှင်ရဲ့ (ဥပမာ စက်ပိုင်ရှင်ရဲ့) ...မှာ မတ်ငွေတစ်ကျပ် တိုးလာတယ်။ ဒါရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတော့ အရင်းရှင်က ...သမားကို အရင်ကထက် လျော့နည်းစွာပေးလိုက်တဲ့ ဖလှယ်မှုတန်ဖိုးအတွက် ...သမားဟာ အရင်ကထက် ပိုများတဲ့ ဖလှယ်မှုတန်ဖိုးကို ဖန်တီးထုတ်လုပ်ပေးလာရ ... အရင်းနဲ့အလုပ်ရဲ့ အချိုးအဆပမာဏဟာ မြင့်တက်လာတယ်။ လူ့အဖွဲ့အစည်းရဲ့ ...တွေကို အရင်းနဲ့အလုပ်အကြားမှာ ခွဲဝေမှုဟာ အရင်ကထက်တောင် ပိုပြီးမညီမမျှ ...တယ်။ အရင်ကနဲ့ တူညီတဲ့အရင်းပမာဏဟာ အရင်ကထက် ပိုများတဲ့ အလုပ်ပမာဏကို ...ပ်နိုင်စွမ်း ရှိလာတယ်။ အရင်းရှင်လူတန်းစားရဲ့ အလုပ်သမားလူတန်းစားအပေါ် ...မှုအားဟာ ကြီးမားလာတယ်။ အလုပ်သမားရဲ့ လူမှုရေးအဆင့်ဟာ ပိုဆိုးဝါးသွားတယ်။ ...ရှင်ရဲ့ လူမှုရေးအဆင့်အောက်ကို နောက်တစ်ဆင့်လျော့ကျသွားတယ်။

"ဒါဆိုရင် အတုံ့အပြန်ဆက်ဆံမှုဖြစ်စဉ်အတွင်းက လုပ်ခနဲ့အမြတ်တို့ရဲ့ အတက်အကျကို ...ဖြတ်ပေးတဲ့ ယေဘူယျတရားဟာ ဘာလဲ။

"သူတို့ဟာ ပြောင်းပြန်အချိုးကျပါတယ်။ အလုပ်ရဲ့ နှိုင်းယှဉ်ချက်အချိုး ပမာဏဖြ လုပ်ခကျရင် ကျသလောက်အရင်းရဲ့နှိုင်းယှဉ်ချက်အချိုး ပမာဏဖြစ်တဲ့ အမြတ် မြင့်တက်ပါတယ်။ ဒီလိုပါပဲ . . . လုပ်ခတက်သလောက် အမြတ်ဖက်ကကျပါတယ်။ လုပ်ခကျသလောက် အမြတ်တက်တယ်။ လုပ်ခတက်သလောက် အမြတ်ကျတယ်"။

(မာ့က်စ်ရေး "လုပ်ခ၊ အလုပ်နဲ့ အရင်း" မှ)

အဆောက်အဦးဆောက်တဲ့ အလုပ်ကို ဥပမာထားကြည့်ကြရအောင်။ ကိုယ်လ နေရမှာမဟုတ်။ အခန်းခတွေလည်း ကိုယ်ရမှာမဟုတ်တဲ့ လူနေတိုက်တာ ဆောက်လုပ်နေရတာဟာ တကယ်တော့ ကိုယ့်အပေါ် သွေးစုပ်ကြီးပွားနေတဲ့ လူတန်းစာ အလုပ်အကျွေးပြုနေတဲ့ သဘောပဲ ဖြစ်ပါတယ်။

ဝင်ငွေပိုရလာတာ၊ ၂ ဆ ပိုလာတာတောင် အလုပ်သမားရဲ့ ဘဝအခြေအနေ ပြောင်းလဲမှာ မဟုတ်ပါဘူး။ ဒါကို မာ့စ်က ရှင်းရှင်းပဲ ပြောထားပါ တယ်။

"အကောင်းဆုံး အခြေအနေအောက်မှာ အလုပ်သမားတွေအတွက် လု အကောင်းဆုံးရနိုင်တယ်ဆိုတာဟာ တကယ်တော့ အလုပ်သမားတွေကို အ ချကာရုံထားတဲ့ နောက်ပြီး "ပိုမို" လွတ်လပ်စွာ လှုပ်ရှားခွင့်ပေးထားသယောင်မျှသာ ဖြစ် ရွှေတံတိုင်းတွေဟာ ခိုင်ခန့်ထူထဲတယ်ဆိုတာကို ဖော်ပြနေတာသာ ဖြစ်ပါတယ်။

လုပ်ခ ပိုများများရလေ အလုပ်ရှင်ကလည်း အမြတ်ပိုများများရလေပါပဲလို့ . . .




. . . သူက . . .

"အလုပ်သမားရဲ့ ဒုက္ခဆိုတာ အဓိကကတော့ အလုပ်လုပ်နေသရွေ့ အရင်းလ တိုးပွားနေတယ်ဖြစ်တယ်ဆိုတာနဲ့ အရင်းတိုးပွားလေ အလုပ်သမားဟာ သွေးစုတ်ခံရ ဒုက္ခများလေ ဖြစ်တယ်ဆိုတာတို့ပါပဲ" လို့ ပြောပါတယ်။








မာ့က်စ်အနေနဲ့ အလုပ်သမားတွေအတွက် ထွက်ရပ်လမ်းတစ်ခုပဲ တွေ့ပါတယ်။ ကတော့ . . .

## "သွေးစည်းညီညွတ်ရေး" ပါပဲ။

လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ရေးနဲ့ ဆင်းရဲသားတွေ ချုပ်ချယ်မှုအမျိုးမျိုး အောက်က ပြောက်ရေးတို့နဲ့ ပတ်သက်တဲ့ သဘောတရားတွေကို မာ့က်စ် က ဖော်ထုတ်ခဲ့စဉ်က ကွပြောသလဲဆိုတာ ပြန်ကြည့်ကြရအောင် . . .



"ကြေညာစာတမ်း" ကို အလုပ်သမားအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ "ကွန်မြူနစ်အဖွဲ့ချုပ်" ရဲ့ လုပ်ငန်းစဉ်အဖြစ်နဲ့ ပုံနှိပ်ထုတ်ဝေခဲ့တာပါ။ ဒီအဖွဲ့ချုပ်ဟာ အစပိုင်းမှာ ဂျာမန်အသင်းချုပ်သက်သက်ဖြစ်ပြီး နောက်တော့ နိုင်ငံတကာအဖွဲ့ ဖြစ်လာပါတယ်။ ၁၈၄၈ ခုနှစ်ပတိုင်မီ ဥရောပတိုက်ရဲ့ နိုင်ငံရေးအခြေအနေအောက်မှာ ဒီအဖွဲ့ဟာ မလွဲမရှောင်သာ လျှို့ဝှက်အဖွဲ့တစ်ခု ဖြစ်ခဲ့ရပါတယ်။ ၁၈၄၇ ခုနှစ်၊ လန်ဒန်မှာ ကျင်းပတဲ့ အဖွဲ့ချုပ်ရဲ့ ကွန်ဂရက်မှာ ပြည့်စုံတဲ့သဘောတရားနဲ့ လက်တွေ့ဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ် ထုတ်ပြန်ရေးအတွက် ရေးသားပြုစုဖို့ မာ့က်စ်နဲ့ အိန်ဂယ်ကို တာဝန်ပေးပါတယ်။ ၁၈၄၈ ခုနှစ်၊ ဇန်နဝါရီလမှာ ဂျာမန်ဘာသာနဲ့ ရေးသားပြုစုပါတယ်။ ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ ဖြစ်ပွားတဲ့ ပြင်သစ်တော်လှန်ရေးမတိုင်မီ သီတင်းပတ်အနည်းငယ်အလိုမှာ ကြေညာစာတမ်းလက်ရေးမူကို လန်ဒန်မှာ ပုံနှိပ်ဖို့ ပေးပို့ခဲ့ပါတယ်။ ၁၈၄၈၊ ဇွန်လ ပုန်ကန်မှု မတိုင်ခင်ကလေးတင် ပြင်သစ်ဘာသာပြန်စာအုပ် ပဲရစ်မှာ ထွက်လာပါတယ်။ မစ္စဟယ်လင်မက်ဖာလိန်းပြန်ဆိုတဲ့ အင်္ဂလိပ်ဘာသာပြန်ဟာ ၁၈၅၀ ခုနှစ်၊ လန်ဒန်မှာထုတ်တဲ့ "ရီပတ်ပလစ်ကင်အနီ" ဂျာနယ်ထဲမှာ ပါလာပါတယ်။ ဒိန်းမက်နဲ့ ပိုလန်ဘာသာပြန်မှုတွေလည်း ပုံနှိပ်ပြီးပါပြီ။ သာကူနင်ပြန်ဆိုတဲ့ ရုရှားဘာသာပြန်မှုကိုလည်း ၁၈၆၃ ခုနှစ်လောက်မှာ ဂျီနီဗာ ရှိ ဟာဇင်ရဲ့ "ကိုလိုကော" စာပုံနှိပ်တိုက်မှာ ပုံနှိပ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်တာ ကာလအတွင်းမှာ အခြေအနေတွေ ဘယ်လောက် ပြောင်းသွားပြောင်းသွား ဒီ "ကြေညာစာတမ်း"ထဲမှာပါတဲ့ ယေဘုယျမူတွေကတော့ တစ်ခုလုံးအနေနဲ့ ပြောရရင် တစ်လျှောက်လုံးမှန်ကန်ဆဲ ဖြစ်ပါတယ်"

(အိန်ဂယ်ရေး—၁၈၈၈ ခုတွင် ရေးသားသော "ကွန်မြူနစ်ကြေညာစာတမ်း" အတွက် အမှာစာမှ)





ကွန်မြူနစ်အဖွဲ့ချုပ်ဆိုတာ ဘယ်လိုအဖွဲ့မျိုးလဲ။ အဲဒီခေတ် (၁၈၄၆–၄၇) ကို ...ရင်း ဒီအချိန်မှာ ရှေ့တန်းရောက်တဲ့ အတွေးအခေါ်ရှိကြတဲ့ ဂျာမန်အလုပ်သမားတွေ၊ ...မှုပညာသည်တွေ၊ ပညာတတ်တွေ ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ရှိခဲ့တယ်။ သူတို့ကိုယ်သူတို့ ...မျှတရေးအဖွဲ့ချုပ်လို့ ခေါ်ပါတယ်။ နိုင်ငံရေးကိစ္စတွေ ဆွေးနွေးဖို့နဲ့ တခြားနိုင်ငံတွေက "...ရားမျှတမှု" လိုလားသူများ နဲ့ ဆက်သွယ်လုပ်ကိုင်ဖို့ အဖွဲ့ချုပ်က လူများဟာ ...လေ့ရှိပါတယ်။ အဲဒီ လူတွေဟာ အစိုးရဖျက်သိမ်းရေး (မင်းမဲ့) ဝါဒီတစ်ပိုင်းတွေပါ။ ...က်ဆန်းကျယ်တဲ့ ဆိုရှယ်လစ်ဝါဒ ပုံစံတစ်မျိုးအကြောင်း ဟောပြောကြသူတွေ ...တယ်။ ထုတ်လုပ်ရေးစွမ်းအားစုတွေကို ဖျက်ဆီးပစ်ဖို့ (စက်ရုံတွေကို ဖောက်ခွဲပစ်ဖို့၊ ...င်းတာက စက်ရုံပိုင်ရှင်တွေကိုပါ ထည့်ဖောက်ခွဲပစ်လိုက်ဖို့)။ နောက်ပြီး အရင်ကရှိခဲ့တဲ့ ...သာစိုက်ပျိုးရေးနဲ့ လက်မှုလုပ်ငန်းတွေကိုပဲ ပြန်လုပ်ကြဖို့ ဟောပြောကြပါတယ်။ ...၇ ခုနှစ်၊ ဖေဖော်ဝါရီလထဲမှာ မာ့က်စ်နဲ့ အိန်ဂယ်တို့ကို အဖွဲ့ချုပ်ထဲဝင်ပြီး ...ချုပ်ပြန်လည်ဖွဲ့စည်းရေးမှာ ပါဝင်ကူညီဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ကို အဖွဲ့ချုပ်က ချက်ချင်းပဲ အပြည့်အဝ သဘောကျသွားပါတယ်။ ...နှစ်ယောက်က အသိပညာအရရော၊ နိုင်ငံရေးအရရော ပိုပြီး ရင့်ကျက်ကြတာကြောင့် ...ချုပ်အပေါ်မှာ သူတို့ရဲ့ ဩဇာဟာ ကြီးမားခဲ့ပါတယ်။ "လူကြမ်းကြီး"မာ့က်စ်ဟာ ...အဖွဲ့ကို ဘယ်လိုထိန်းချုပ်ရမယ်ဆိုတာ သိပါတယ်။ တရားမျှတရေးအဖွဲ့ချုပ်လို့ မခေါ်ဘဲ



မြူနစ်အဖွဲ့ချုပ်"...

... လို့ခေါ်ဖို့ သူ တင်ပြတာကို အဖွဲ့က လက်ခံပါတယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ အမြဲ စိတ်ခါတ်နိုင်မာတဲ့ ဂျာမန်များပီပီ ၁၈၄၇ ခုနှစ်မှာ လန်ဒန်မှာ ကွန်ဂရက် တစ်ခု ကျင်းပဖြစ်အောင်

စည်းရုံး စီစဉ်ခဲ့ကြတယ်။ ဒီကွန်ဂရက်ကို ဥရောပတိုက် နေရာအနှံ့က ကိုယ်စားလှယ် လာကြပါတယ်။

ကွန်မြူနစ်အဖွဲ့ချုပ်ရဲ့ မူများအဖြစ်နဲ့ အိန်ဂယ်က အဲဒီကွန်ဂရက်မှာ ရေးသား ခဲ့တာတွေဟာ "ကွန်မြူနစ်ကြေညာစာတမ်း"ရဲ့ အခြေခံဖြစ်ခဲ့ပါတယ်။ "ကွန်မြူနစ်ဝါဒမူမျ လို့လည်း လူတွေသိတယ်။ အဲဒီရေးသားချက်ဟာ အမေးအဖြေပုံစံနဲ့ဆိုတော့ ဖ လွယ်ပါတယ်။ ဒါကြောင့် အိန်ဂယ်ကို မာ့က်စ်ထက် လူတွေက ပိုကြိုက်ကြတယ်။ မာ့က်စ်ရေးသားချက်တွေက ပိုနက် ရှိုင်းပြီး နားလည်ရ တော်တော်လေး ခက်တဲ့ သဘော ရှိပါတယ်။




အဲဒီကျမ်းထဲက တချို့ကို ကောက်နုတ်ဖော်ပြပါ့မယ်။

မေးခွန်း ၁ ။ ။ ကွန်မြူနစ်စနစ်ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ကွန်မြူနစ်စနစ်ဆိုသည်မှာ ပစ္စည်းမဲ့လူတန်းစားလွတ်မြောက်ရေးအတွက် အခြေအနေအချက်အလက်များ၏ မူဝါဒသဘောတရား ဖြစ်ပါ သည်။

မေးခွန်း ၂ ။ ။ ပစ္စည်းမဲ့လူတန်းစားဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ပစ္စည်းမဲ့လူတန်းစားဆိုသည်မှာ မိမိ၏ အသက်ရှင်နေထိုင်ရေးကို မည်သည့်အရင်းအနှီးပေါ်က ရရှိသည့် အမြတ်အစွန်းပေါ်မှ မဟုတ်ဘဲ မိမိ၏ လုပ်အားရောင်းချခြင်း (လုပ်အားစွမ်းအားရောင်းချခြင်း) ပေါ်မှသာ လုံးဝနှင့် တစ်ခုတည်း အမှီပြုနေထိုင်သည့် လူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားတစ်ရပ် ဖြစ်ပါသည်။ ၎င်းတို့၏ ဆင်းရဲမှု၊ ချမ်းသာမှု၊ ၎င်းတို့၏ သေရေး၊ ရှင်ရေးနှင့် ၎င်းတို့၏ ရပ်တည်မှုတစ်ခုလုံးသည် လုပ်အားတောင်းဆိုမှုအပေါ် မူတည်ရှိပြီး





ထို့ကြောင့်လည်း လုပ်ငန်းကောင်းချိန်၊ ဆိုးချိန်အပြောင်းအလဲများ အထိန်းအချုပ်မရှိ ပြိုင်ဆိုင်မှု၏ အပြောင်းအလဲမြန်မှုများအပေါ် တည်နေသည်။ ပစ္စည်းမဲ့ သို့မဟုတ် လူတန်းစားဆိုသည်မှာ စကားတစ်ခွန်းတည်းနှင့် ပြောရလျှင် ဆယ့်ကိုးရာစု၏ လုပ်သားလူတန်းစားဖြစ်ပါသည်။

မေးခွန်း ၃ ။ ။ သို့ဖြစ်လျှင် ပစ္စည်းမဲ့များ အမြဲရှိမနေဘူးလား။

အဖြေ ။ ။ ရှိမနေပါဘူး။ ဆင်းရဲသားများနှင့် အလုပ်သမား လူတန်းစားများ အမြဲရှိနေပြီး အလုပ်သမားလူတန်းစားများသည် အများအားဖြင့် ဆင်းရဲကြပါသည်။ သို့သော် အထက်မှာဖော်ပြခဲ့သည့် အခြေအနေများအောက်မှာ အလုပ်သမားများနှင့် ဆင်းရဲသားများ အမြဲတည်ရှိခဲ့သည် မဟုတ်ပါ။ တစ်နည်း ပြောရလျှင် လွတ်လပ်တဲ့ အထိန်းအချုပ်မဲ့ ပြိုင်ဆိုင်မှုများ အမြဲရှိနေခြင်းထက်ပို၍ ပစ္စည်းမဲ့များ အမြဲရှိမနေခဲ့ပါ။

မေးခွန်း (၄)။ ။ ပစ္စည်းလူတန်းစားများ မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့ပါသနည်း။

အဖြေ။ ။ ပစ္စည်းမဲ့များသည် လွန်ခဲ့သည့် ဆယ့်ရှစ်ရာစုနှစ် ဒုတိယရာစုဝက်အတွင်း အင်္ဂလန်တွင် ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ယဉ်ကျေးမှုမြင့်မားသည့် နိုင်ငံများအားလုံးမှာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့် စက်မှုတော်လှန်ရေးအတွင်း ပေါ်ပေါက်ခဲ့ပါသည်။ ရေနွေးငွေ့စက်များ၊ ချည်ငင်စက်အမျိုးမျိုး၊ စက်ယက္ကန်းများနှင့် အခြားစက်ကိရိယာပစ္စည်းအစုံအလင် ထုတ်လုပ်တီထွင်မှုများက စက်မှုလက်မှုတော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဤစက်များသည် အလွန်စျေးကြီးသည့်အတွက် အရင်းရှင်ကြီးများကသာ ဝယ်ယူနိုင်သည်။ ယင်းတို့က ယခင်ထုတ်လုပ်နည်းနာတစ်စုံလုံးကို ပြောင်းလဲစေပြီး အလွန်ညံ့ဖျင်းသည့် ချည်ငင်ဘီးများ၊ လက်ရက္ကန်းများနှင့် လုပ်ကိုင်သော အလုပ်သမားများထက် စျေးနှုန်းချိုသာပြီး ပိုမိုကောင်းမွန်သည့် ကုန်စည်များကို စက်များက ထုတ်လုပ်လာနိုင်သည့်အတွက် ယခင်အလုပ်သမားများကို မောင်းထုတ်လိုက်ပါသည်။ ဤစက်များက စက်မှုလုပ်ငန်းတစ်ခုလုံးကို အရင်းရှင်ကြီးများလက်တွင်းသို့ ပို့ဆောင်ပေးလိုက်ပြီး အလုပ်သမားများ၏ ပိုင်ဆိုင်မှုအသေးအဖွဲ့များ (ကိရိယာတန်ဆာပလာ၊ လက်ရက္ကန်းအစရှိသည်) ကို လုံးဝတန်ဖိုးမဲ့သွားစေခဲ့ပါသည်။ ထို့ကြောင့် တခဏအတွင်း အရင်းရှင်များလက်တွင်း အရာရာရောက်ရှိသွားပြီး အလုပ်သမားများ လက်တွင်း ဘာမျှမကျန်ရှိတော့ချေ။ ဤအရာသည် အထည်အလိပ်စက်မှု လုပ်ငန်းအတွင်းသို့ စက်ရုံစနစ်ဟာ ပဏာမဝင်ရောက်လာခြင်းကို အထိမ်းအမှတ် ပြုလေသည်။

စက်ယန္တယားနှင့် စက်ရုံစနစ်အစပျိုးဝင်ရောက်လာခြင်းအပေါ် တွန်းအ
ပေးလိုက်သည်နှင့် တပြိုင်နက်ဤစနစ်သည် အခြားသောစက်မှုလုပ်ငန်းခွဲမျ
အားလုံး၊ အထူးသဖြင့် အဝတ်အစား၊ ပုံနှိပ်လုပ်ငန်း၊ အိုးခွက်လုပ်ငန်းနှင့် သပ္ပ
ပစ္စည်းလုပ်ငန်းများသို့ အလျင်အမြန် ပျံ့နှံ့ရောက်ရှိသွားပါသည်။ အလုပ်သမ
တစ်ဦးချင်းအကြား လုပ်အားခွဲဝေမှု ပို၍ပို၍ များပြားလာပြီး ယခင်က အလုပ်တစ်
လုံး အပြည့်လုပ်ဆောင်ခဲ့သည့် အလုပ်သမားများသည် ယခုအခါ ထိုအစုံ
တစ်စိတ်တစ်ပိုင်းကိုသာ လုပ်ရပါတော့သည်။ ဤလုပ်အားခွဲဝေမှုသည် အထွ
ပစ္စည်းများကို ပိုမိုလျင်မြန်စွာထွက်ရှိစေပြီး ဤနည်းဖြင့် ဈေးနှုန်းများ ပိုမိုသက်သ
လာစေပါသည်။ တစ်ဦးချင်းအလုပ်သမားများ၏ လုပ်ဆောင်ချက်ကို ၎င်းတို
လုပ်ဆောင်ချက်ကဲ့သို့ ကောင်းမွန်ရုံမျှမက စက်ကြောင့် ပိုမိုသာလွန်နိုင်ပြီး ရိုးစ
သည့် အဆက်မပြတ် ထပ်ကာထပ်ကာ လည်ပတ်နေသော စက်ယန္တရားလု
ရှားမှုအဆင့်သို့ လျော့ချပစ်လိုက်ပါသည်။ ဤကဲ့သို့သောနည်းဖြင့် ဤစက်
အများအပြားသည် ရက္ကန်းစက်များ၊ ချည်ငင်စက်များ ဖြစ်သွားခဲ့ကြသည့်အတိုင်
တစ်ရုံပြီးတစ်ရုံ ရေနွေးငွေ့စက်ရုံနှင့် အလုပ်ရုံစနစ်လွှမ်းမိုးမှုအောက်သို့ ကျရောက်
သွားပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် ၎င်းတို့သည် အရင်းရှင်ကြီးများ
လက်တွင်းသို့လည်း ကျဆင်းသွားပြီး ထိုနေရာများတွင်လည်း အလုပ်သမားမျ
သည် လွတ်လပ်မှု၏ နောက်ဆုံးအစအနများကိုပင် ဆုံးရှုံးခဲ့ရပါသည်။ တဖြည်းဖြည်
နှင့် ကုန်ပစ္စည်းထုတ်လုပ်မှု (Manufacture) သာလျှင် စက်ရုံစနစ်၏ လွှမ်းမိုး
အောက်သို့ တိုး၍တိုး၍ ကျရောက်လာခြင်းမဟုတ်ဘဲ အရင်းရှင်ကြီးများသည်
အမြတ်အစွန်းအများအပြားရပြီး လုပ်အားခွဲဝေမှုကို အကျယ်ချဲ့နိုင်သည့် ရော
စက်ရုံကြီးများ ပို၍ပို၍ တည်ထောင်ကာ လက်မှုပညာသည်ကလေးများကိုလည်
တွန်းတိုးဘေးဖယ်ပစ်လိုက်ပါသည်။ ဤသို့ဖြင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးပြီး နိုင်
များ၌ လုပ်အားစိုက်ထုတ်မှုအမျိုးမျိုးအစားစား အားလုံးနီးပါးအား စက်ရုံများတွင်
သာ ပြုလုပ်ဆောင်ရွက်လာခဲ့ကြရပြီး လုပ်ငန်းခွဲအားလုံးနီးပါးတွင်လည်း လက်
ပညာနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုများသည် အကြီးစားစက်မှုလုပ်ငန်းများ
အစားထိုး ကျော်လွှားခြင်းကို ခံလိုက်ရပေသည်။ ဤဖြစ်စဉ်သည် အလယ်အလ
လူတန်းစားအလွှာဟောင်း၊ အထူးသဖြင့် လက်မှုပညာသည် ကလေးများကို
ပိုမိုဆိုးဝါးသည့်အတိုင်းအတာအထိ ဖျက်ဆီးပစ်လိုက်ပြီး အလုပ်သမားများ
အခြေအနေတွေကို လုံးဝပြောင်းလဲပစ်လိုက်ကာ တခြားလူတန်းစားများ





ည်းဖြည်းဝါးမျိုခြင်းဖြင့် ဖြစ်တည်လာသော လူတန်းစားသစ်နှစ်ရပ်ကို ဖြစ်ပေါ
ခဲ့ပါသည်။ ၎င်းတို့မှာ . . . .

ယဉ်ကျေးပြီးနိုင်ငံများ အားလုံးမှာ အရင်းရှင်ကြီးလူတန်းစားများသည် ဘဝ တည်မြဲရေး
ည်းများနှင့် ကုန်ကြမ်းပစ္စည်းများနှင့် ကိရိယာများ (စက်ရုံများ၊ အလုပ်ရုံများ)
လုံးကို အကြွင်းမဲ့နီးပါး ပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ ဤသည် ဓနရှင်လူတန်းစား
ဟုတ် ဓနရှင်များဖြစ်ပါသည်။

ပိုင်ဆိုင်မှုလုံးဝမရှိသော လူတန်းစားသည် ၎င်းတို့တည်တံ့ရေးအတွက် လိုအပ်
ဘဝတည်မြဲရေးပစ္စည်းများရရန် မိမိတို့လုပ်အားကို ဓနရှင်များထံ မရှောင်
သာ ရောင်းချရပါသည်။ ဤလူတန်းစားများကို ပစ္စည်းမဲ့လူတန်းစား သို့မဟုတ်
ည်းမဲ့ဟု ခေါ်ပါသည်။

း (၇)။ ။ ပစ္စည်းမဲ့များသည် ကျေးကျွန်များနှင့် မည်သို့ကွဲပြားခြားနား
နည်း။

ဖြေ။ ။ ကျေးကျွန်သည် တစ်ကြိမ်တည်းနှင့် တစ်သက်လုံး ရောင်းစားခံလိုက်
ပစ္စည်းမဲ့များကတော့ မိမိကိုယ်မိမိ နေ့စဉ်နှင့်အမျှ နာရီတိုင်းရောင်းချနေရ
သည်။ ကျွန်ပိုင်ရှင်တစ်ဦး၏ ကိုယ်ပိုင်ပစ္စည်းဖြစ်သည့် ကျွန်တစ်ဦးသည် နေထိုင်မှု
အဘယ်မျှပင် နိမ့်ကျစေကာမူ ကျွန်ပိုင်ရှင်၏ အကျိုးစီးပွားကြောင့်မို့ ၎င်း၏
က်ရှင်ရပ်တည်ခွင့်သည် အာမခံချက်ရှိပြီး ဖြစ်ပါသည်။ ပစ္စည်းမဲ့တစ်ဦးအဖို့
နေရသည့်အတိုင်း ဓနရှင်လူတန်းစားတစ်ခုလုံး၏ ပိုင်ဆိုင်မှုဖြစ်ပြီး သူတို့က
၏လုပ်အားကို လိုအပ်သောအချိန်မှသာ ဝယ်ယူပြီး အသက်ရှင်ရပ်တည်ခွင့်မှာ
ခံချက်မရှိပါ။ ဤအသက်ရှင်ရပ်တည်ခွင့်မှာ ပစ္စည်းမဲ့လူတန်းစားတစ်ရပ်လုံး
က်သာလျှင် အာမခံချက်ရှိပါသည်။ ကျေးကျွန်မှာ ပြိုင်ဆိုင်မှု၏ ပြင်ပဘက်
ပြီး ပစ္စည်းမဲ့များကတော့ ဤအတွင်းမှာပင်ရှိကာ ၎င်း၏အကျိုးအပစ်အား
ကို ခံစားရပါသည်။ ကျေးကျွန်ကို ယဉ်ကျေးသော လူ့အဖွဲ့အစည်းဝင်အဖြစ်
အမှတ်မပြုဘဲ အရာဝတ္ထုတစ်ခုအဖြစ် သတ်မှတ်ကာ ပစ္စည်းမဲ့ကိုတော့
လ်တစ်ယောက်အဖြစ် ယဉ်ကျေးသော လူ့အဖွဲ့အစည်းဝင်အဖြစ် အသိ
မှတ်ပြုသည်။ ဤကဲ့သို့ဖြင့် ကျေးကျွန်သည် ပစ္စည်းမဲ့ထက်သာလွန်သော
က်ရှင်ရပ်တည်ခွင့်ရှိသော်လည်း ပစ္စည်းမဲ့သည် လူမှုဖြစ်ပေါ်တိုးတက်မှု၏

ပို၍မြင့်သော အဆင့်မှာပါဝင်ပြီး မိမိကိုယ်တိုင်လည်း ကျေးကျွန်ထက်မြင့်တဲ့အဆ
မှာ ရပ်တည်နေပါသည်။ ကျေးကျွန်သည် ပုဂ္ဂလိကပိုင်ဆိုင်မှု ဆက်ဆံရေးအားလုံးတ
ကျေးကျွန်စနစ်ဆက်ဆံရေးကိုသာ ဖျက်သိမ်းလိုက်ပါက မိမိကိုယ်မိမိ လွတ်မြောက်စေပြီ
ပစ္စည်းမဲ့အဖြစ် ရောက်ရှိလာနိုင်သည်။ ပစ္စည်းမဲ့ကတော့ ယေဘူယျပုဂ္ဂလိကပိုင်ဆိုင်မှု
ဖျက်သိမ်းခြင်းဖြင့်သာလျှင် မိမိကိုယ်မိမိ လွတ်မြောက်စေသည်။

မေးခွန်း (၁၆)။ ။ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးကို ငြိမ်းချမ်းသောနည်းဖြ
လုပ်ဆောင်နိုင်သလား။

အဖြေ။ ။ ဤကဲ့သို့ ဖြစ်လာနိုင်ပါက အလွန်လိုလားစရာဖြစ်ပြီး ဤအချက်
ဆန့်ကျင်သူများအနက် ကွန်မြူနစ်များသည် မုချပင် နောက်ဆုံးမှဖြစ်ပါလိမ့်မည်
လျို့ဝှက်ကြံစည်မှုများမှန်သမျှမှာ အသုံးမကျရုံမက အန္တရာယ်ပင် ရှိသေးကြော
ကွန်မြူနစ်များက သိသည်။ သူတို့က တော်လှန်ရေးများမှာ ဆန္ဒရှိတိုင်း ထလုပ်
တာမျိုး၊ အရမ်းကာရော လုပ်တာမျိုးမဟုတ်ဘဲ ပါတီအသီးသီးနှင့် လူတန်းစာ
များအားလုံးက စိတ်ဆန္ဒနှင့်ညွှန်ကြားချက်များနှင့် လုံးဝမပတ်သက်သော အခ
အနေ၏ လိုအပ်သည့်အကျိုးဆက်အဖြစ်သာ နေရာတကာနှင့် အချိန်တိုင်းမှ
ဖြစ်ပေါ်လာနိုင်ကြောင်းကို ကောင်းကောင်းကြီးသိကြပါသည်။ သို့သော် သူတို့
ယဉ်ကျေးတိုးတက်ပြီး နိုင်ငံအားလုံးနီးပါးရှိ ပစ္စည်းမဲ့လူတန်းစားများ၏ ဖြစ်ပေါ်တို
တက်မှုသည် အကြမ်းဖက်ဖိနှိပ်ခြင်းခံရပြီး ဤနည်းဖြင့် ကွန်မြူနစ်များ၏ အတို
အခံများသည် ၎င်းတို့အစွမ်းရှိသမျှဖြင့် တော်လှန်ရေးဆီသို့ ပို့ဆောင်နေကြော
ကိုလည်း တွေ့မြင်ကြပါသည်။ သို့ဖြင့် အဖိနှိပ်ခံပစ္စည်းမဲ့များမှာ အဆုံးတစ်နေ့တွ
တော်လှန်ရေးဆီသို့ တွန်းပို့ခြင်းခံရသည့်အချိန် ကျွန်တော်တို့ကွန်မြူနစ်များသည
ပစ္စည်းမဲ့များ၏ အရေးတော်ပုံကို ယခုအခါမှာ ကျွန်တော်တို့စကားလုံးများန
ကာကွယ်နေသကဲ့သို့ ထိုအချိန်တွင် အလုပ်ဖြင့် ကာကွယ်သွားကြမည်။

မေးခွန်း (၁၇)။ ။ ပုဂ္ဂလိကပိုင်ဆိုင်မှုဖျက်သိမ်းရာမှာ တစ်ချက်တည်းနှင့် ဖြစ်
ပါသလား။

အဖြေ။ ။ မဖြစ်နိုင်ပေ။ တည်ရှိဆဲထုတ်လုပ်ရေးအင်အားစုများအား အများ
လူ့အဖွဲ့အစည်းတည်ထောင်ရန်အတွက် လိုအပ်သောအဆင့်သို့ တစ်ချက်တည်းန
မတိုးချဲ့နိုင်သကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင်ချေအကြောင်းအားလုံးန



...ပ်နီးစပ်လာသည့် ပစ္စည်းမဲ့ တော်လှန်ရေးသည် လိုအပ်သည့် ထုတ်လုပ်ရေး
...ည်းများကို လုံလောက်သော အရေအတွက်အထိ ဖန်တီးပြီးမှသာလျှင် တည်ရှိဆဲ



လူ့အဖွဲ့အစည်းကို ပြောင်းလဲစေနိုင်ပြီး ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အဆင့်ရှိရှိ ဖျက်သိမ်း နိုင်ပါလိမ့်မည်။

(အိန်ဂယ်ရေး – ကွန်မြူနစ်ဝါဒမူများမှ)



"ကြေညာစာတမ်းက" ကမ္ဘာ့အလုပ်သမားများ သွေးစည်းကြလို့ အလုပ်သမားအား တိုက်ရိုက်နှိုးဆော်လိုက်ပါတယ်။ အလုပ်သမားလူတန်းစား လွတ်မြောက်ရေးဆို အလုပ်သမားတွေကိုယ်တိုင်ရဲ့ အလုပ်ပဲဆိုတဲ့ ကွန်မြူနစ်တွေရဲ့ သဘောထား ရပ်ခံထားပါတယ်။ ရှင်းရှင်းလင်းလင်း အားရှိရှိ ဆွေးနွေးထားတဲ့ ကြေညာစာတ အမြင်တွေဟာ ဒီနေ့အထိ အရေးပါဆဲပါပဲ။ အခြေခံကျင့်ဝတ်သီလတွေနဲ့ ဖီလာဖြစ် တရားမျှတမှုမရှိတဲ့ ခေနဥစ္စာ ခွဲဝေမှုကျင့်သုံးတဲ့ လူ့အဖွဲ့အစည်းအဆောက်အအုံ ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့ ကြေညာစာတမ်းက လှုံ့ဆော်လိုက်ပါတယ်။

တကယ်တော့ ကြေညာစာတမ်းဟာ မာ့က်စ်ရဲ့အတွေးအခေါ်တွေကို သွက်လက် အသက်ပါတဲ့ လိုရင်းကို တိုက်ရိုက်ဖော်ပြတဲ့ရေးဟန်နဲ့ စုစည်း ဖော်ပြထား ဖြစ်ပါတယ်။ ဒါကိုဖတ်လိုက်ရင် ကောင်းကောင်းနားလည်နိုင်ပါတယ်။ ဒီအထဲက တချို့ ကောက်နုတ်ပြပါမယ်။

"ခေတ်သစ် စက်မှုလုပ်ငန်းကြီးက ကမ္ဘာ့ဈေးကွက်ကို တည်ထောင်လိုက်၏။ ယင်းသို့ တည်ထောင်နိုင်ရန် အမေရိကတိုက်ကို တွေ့ရှိခြင်းက လမ်းခင်းပေး လိုက်၏။ ဤဈေးကွက်က ကူးသန်းရောင်းဝယ်ရေး၊ ပင်လယ်ခရီးသွားလာရေးနှင့် ကုန်းလမ်းဆက်သွယ်ရေးတို့ကို ကြီးမားစွာဖြစ်ပေါ်တိုးပွားလာစေသည်။ ဤတို တက်မှုက စက်မှုလုပ်ငန်းတိုးချဲ့ရေးအပေါ် တဖန်တုန့်ပြန်လိုက်၏။ စက်မှုလုပ်ငန် ကူးသန်းရောင်းဝယ်ရေး၊ ပင်လယ်ခရီးသွားလာရေးနှင့် မီးရထားလမ်းများ ချဲ့ထွ လာသည့် အချိုးအစားအတိုင်း ခေနရှင်လူတန်းစားလည်း ကြီးထွားလာသည်၊ ခေနရှင်တို့၏ အရင်းအနှီးလည်း တိုးပွားလာကာ အလယ်ခေတ်က ကြွင်းကျန်နေ သည့် လူတန်းစားမှန်သမျှကို နောက်ကွယ်သို့ ဖယ်ထုတ်ပစ်လိုက်သည်။

"ထို့ကြောင့် ခေတ်သစ်ခေနရှင်လူတန်းစားကိုယ်၌ပင်လျှင် ရှည်လျားသော ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်၏ရလဒ်ဖြစ်ကြောင်း၊ ထုတ်လုပ်ရေးနည်းနာနှင့် ဖလှယ်မှု နည်းနာတို့တွင် တော်လှန်ရေးတစ်သီတစ်တန်းကြီး၏ ရလဒ်ဖြစ်ကြောင်းကို ကျွန်တော်တို့တွေ့မြင်ရပေသည်။"

အပေါ်စီးရနေသော နေရာတိုင်းတွင် ခေနရှင်လူတန်းစားသည် ပဒေသရာ ဆန်သော၊ အဖကြီးစိုးသော၊ ကျေးလက်ဆန်သော ဆက်ဆံရေးအားလုံးကို အဆုံး သတ်ပစ်လိုက်သည်။ "သဘာဝအရှင်သခင်များ" က တုတ်နှောင်ထားသည့်





သရာဇ်အနှောင်အဖွဲ့ အမျိုးမျိုးကို အကြင်နာကင်းမဲ့စွာ ဖြတ်တောက်ပစ် လိုက်သည်။ ဖြောင်ကျသော ကိုယ်ကျိုးရှာမှု၊ ညှာတာထောက်ထားခြင်း မရှိသော "လက်ငင်းငွေသားချေမှု" တို့မှတစ်ပါး လူလူချင်းဆက်ဆံရေးတွင် မည်သည့် အရာကိုမှ မထားရှိတော့ပေ။ ဘာသာရေးထက်သန်မှု၊ လူစွမ်းကောင်းစိတ် တက်ကြွမှု၊ နလပိန်းတုံးစိတ်ကူးယဉ်မှုဟူသော မြင့်မြတ်သည့်စိတ်အဟုန်တို့သည် ကိုယ်ကျိုးတွက်ချက်မှုတည်းဟူသော ရေအေးထဲတွင် နစ်မြုပ်သွားသည်။ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာကို ဖလှယ်ရေးတန်ဖိုးအဖြစ် ပြောင်းလဲပစ်လိုက်သည်။ မရေမတွက်နိုင်သည့် ရုပ်သိမ်း၍မရနိုင်သည့် ခွင့်ပြုချက်ဖြင့် ရရှိထားသည့် လွတ်လပ်မှုများ နေရာတွင် တစ်ခုတည်းသော၊ စဉ်းလဲသော လွတ်လပ်မှု (ဝါ) လွတ်လပ်စွာ ကုန်သွယ်မှုဖြင့် အစားထိုးလိုက်သည်။ တစ်ခွန်းတည်းဆိုရသော် ဘာသာရေးနှင့် နိုင်ငံရေးလှည့် စားမှုမျက်နှာဖုံးစွပ်ထားသော သွေးစုတ်ခြယ်လှယ်မှုနေရာတွင် ဖြောင်ကျသော၊ ရှက်မဲ့သော၊ တိုက်ရိုက်ဖြစ်သော၊ ရက်စက်သော သွေးစုပ်မှုဖြင့် ခေနရှင်လူတန်းစားက အစားထိုးလိုက်သည်။"

"ခေနရှင်လူတန်းစားသည် မိသားစု၏စိတ်ကူးယဉ်မျက်နှာဖုံးကို ဖယ်ရှားပစ် လိုက်ကာ မိသားစုဆက်ဆံရေးကို အသပြာဆက်ဆံရေးသက်သက်အဖြစ် လျှော့ ချပစ်လိုက်သည်။"



"နှစ်ပေါင်း တစ်ရာနီးပါး ဓနရှင်လူတန်းစား စိုးမိုးစဉ်ကာလအတွင်းတွင် ကုန်လွန်ခဲ့သော မျိုးဆက်အားလုံးက ဖန်တီးခဲ့သမျှ၏ စုစုပေါင်းထက်ပင် ပိုများပြား သော၊ ပိုကြီးမားသော ထုတ်လုပ်ရေးအင်အားစုများကို ဖန်တီးခဲ့ပေသည်။ ၎င်းတို့မှာ သဘာဝအင်အားကို လူတို့ကချုပ်ကိုင်ခြင်း၊ စက်ကိရိယာထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းတွင် ဓာတုဗေဒအသုံးပြုခြင်း၊ မီးသင်္ဘော သွားလာခြင်း၊ မီးရထားလမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်ကြေးနန်းဆက်သွယ်ခြင်း၊ ကမ္ဘာ့တိုက်ကြီးများကို ထွန်ယက်စိုက်ပျိုးရေးအတွက် ခုတ်ထွင်ပစ်ခြင်း၊ မြစ်များမှ တူးမြောင်းသွယ်ယူခြင်း၊ မန်းမှုတ်လိုက်သည့်ပမာ လူဦးရေအလုံးအရင်းကို ဆွဲဆောင်ခေါ်ယူလိုက်ခြင်းတို့ ဖြစ်သည်။ လူ့အဖွဲ့အစည်းဆိုင်ရာ အလုပ်ထဲတွင် ဤသို့သော ထုတ်လုပ်ရေးအင်အားစုများ ကိန်းအောင်းနေသည်ကို အစောပိုင်း ရာစုနှစ်များကဆိုလျှင် တွေးပင်တွေးတောနိုင်ကြပါမည်လော။"

"စက်ကိရိယာတွေကို အကျယ်အပြန့်ဆုံးအသုံးပြုမှုနှင့် အလုပ်ခွဲဝေမှုများ ကြောင့် ပစ္စည်းမဲ့များ၏ အလုပ်သည် တစ်ဦးချင်းလက္ခဏာအားလုံး ကွယ်ပျောက် ခဲ့လေပြီ။ ထို့ကြောင့် အလုပ်သမားတစ်ယောက်အတွက် ဆွဲဆောင်မှုအားလုံး လည်း ကွယ်ပျောက်သွားတော့သည်။ သူ့အား အရိုးဆုံး၊ အပြောင်းအလဲမရှိဆုံး၊ အလွယ်ကူဆုံးသော ကျွမ်းကျင်မှုရှိရန်သာ တောင်းဆိုသည်။ ထို့ကြောင့် အလုပ် သမားတစ်ယောက်၏ ထုတ်လုပ်ရေးစရိတ်ကို သူ၏အသက်ရှင်နေရေးနှင့် မျိုးဆက် ပြန့်ပွားရေးအတွက် လိုအပ်သော ဘဝတည်မြဲရေးပစ္စည်းများဖြင့်သာ ကန့်သတ် ထားရှိသည်။ သို့သော် ကုန်စည်၏ ဈေးနှုန်း၊ ထိုနည်းတူပင် အလုပ်၏ဈေးနှုန်း (နောက်ပိုင်းတွင် မာ့က်စ်က အလုပ်သမားသည် မိမိ၏အလုပ်ကို ရောင်းစားခြင်း မဟုတ်ဘဲ မိမိ၏လုပ်အားကို ရောင်းစားသည်ဟု ညွှန်ပြခဲ့သည်) သည်ထုတ်လုပ် ရေးကုန်ကျစရိတ်နှင့် ညီမျှပေသည်။ ထို့ကြောင့်ပင် အလုပ်၏စက်ဆုပ်ဖွယ် ကောင်းမှု တိုးများလာသည်နှင့်အမျှ လုပ်ခသည်လည်း လျော့ပါးလာတော့သည်။"

"ခေတ်သစ်စက်မှုလုပ်ငန်းသည် အဖကြီးစိုးမှုဆန်သော လက်မှုပညာသည် ၏ အလုပ်ရုံကလေးကို စက်မှုအရင်းရှင်၏ စက်ရုံကြီးအဖြစ်သို့ ပြောင်းလဲပစ်လိုက် သည်။ စက်ရုံတွင် စုပြုံနေသော လုပ်သားထုကြီးကို စစ်သားများကဲ့သို့ ဖွဲ့စည်း လိုက်၏။ စက်မှုတပ်မတော်ကြီး၏ သာမန်တပ်သားများအတိုင်း တပ်မှူး၊ တပ်ကြပ် အဆင့်ဆင့်၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် စနစ်တကျထားရှိလိုက်သည်။ သူတို့





သည် ဓနရှင်လူတန်းစား၏ ကျေးကျွန်များ၊ ဓနရှင်နိုင်ငံတော်၏ ကျေးကျွန်များ ဖြစ်ကြရုံသာမက စက်ကိရိယာ၊ ကြည့်ကြပ်သူ၊ ဦးစွာအားဖြင့် တစ်ဦးချင်းစက်ပိုင် ရှင်ကိုယ်တိုင်၏ ညွှန်ပြမှုကို နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ ခံကြရသည်။ ဤမင်းမှု စိုးမိုးမှုက အမြတ်အစွန်းရရေးကို ၎င်း၏အဆုံးသတ်ရည်ရွယ်ချက်အဖြစ် ပိုမို ပွင့်လင်းကျစွာ ဖော်ထုတ်လာသည်နှင့်အမျှ ပိုမိုသေးသိမ်၊ ပိုမိုမုန်းတီးစရာကောင်း ပြီး ရက်စက်လာပေသည်။

"ကာယအလုပ်တွင် ကျွမ်းကျင်မှုနှင့် အားစိုက်ထုတ်ရမှု နည်းပါးလာသည်နှင့် အမျှ တစ်နည်းဆိုရသော် ခေတ်သစ်စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာသည်နှင့် အမျှ ယောကျ်ားများ၏အလုပ်ကို အမျိုးသမီးများ (ဂျာမန်ဘာသာစာမူရင်းတွင် "အမျိုးသမီးနှင့်ကလေးများ" ဟု ပါရှိသည်) ၏ အလုပ်ဖြင့် ပိုမိုအစားထိုးလာ ကြတော့သည်။ အလုပ်သမားလူတန်းစားအတွက်ဆိုလျှင် အသက်ခြားနားမှု၊ ကျား၊မခြားနားမှုတို့သည် မည်သို့သော ထင်ရှားသည့် လူမှုရေးအဓိပ္ပာယ်မျှ မရှိတော့ပေ။ အားလုံးသည် အသက်အရွယ်၊ ကျား၊မအရ အသုံးပြုရာတွင် ကုန်ကျမှု နည်းအများကွာခြားကြသည့် အလုပ်ကိရိယာများသာ ဖြစ်ကြပေသည်။

"စက်ရုံပိုင်ရှင်က အလုပ်သမားများကို သွေးစုပ်ပြီးသည့်နောက်တွင် အလုပ်သမားများသည် လုပ်ခကို လက်ငင်းရရှိပြီး မရှေးမနှောင်းမှာပင် ဓနရှင် လူတန်းစား၏ အခြားအစိတ်အပိုင်းများဖြစ်သော အိမ်ပိုင်ရှင်၊ ဆိုင်ပိုင်ရှင်၊ အပေါင်ခံစားသူ စသည်တို့က အလုပ်သမားများအပေါ် ထပ်မံဖိစီးလိုက်ကြပြန် သေးသည်။"



"သို့သော် စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးပွားလာမှုတစ်ပါတည်း ပစ္စည်းမဲ့လူတ စားသည် အရေအတွက်သာလျှင် တိုးများလာသည်မဟုတ်ဘဲ ပိုမိုကြီးမားသေ ထုထည်အဖြစ် စုစည်းလာတော့သည်။ ၎င်း၏ အင်အားသည် တစ်နေ့တခြာ ကြီးထွားလာပြီး မိမိအင်အားကြီးထွားလာမှုကိုလည်း ပိုမိုခံစားမိလာ၏။ စက်ကိ ယာများက အလုပ်အလိုက် ခြားနားချက်အားလုံးကို ပယ်ဖျက်ပစ်လိုက်သည် အမျှ ပစ္စည်းမဲ့လူတန်းစား၏ အကျိုးစီးပွားနှင့် ဘဝအကြောင်းအချက်များသည် ပို၍ တူညီလာရသည်။ နေရာတိုင်းလိုလိုမှာပင် လုပ်ခများသည် နိမ့်ကျသေ အဆင့်သို့ တူညီစွာလျော့ကျသွားရသည်။ ဓနရှင်လူတန်းစားအတွင်း ပြိုင်ဆိုင် ကြီးထွားလာမှုကြောင့် ကုန်သွယ်ရေးကပ်ဆိုက်လာသည်။ ယင်းက အလုပ်သမ များ၏ လုပ်ခကို ပို၍ပို၍ မတည်မငြိမ်ဖြစ်လာစေသည်။ လျင်မြန်စွာ အဆက်မပြ တိုးတက်ကောင်းမွန်လာသော စက်ကိရိယာတို့က ပစ္စည်းမဲ့လူတန်းစား၏ ဘ အခြေအနေကို ပို၍အာမခံချက်လျော့နည်းလာစေသည်။ တစ်ဦးချင်းအလုပ်သမ နှင့် တစ်ဦးချင်းဓနရှင်တို့အကြား တိုက်ခိုက်မှုများသည် ပို၍ ပို၍ လူတန်းစားနှစ်ရ အကြား တိုက်ခိုက်မှုလက္ခဏာဆောင်လာသည်။ ဤသို့အားဖြင့် အလုပ်သမာ များသည် ဓနရှင်များကို ဆန့်ကျင်ကာ ညွန့်ပေါင်းအဖွဲ့များ (အလုပ်သမား သမဂ္ဂမျာ ဖွဲ့စည်းကြပြီး မိမိတို့၏လုပ်ခကို ကာကွယ်ရေးအတွက် ပူးပေါင်းပေးကြသည်။ သူတို့သ ရံဖန်ရံခါ ဖြစ်ပေါ်လာနိုင်သော ပုန်ကန်မှုများတွင် ကူညီရန် အမြဲတမ်းအစည်းအရုံးများ ကြိုတင်၍တည်ထောင်ကြပေသည်။ နေရာအချို့ရှိ အားပြိုင်မှုသည် အဓိကရုဏ်းမျာ (ဂျာမန်ဘာသာစာမူရင်းတွင် "အတိအလင်း ပုန်ကန်မှုများ" ဟု ပါရှိသည်။) အဖြစ် ပေါက်ကွဲသွားတော့၏။

"အလုပ်သမားများသည် မကြာခဏ အောင်ပွဲခံကြသော်လည်း ဤအော ပွဲများသည် ကာလတစ်ခုအတွက်သာ ဖြစ်၏။ သူတို့တိုက်ပွဲ၏ တကယ့်အောင် အောင်ပွင့်များသည် လတ်တလေအကျိုးသက်ရောက်မှုအပေါ်တွင် မတည်ရှိ အစဉ်တိုးချဲ့လာသော အလုပ်သမားများ၏ စည်းလုံးမှုအပေါ်တွင်သာ တည်ရှိ သည်။ ခေတ်သစ်စက်မှုလုပ်ငန်းက ဖန်တီးလိုက်သော ပို၍ကောင်းမွန်လာသ ဆက်သွယ်ရေးကိရိယာများက ဤစည်းလုံးမှုကို အကူအညီပေးကာ ဒေသအမျိုး ရှိ အလုပ်သမားအချင်းချင်းကို ဆက်သွယ်ပေးလိုက်သည်။ လက္ခဏာတူညီသေ ဒေသတိုက်ပွဲမြောက်မြားစွာကို တစ်ခုတည်းသော တစ်ပြည်လုံးအတိုင်းအတာ





လူတန်းစားတိုက်ပွဲအဖြစ် စုစည်းမိရန် လိုအပ်သည်မှာ ဤဆက်သွယ်မှုပင် ပေသည်။ သို့သော် လူတန်းစားတိုက်ပွဲမှန်သမျှသည် နိုင်ငံရေးတိုက်ပွဲ ဖြစ်၏။ ယ်ခေတ်မြို့သားများသည် လမ်းကြမ်းကြီးများဖြင့် ဤသို့သော စည်းလုံးမှုရရန် နှစ်ပေါင်းများစွာ လိုအပ်ပေသည်။ သို့သော် ခေတ်သစ်ပစ္စည်းမဲ့များကား ရထားလမ်းများဖြင့် နှစ်အနည်းငယ်အတွင်းမှာပင် ဤသို့သော စည်းလုံးမှုကို ပိုက်ပေသည်။

"ပစ္စည်းမဲ့များကို လူတန်းစားတစ်ရပ်အဖြစ် ဖွဲ့စည်းရေးနှင့် ထိုမှတဆင့် ရေးပါတီတစ်ခုအဖြစ် ဖွဲ့စည်းရေးသည် အလုပ်သမားအချင်းချင်း ပြိုင်ဆိုင်မှု ကြောင့် အဖန်တလဲလဲ ပျက်စီးသွားခဲ့ရသည်။ သို့သော် ပိုမိုအင်အားကြီးမား၊ ခိုင်၊ ပိုမိုတောင့်တင်းစွာ ထပ်ပြန်တလဲလဲ ပေါ်ထွက်လာပေသည်။ ယင်းသည် ရှင်လူတန်းစားအတွင်း ကွဲပြားမှုများကို အခွင့်ကောင်းယူကာ အလုပ်သမားများ၏ ပြားအကျိုးစီးပွားများကို တရားဥပဒေအရ အသိအမှတ်ပြုလာစေသည်။ ဤသို့ဖြင့် လန်ပြည်တွင် အလုပ်ချိန် ၁၀ နာရီ သတ်မှတ်သည့် ဥပဒေပေါ်ပေါက်လာပေသည်။



"ယနေ့ခေတ်ရှင်လူတန်းစားနှင့် ထိပ်တိုက်ရင်ဆိုင်နေကြသော လူတန်းစား အားလုံးတွင် ပစ္စည်းမဲ့လူတန်းစားသာလျှင် တကယ်တမ်းတော်လှန်သော လူတန်း စားဖြစ်၏။ ခေတ်သစ်စက်မှုလုပ်ငန်းရှေ့မှောက်တွင် အခြားသော လူတန်းစားများသည် ကြေပြုန်းကာ နောက်ဆုံး၌ ကွယ်ပျောက်သွားကြသည်။ ပစ္စည်းမဲ့လူတန်းစားသည် ခေတ်သစ်စက်မှုလုပ်ငန်းမှ မလွှဲမရှောင်သာ ပေါ်ထွက်လာသည့် ကိုယ်ပိုင်ရလဒ် ဖြစ်ပေတော့၏။

"အလယ်အလတ်အောက်လွှာ လူတန်းစား (ဂျာမန်ဘာသာစာမူရင်းတွင် "အလယ်အလတ်အလွှာ"ဟု ပါရှိသည်။) ဖြစ်ကြသော အလုပ်ရုံပိုင်ရှင်ကလေး၊ ဆိုင်ရှင်ကလေး၊ လက်မှုပညာသည်၊ လယ်သမားစသည်တို့သည် အလယ်အလတ် လူတန်းစားအစိတ်အပိုင်းများအဖြစ် မိမိတို့ဘဝ တည်တံ့မှုမပျက်သုဉ်းသွားရန် အလို့ငှာ ခေတ်ရှင်လူတန်းစားကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ထို့ကြောင့် သူတို့သည် တော်လှန်ရေးသမားများ မဟုတ်ကြဘဲ သမားရိုးကျသမားများ ဖြစ်ကြသည်။ ထိုမျှမက သူတို့သည် ဖောက်ပြန်ကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ရထားဘီး ကို နောက်ပြန်လှည့်ရန် ကြိုးစားကြသောကြောင့် ဖြစ်သည်။ သူတို့သည် ကြုံကြိုက် ၍ တော်လှန်ရေးသမားဖြစ်လာပါမူ ဤသို့ဖြစ်ရခြင်းသည် ပစ္စည်းမဲ့လူတန်းစား တပ်ဖွဲ့ထဲသို့ ကူးပြောင်းအံ့ဆဲဆဲ အခြေအနေကြောင့်သာ ဖြစ်သည်။ သို့ဖြင့် သူတို့သည် မျက်မှောက်အကျိုးစီးပွားကို ကာကွယ်ခြင်းမဟုတ်ဘဲ သူတို့၏ အနာဂတ်အကျိုးစီးပွားကို ကာကွယ်ခြင်းသာဖြစ်၏။ ပစ္စည်းမဲ့လူတန်းစားရပ်တည်ချက်ကို ခံယူရန်အတွက် သူတို့သည် မိမိတို့၏ ကိုယ်ပိုင်ရပ်တည်ချက်ကို စွန့်ပစ်လိုက်ခြင်းသာဖြစ်၏။



"လူ့အဖွဲ့အစည်းဟောင်း၏ အောက်တန်း အကျဆုံး အလွှာများမှ စွန့်ပစ်လိုက်သော၊ မတက်ကြွသော၊ ဆွေးမြေ့နေသော အရာများဖြစ်သည့် "အန္တရာယ်ရှိသော လူတန်းစား" လူမှုအမှိုက်သရိုက် (ဂျာမန် ဘာသာစာ မူရင်းတွင် "လေလွင့် နေသော ပစ္စည်းမဲ့များ" ဟု ပါရှိသည်) များသည် နေရာအချို့တွင်





ည်းမဲ့ တော်လှန်ရေး လှုပ်ရှားမှုအတွင်းသို့ ပါဝင်ကောင်း ပါဝင်လာကြပေလိမ့်မည်။ စကာမူ သူတို့၏ ဘဝအကြောင်းအချက်များအရ သူတို့သည် ဖောက်ပြန်သော ကြံဖျက်ဆီးမှုများ၏ အပယ်ခံရသူများအဖြစ်သို့ အလွန်အမင်းတိမ်းညွှတ်လျက် ၏။"

"သမိုင်းဆိုင်ရာ အကြောင်းအချက်များ ပြောင်းလဲမှုကြောင့် အတိတ်က ဆိုင်မှုကြောင့် အတိတ်က ပိုင်ဆိုင်မှုဆက်ဆံရေးအားလုံးသည် အဆက်မပြတ် ပိုင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်ခဲ့သည်။"

"ဥပမာ ပြင်သစ်တော်လှန်ရေးသည် ပဒေသရာဇ်ပိုင်ဆိုင်မှုကို ဖျက်သိမ်းကာ ရှင်ပိုင်ဆိုင်မှုဖြင့် အစားထိုးခဲ့သည်။"

"ကွန်မြူနစ်ဝါဒ၏ ထူးခြားသော လက္ခဏာမှာ ယေဘူယျပိုင်ဆိုင်ခြင်းကို က်သိမ်းခြင်းမဟုတ်ဘဲ ခေတ်ရှင်ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ခြင်းဖြစ်၏။ သို့သော် တ်သစ်ခေတ်ရှင်လူတန်းစား၏ ပုဂ္ဂလိက ပိုင်ဆိုင်မှုသည် လူတန်းစားရန်ဘက်ဖြစ်မှု နှင့် ည်းစုက အများစုကို သွေးစုပ်မှုအပေါ်တွင် အခြေပြုထားသည့် ထုတ်လုပ် မှုနှင့် ထွက်ပစ္စည်းအပိုင်စီးမှုစနစ်၏ နောက်ဆုံးနှင့်အပြည့်စုံဆုံးသော ဖော်ပြချက် ဖြစ်သည်။ အဓိပ္ပာယ်အရ ကွန်မြူနစ်များ၏သဘောတရားကို စာတစ်ကြောင်းတည်းဖြင့် လိုက်လျှင် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းရေးပင်ဖြစ်၏။"

"ကျွန်တော်တို့ ကွန်မြူနစ်များကို တစ်ဦးချင်းလွတ်လပ်မှု၊ ပြုမူလှုပ်ရှားမှု၊ မှုအခိုကင်းမှုအားလုံး၏ အခြေခံဖြစ်သော မိမိကိုယ်ပိုင်အလုပ်ဖြင့် ရရှိလာသည့် စ်ဦးချင်း ဥစ္စာခေနပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်လိုသူများဟု ရှုတ်ချအပြစ်တင်ကြ သည်။"

"ခက်ခက်ခဲခဲဖြင့် ရရှိသော၊ မိမိကိုယ်ပိုင်အလုပ်ဖြင့် ရရှိသော၊ မိမိကိုယ်တိုင် ရှာဖွေခဲ့သော ဥစ္စာခေနဆိုပါကလား။ ခေတ်ရှင်ပိုင်ဆိုင်မှု၏ ရှေ့ပြေးဖြစ်သော လက်မှု ပညာသည် ကလေးနှင့်လယ်သမားကလေး၏ ပိုင်ဆိုင်မှုသဏ္ဌာန်ကို သင်တို့ ဆိုနေပါသလော။ စက်မှုလုပ်ငန်းဖြစ်ပေါ် တိုးပွားမှုသည် ကြီးမားသောအတိုင်း အတာဖြင့် ဤပိုင်ဆိုင်မှုကို ဖျက်ဆီးပစ်ခဲ့လေပြီ။ နေ့စဉ်လည်း ဖျက်ဆီးပစ်နေဆဲ ဖြစ်ပေသည်။"

"သို့မဟုတ် ခေတ်သစ်ဓနရှင် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဆိုလိုပါသလော။"

"သို့သော် အခစားအလုပ်သည် အလုပ်လုပ်သူအတွက် ပိုင်ဆိုင်မှုကို ဖန်တီးပေးပါသလော။ စိုးစဉ်းမျှ မဖန်တီးပေးပါ။ အခစားအလုပ်သည် အရင်းအနှီး (ဝါ) အခစားအလုပ်အား သွေးစုပ်သော ပိုင်ဆိုင်မှုကို ဖန်တီးပေး၏။ အသစ်တဖန် သွေးစုပ်ရန်အတွက် အခစားအလုပ်အသစ်ကို ရရှိစေမည့် အကြောင်းအချက် မရှိလျှင် ရင်းပိုင်ဆိုင်မှုသည် တိုးပွားမလာနိုင်ပေ။ ဤကဲ့သို့သော လက်ရှိပိုင်ဆိုင်မှုသည် အရင်းအနှီးနှင့် အခစားအလုပ်၏ ရန်ဘက်ဖြစ်မှုအပေါ်တွင် အခြေပြုထား၏။"

"ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းရန် ကျွန်တော်တို့ ကြံရွယ်နေကြသည်ဟု သင်တို့က ကြောက်လန့်တကြားဖြစ်နေကြသည်။ သို့သော် တည်ရှိနေသည့် သင်တို့၏ လူ့အဖွဲ့အစည်းတွင် လူဦးရေ ၁၀ ပုံ ၉ ပုံ၏ ပုဂ္ဂလိကပိုင်ဆိုင်မှုမှာ ဖျက်သိမ်းခြင်း ခံလိုက်ရပြီဖြစ်သည်။ သူ့အနည်းငယ်အတွက် ပုဂ္ဂလိကပစ္စည်း တည်ရှိနေရသည်မှာ ထို ၁၀ ပုံ ၉ ပုံ၏လက်ထဲတွင် မည်သည့်ပိုင်ဆိုင်မှုမျှ မရှိခြင်းကြောင့်သာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် ပိုင်ဆိုင်မှုသဏ္ဌာန်တစ်ခုကို ဖျက်သိမ်းပစ်ရန် ရည်ရွယ်သည့်အတွက် ကျွန်တော်တို့အား သင်တို့ကရှုတ်ချကြ သည်။ ထိုပိုင်ဆိုင်မှုသဏ္ဌာန်တစ်ခု လိုအပ်သော အကြောင်းအချက်မှာကား လူ့အဖွဲ့အစည်း၏ အများတကာ့အများစုကြီးအတွက် မည်သည့်ပိုင်ဆိုင်မှုမျှ မတည်ရှိရေး ဖြစ်ပေတော့သည်။

"တစ်ခွန်းတည်းဆိုရလျှင် သင်တို့၏ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ရန် ကြံရွယ်နေသည်ဟု ကျွန်တော်တို့ကို ရှုတ်ချကြသည်။ မှန်ပေသည်၊ ကျွန်တော်တို့ ဤအတိုင်း ကြံရွယ်ထားပါသည်။

"အလုပ်သည် အရင်းအနှီး၊ အသပြာနှင့် သီးစားခအဖြစ်သို့ငှင်း၊ လက်ဝါးကြီးအုပ်နိုင်စွမ်းရှိသော လူမှုရေးအင်အားအဖြစ်သို့ငှင်း၊ ပြောင်းလဲမသွားနိုင်သောအခါ ဆိုလိုသည်မှာ ပုဂ္ဂလိကပိုင်ဆိုင်မှုသည် ဓနရှင်ပိုင်ဆိုင်မှုအဖြစ်သို့၊ အရင်းအနှီး အဖြစ်သို့ ပြောင်းလဲမသွားနိုင်သောအခါမှစ၍ တစ်ဦးချင်းလက္ခဏာသည်လည်း ကွယ်ပျောက်သွားသည်ဟု သင်တို့က ပြောဆိုကြသည်။

"ထို့ကြောင့် "တစ်ဦးချင်း" ဆိုရာတွင် အလယ်အလတ်လူတန်းစားပစ္စည်း ပိုင်ရှင်နှင့် ဓနရှင်မှတစ်ပါး အခြားသူမဟုတ်ကြောင်း သင်တို့ကိုယ်တိုင် ဝန်ခံရာ





ရောက်ပေသည်။ ထိုသို့သော သူကိုကား ပြန်မပေါ်နိုင်အောင် အမှန်ပင် ဖယ်ရှင်းပစ်ရမည်။"

"ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းလိုက်လျှင် အလုပ်အားလုံးရပ်ဆိုင်းသွားကာ ပလောကလုံး အပျင်းထူကုန်ကြလိမ့်မည်ဟူ၍ ကန့်ကွက်ပြောဆိုကြသေးသည်။"

"ဤအတိုင်းသာ ဖြစ်ရမည်ဆိုပါလျှင် ဓနရှင်လူ့အဖွဲ့အစည်းသည် ကြာမြင့်စွာကပင် ပျင်းရိမှုကြောင့် ကြေပြုန်းသွားလောက်ပေပြီ။ အဘယ်ကြောင့်ဆိုသော် ဓနရှင်လူ့အဖွဲ့အစည်းတွင် အလုပ်လုပ်သူသည် မည်သည့်ကိုမျှ မရ။ အလုပ်မလုပ်သူသည် အရာရာကို ရရှိနေသောကြောင့်ပင်တည်း။ ဤကန့်ကွက်ချက်တစ်ခုလုံးသည် အရင်းအနှီးမရှိတော့သောအခါ မည်သည့်အခစားအလုပ်မျှ ဆက်လက်မရှိနိုင်ဟူသည်ကို စကားလုံးတစ်မျိုးနှင့် ထပ်မံပြောဆိုခြင်းပင် ဖြစ်ပေသည်။"

ကြေညာစာတမ်းထဲမှာ အမျိုးသမီးများအကြောင်းလည်း ပါပါတယ်။ မာ့က်စ်ဟာ အမျိုးသမီးများအပေါ် သွေးစုပ်မှုကို ပထမဆုံး ရှုတ်ချခဲ့သူ ဖြစ်ပါတယ်။ ကြေညာစာတမ်းမှာလည်း ရှင်းလင်းတဲ့ အသုံးအနှုန်းများနဲ့ ရေးသားရှုတ်ချထားပါတယ်။

ဓနရှင်သည် မိမိ၏ဇနီးသည်ကို ထုတ်လုပ်ရေးကိရိယာသက်သက်အဖြစ် ကြည့်မြင်သည်။ ထုတ်လုပ်ရေးကိရိယာဆိုလျှင် အတူတကွ အသုံးပြုရန်ဖြစ်သည်ဟု ဓနရှင်တို့က များလည်ထားကြသည်။ ထို့ကြောင့် ဓမ္မတာပင် အမျိုးသမီးများသည်လည်း ဘုံပစ္စည်း ဖြစ်သွားကြလိမ့်မည်ဟူသော နိဂုံးချုပ်မှတစ်ပါး အခြားမရှိနိုင်ပေ။

အမျိုးသမီးများ၏ အဆင့်နေရာကို ထုတ်လုပ်ရေးကိရိယာသက်သက်အဖြစ် ထားရှိခြင်းအား ဖျက်သိမ်းပစ်ရန်ဆိုသည့် တကယ့်ရည်ရွယ်ချက်ကို ဓနရှင်သည် ရိုးစားမိကြလိမ့်မည် မဟုတ်ချေ။

အမှန်အားဖြင့်ဆိုလျှင် ဇနီးသည်များ ဘုံပစ္စည်းလုပ်မှုအား ကွန်မြူနစ်များက ကြောင်တရားဝင် ထူထောင်လိမ့်မည်ဟုဆိုကာ ကျွန်တော်တို့၏ ဓနရှင်များက ဟန်ဆောင်ဒေါသထွက်နေသည်ထက် ရယ်စရာကောင်းသည်မှာ မရှိတော့ပေ။ ကွန်မြူနစ်များက ဇနီးသည်များကို ဘုံပစ္စည်းလုပ်စရာမလိုပေ။ ဤကိစ္စသည် များပဝေသဏီကပင် ရှိခဲ့ပြီဖြစ်သည်။

ကျွန်တော်တို့ဓနရှင်များသည် သူတို့လက်အောက်မှ ပစ္စည်းမဲ့များ၏ ဇနီးသည်များ၊ သမီးများနှင့်ပင် မတင်းတိမ်ကြသေးပေ။ တရားဝင်ပြည့်တန်ဆာဖေ ရှိနေသည်ကို မဆိုထားနှင့်။ တစ်ဦး၏ဇနီးသည်ကို တစ်ဦးက ကျူးလွန်ရသည်ကိုပ အလွန်အမင်းသာယာနေကြပေသည်။

"ဓနရှင်လက်ထပ်ထိမ်းမြားရေးစနစ်သည် စင်စစ်အားဖြင့် ဇနီးသည်များကို ဘုံလုပ်ပစ်ခြင်းပင်တည်း။ ကွန်မြူနစ်များအနေဖြင့် အလွန်ဆုံးစွပ်စွဲခြင်း ခံရစရာရှိ သည်မှာ လိမ်ညာဖုံးကွယ်ပြီး ဇနီးသည်ကို ဘုံပစ္စည်းလုပ်ထားသည့်နေရာတွင် တရားဝင်အတိအလင်းလုပ်ခြင်းဖြင့် ကွန်မြူနစ်များက အစားထိုးလိုကြသည်ဟူ၍ ဖြစ်၏။ အမှန်အားဖြင့်ဆိုလျှင် လက်ရှိထုတ်လုပ်ရေးစနစ်ကို ဖျက်သိမ်းလိုက်သည် နှင့်အမျှ ဤစနစ်မှ ပေါ်ထွက်လာသော တရားဝင်နှင့် တရားမဝင်ပြည့်တန်ဆာ နှစ်ခုစလုံး အကြုံးဝင်သည့် ဇနီးသည်များကို ဘုံလုပ်မှုပါ ပါသွားရမည်မှာ သူ့အလိုလို ရှင်းနေပေသည်။"




"အဖကြီးစိုးရေးမိသားစုမှာ အပြောင်းအလဲတွေ ဖြစ်လာတယ်။ တစ်လင်တစ်မ တစ်ဦးချင်းမိသားစုတွေလည်း ပိုပြီးတော့တောင် ပြောင်းလဲလာတယ်။ အိမ်အလုပ် စီစဉ်တဲ့ကိစ္စဟာ အများဆိုင်ရာကိစ္စမဟုတ်တော့ဘဲ တစ်ဦးချင်းကိစ္စ ဖြစ်သွားပြ ဇနီးသည်ဟာ ပထမဦးဆုံးသော အိမ်တွင်းကျွန် ဖြစ်လာတယ်။ လူမှုထုတ်လုပ်ရေးနယ် ပထုတ်ခံလိုက်ရတယ်။ ခေတ်သစ် အကြီးစားစက်မှုလုပ်ငန်း ခေတ်ရောက်တဲ့အခါကျ အမျိုးသမီးတွေကို (ဒါတောင်မှ ပစ္စည်းမဲ့လူတန်းစား အမျိုးသမီးတွေကိုသာ) လူမှုထုတ်လုပ် နယ်ပယ်ထဲကို ထပ်မံရောက်ရှိလာစေဖို့ လမ်းဖွင့်ပေးလိုက်ပါတယ်။ ဒါပေမဲ့ အကန့်အသ ဘယ်လိုရှိနေသလဲဆိုတော့ အမျိုးသမီးတွေဟာ တစ်ဦးချင်း အိမ်မှုတာဝန်ကျေပွန်စေ





...ောင်မယ်ဆိုရင် ပြင်ပလူမှုထုတ်လုပ်ရေးထဲ ပါလို့မရဘူး။ သက်မွေးဝမ်းကျောင်းလုပ်ငန်း ...လုပ်နိုင်ဘူး။ တစ်ခါ ပြင်ပစက်မှု လုပ်ငန်းထဲမှာပါပြီး အမှီအခိုကင်းကင်းနဲ့ ...မွေးဝမ်းကျောင်းအလုပ်လုပ်ချင် တယ်ဆိုရင်လည်း သူဟာ အိမ်ထောင်မှုမကျေပွန်နိုင်ဘူး ...ရော။ အမျိုးသမီးတွေအတွက် အကန့်အသတ်ဟာ စက်ရုံမှာလုပ်မှ မဟုတ်ပါဘူး။ ...က်၊ ဥပဒေဘက် အပါအဝင် အသက်မွေးမှုလုပ်ငန်းအားလုံးမှာ ဒီအကန့်အသတ်ကတော့ ...ာပါပဲ။ ခေတ်သစ်မိသားစု တစ်စုချင်းဟာ အမျိုးသမီးတွေကို အိမ်တွင်းကျွန် ...ကျကျလုပ်ခြင်း သို့မဟုတ် ဖုံးကွယ်ပြုလုပ်ခြင်းအပေါ် အခြေခံထားတာ ဖြစ်ပါတယ်။ ...က်ပြီး ခေတ်သစ်လူ့အဖွဲ့အစည်းဆိုတာကလည်း မိသားစုတစ်စုချင်းတွေကို ...ယူနစ်အဖြစ်ထားရှိပြီး ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ခုခေတ် အများတကာ့အများစု ...စုတွေမှာ ယောကျ်ားက ဝင်ငွေရှာသူဖြစ်တယ်။ ယုတ်စွအဆုံး ဓနဥစ္စာပိုင်ဆိုင်တဲ့ ...န်းစားတွေထဲမှာ ဒီလိုဖြစ်ပါတယ်။ ဒီတော့ ယောကျ်ားတွေက လွှမ်းမိုးထားတဲ့ နေရာမှာ ...ယ်။ ဒီလိုဖြစ်စေဖို့ ဘာအထူးဥပဒေခွင့်ပြုချက်မှ မလိုပါဘူး။ မိသားစုထဲမှာဆိုရင် ...ကျ်ားက ဓနရှင်ပေါ့။ မိန်းမကတော့ ပစ္စည်းမဲ့သဘောပေါ့။"

အမျိုးသမီးတွေအကြောင်း ဒီလောက်နဲ့ ထားလိုက်ပြီး ကြေညာစာတမ်းထဲ ရေးထားတာ ...လေ့လာကြည့်ရအောင်။

"အထက်တွင် ကျွန်တော်တို့ တွေ့ရှိခဲ့သည့်အတိုင်း အလုပ်သမားလူတန်းစား ...င်နဲ့သော တော်လှန်ရေး၏ ပထမခြေလှမ်းမှာ ပစ္စည်းမဲ့လူတန်းစားကို အုပ်စိုးသူ ...တန်းစားအဆင့်နေရာသို့ မြှင့်တင်ရန်၊ ဒီမိုကရေစီတိုက်ပွဲတွင် အနိုင်ရရန်ပင် ...ပေသည်။

ပစ္စည်းမဲ့လူတန်းစားသည် ၎င်း၏နိုင်ငံရေး စိုးမိုးမှုကို အသုံးပြု၍ ဓနရှင်လူတန်း ...မှ အရင်းအနှီးကို တစ်ဆင့်ပြီးတစ်ဆင့် သိမ်းယူရန်ဖြစ်ပြီး နိုင်ငံတော်လက်ထဲတွင် ...ပိုသည်မှာ အုပ်စိုးသူလူတန်းစားအဖြစ် စည်းရုံးထားသော ပစ္စည်းမဲ့လူတန်းစား၏ ...က်ထဲတွင် ထုတ်လုပ်ရေးကိရိယာအားလုံးကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားရန် ...သည်။ ထို့ပြင် ထုတ်လုပ်ရေးအင်အားစု စုစုပေါင်းကို လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ ...ားစေရန် ဖြစ်ပေသည်။

အမှန်ပင် မတူသော တိုင်းပြည်များတွင် ဤလုပ်ဆောင်ချက်များသည် ...ားခြားနားကြလိမ့်မည်။

သို့စေကာမူ ရှေ့တန်းအရောက်ဆုံး တိုင်းပြည်များတွင် အောက်ပါတို့သည် ယေဘူယျအားဖြင့် အသုံးနိုင်ကြပေလိမ့်မည်။

၁။ မြေယာပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ခြင်းနှင့် မြေဆီခအားလုံးကို အများဆိုင်ရာကိစ္စများအတွက် အသုံးပြုရေး။

၂။ ကြီးလေးသော ဆူကြဲ့နိမ့်မြင့် သို့မဟုတ် အဆင့်ခွဲခြားသော အမြတ်တော်ခွန်ကောက်ခံရေး။

၃။ အမွေဆက်ခံမှုအခွင့်အရေးအားလုံး ဖျက်သိမ်းပစ်ရေး။

၄။ ပြည်ပသို့ ထွက်သွားသူများနှင့် သူပုန်အားလုံး၏ ပစ္စည်းဥစ္စာကို သိမ်းယူရေး။

၅။ နိုင်ငံတော်အရင်းအနှီး ထည့်ဝင်ထားသော၊ လုံးဝလက်ဝါးကြီးအုပ်ထားသော အမျိုးသားဘဏ်ဖြင့် နိုင်ငံတော်လက်ထဲတွင် ချေးငွေကို ဗဟိုမှစုစည်းချုပ်ကိုင်ထားရေး။

၆။ နိုင်ငံတော်လက်ထဲတွင် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကိရိယာများကို ဗဟိုမှစုစည်းချုပ်ကိုင်ထားရေး။

၇။ နိုင်ငံတော်ပိုင် စက်ရုံများနှင့် ထုတ်လုပ်ရေးကိရိယာများကို တိုးချဲ့ရေး၊ မြေရိုင်းများကို ထွန်ယက်စိုက်ပျိုးရေး။ ထို့ပြင် တူညီသော စီမံကိန်းအရ မြေဆီလွှာကို အထွေထွေကောင်းမွန်အောင် ပြုပြင်ရေး။

၈။ အလုပ်ကို အားလုံးလုပ်ဖို့ ညီတူညီမျှတာဝန်ရှိသည်။ ထုတ်လုပ်ရေး တပ်မတော်များ တည်ထောင်ရေး၊ အထူးသဖြင့် လယ်ယာလုပ်ငန်းအတွက် တည်ထောင်ရေး။

၉။ လယ်ယာလုပ်ငန်းကို စက်မှုလုပ်ငန်းနှင့် ပေါင်းစပ်ရေး၊ တပြည်လုံးတွင် လူဦးရေ ပိုမိုမျှတစွာ ဖြန့်ခွဲခြင်းအားဖြင့် မြို့နှင့်တောအကြား ခြားနားမှုကို တဖြည်းဖြည်း ဖျက်သိမ်းရေး။

၁၀။ ကလေးသူငယ်အားလုံးကို ပြည်သူ့ကျောင်းများတွင် အခမဲ့ပညာသင်ကြားရေး၊ လက်ရှိသဏ္ဌာန်ဖြင့်ရှိနေသော ကလေးများ၏ စက်ရုံအလုပ်ကို ဖျက်သိမ်းပစ်ရေး၊ ပညာရေးကို စက်မှုလုပ်ငန်းထုတ်လုပ်ရေးနှင့် ပေါင်းစပ်ပေးရေးစသည်တို့ ဖြစ်သည်။





အထက်ပါ ၁၀ ချက်ဟာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအတွက် ပထမဆုံးသော ...တွေ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။

အဲဒီလုပ်ငန်းစဉ်ကို လက်ရှိအခြေအနေနှင့်နှိုင်းကြည့်ရင် အချက်နှစ်ချက်ဟာ ...လင်းလာပါတယ်။ အဲဒါတွေကတော့ . . .

(၁) ကမ္ဘာ့နေရာတိုင်းမှာ မာ့က်စ်ရဲ့ဩဇာကြီးမားမှုနဲ့

(၂) အဲဒီအနိမ့်ဆုံးနဲ့ မပြည့်စုံသေးတဲ့ လုပ်ငန်းစဉ်ကိုတောင် (နောက်ထပ် နှစ်ပေါင်း ၁၂၀ ...ကျော်ကြာပြီးဖြစ်တဲ့) ယနေ့ခေတ်မှာ တိုင်းပြည်တွေမှာ အကောင်အထည် မဖော်ရသေးဘူး။ (...ဖို့လည်း ကြိုမမြင်ကြဘူး) ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။

အရင်းရှင်ဝါဒဟာ လူသားတွေရဲ့ ပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိဘူးဆိုတဲ့ အချက်ကို ...က်စ်က အင်အားပါဝါနဲ့ သက်သေပြလိုက်တယ်။ အရင်းရှင်စနစ် ဖွံ့ဖြိုးနေသရွေ့ ကိစ္စတိုင်းဟာ ...ထက် ဆိုးလာမှာပဲ။ ဒီဆွေးမြေ့ဆုတ်ယုတ်နေတဲ့ အင်ပါယာဟာ ပလိပ်ရောဂါကြီးလို ...ာတိုင်းမှာ ပြန့်ပွားနေတာကို ကြည့်ပါ။



မာ့က်စ်က အရှင်းလင်းဆုံး ပြောခဲ့ပါတယ်။ အဖျက်မျိုးစေ့တွေရှိနေတဲ့ စနစ်အားလုံးဟာ နောက်ဆုံးမှာ ကွယ်ပျောက်သွားလိမ့်မယ်။ ဒါပေမဲ့ နောက်ရောက်လာတဲ့ စနစ်က သူ့ အသေ ခုတ်ပိုင်းလိုက်ချိန်မတိုင်မီမှာ သူတို့ဟာ ကျားနာတွေကို မသေအောင် အသေအလဲခု ရုန်းကန်နေဦးမှာပဲ။

အမေရိကန်အင်ပါယာအတွင်းပိုင်း အကျပ်အတည်း၊ ဗီယက်နမ်၊ ကျူးဘား၊ ချီလီ၊ အာဖရိကစသည့်နိုင်ငံတွေမှာ ဆိုရှယ်လစ်ရေး ကြိုးပမ်းတိုက်ပွဲဝင်မှု၊ ခရစ်ယာန်ဘာသာအတွင်းပိုင်း အကွဲအပြဲနဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုတိုင်းဟာ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှ ဖယ်ရှားခံရမယ့် အရေးက ရှောင်ရှားနိုင်ဖို့ ကြိုးစားနေတဲ့ အရင်းရှင်စနစ်ရဲ့ နောက်ဆုံးတိုက်ပွဲအမှတ်အသားနဲ့ ဖော်ပြချက်တွေပဲ ဖြစ်တယ်။




အရင်းရှင်စနစ်ဟာ လူသားတွေရဲ့ ယေဘူယျပြဿနာတွေကို မဆိုထာ သူ့စနစ်အောက်မှာ နေနေရတဲ့ လူတွေရဲ့ပြဿနာတွေကိုတောင် ဖြေရှင်းနိုင်စွ မရှိဘူးဆိုတာ အလိုလိုရှင်းနေပါပြီ။ ဒီစနစ်ဟာ နောက်ဆုံးပိတ် အကျပ်အတည်းကြီးဆို ပြိုလဲကျဆုံးသွားမယ့် လမ်းပေါ်ကို ကောင်းကောင်းကြီး ရောက်နေပါပြီ။ . . .








# သမိုင်းရုပ်ဝါဒ

သမိုင်းရုပ်ဝါဒနဲ့ ပတ်သက်တဲ့ မာ့က်စ်သဘောတရားရဲ့ ဦးတည်ချက်တော့ သမိုင်းဆိုတာ ဖန်တီးတာဖြစ်တယ်။ "ကံကြမ္မာ" (သို့မဟုတ်) "ဘုရားသခင်ရဲ့ လက်" က း:တာ မဟုတ်ဘူးဆိုတဲ့အချက်ကို သက်သေပြဖို့ပါပဲ။




လူသားတွေအနေနဲ့ အလုပ်ကိရိယာတွေ တီထွင်ဖို့အတွက် ဘယ် " အကူအညီမှ မလိုပါဘူးလို့ မာ့က်စ်က ယူဆတာဖြစ်ပါတယ်။ ထွန်တုံးတွေ၊ ဘီးတွေ ဆောက်တဲ့နည်းကို ကောင်းကင်တမန်တွေက ကောင်းကင်ဘုံက ဆင်းလာပြီး ဒါတွေကို ပြားပေးခဲ့တာ မဟုတ်ပါဘူး။

လူမျိုးဆက်အသီးသီးဟာ အလုပ်လုပ်ကြရင်းနဲ့ အလုပ်ကိရိယာအသစ်တွေ တလျှောက်လုံး တီထွင်ကြ၊ ကောင်းသထက်ကောင်းအောင် မွမ်းမံကြတာပါ။ (တီထွင် ပညာရှိကြီးတွေအားလုံးဟာ နတ်ဘုရားမယုံကြည်သူတွေ မဟုတ်ဘူးဆိုတာတောင်မှ) ဒါဟာ နတ်ဘုရားတွေရဲ့ ကူညီမစမှုကြောင့် မဟုတ်ပါဘူး။

အလုပ်ကိရိယာတွေဆိုတာက တသီးတခြားစီထားပြီး ထုတ်လုပ်လို့ရ မဟုတ်ပါဘူး။ လူရဲ့အလုပ်ဟာ အစဉ်အမြဲပဲ လူ့အဖွဲ့အစည်းလက္ခဏာ ဆောင်ပါတ လူ့အဖွဲ့အစည်းဆိုတာက လူတွေက အကူအညီရနိုင်ရေးအတွက်၊ တောရိုင်းတိရစ္ဆာန် ဘေးရန်က ကာကွယ်ရေးအတွက်၊ အလုပ်ကနေပြီး ပိုမိုကောင်းမွန်တဲ့ အသီးအပွင့် ရရှိရေးအတွက် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

ဒါပေမဲ့ လူ့အဖွဲ့အစည်းဟာ လူတွေကို လှည့်စားတတ်ပါတယ်။ အမှန်ပါပဲ။ ဒါမျိုး သမိုင်းမှာ နောက်ဆုံးဖြစ်လာခဲ့ပါတယ်။ ဥစ္စာခနေပိုင်ဆိုင်သူတွေ လုပ်ငန်းထဲကို ဝင်လာ ဥစ္စာမဲ့သူ (လုပ်အားကလွဲပြီး ဘာကိုမှ မပိုင်ဆိုင်သူ) တွေရဲ့ အလုပ်စွမ်းရည်တွေ ညှစ်ထုတ်ယူခဲ့ကြတယ်။

(ဒီလိုနဲ့ လူတန်းစားတွေရဲ့ အနိမ့်အမြင့်ကွာခြားမှုတွေ ပေါ်ပေါက်လာတယ်။ နောက် လူတန်းစားတွေအကြား တိကျတဲ့ဆက်ဆံရေးတွေ ပေါ်ထွက်လာတယ်။ ဆိုလိုတာ လူတန်းစားတစ်ခုက သွေးစုပ်သူ၊ တခြားလူတန်းစားက သွေးစုပ်ခံသူ ဖြစ်လာတယ်။)

လူတွေ ဖန်တီးလိုက်တဲ့ ဒီဆက်ဆံရေးတွေဟာ (လူတွေ ကြိုက်သည်ဖြစ် မကြိုက်သည်ဖြစ်စေ) ထုတ်လုပ်ရေးဖြစ်စဉ်ကနေ ဖြစ်လာတာပါပဲ။ ဒါကို မာ့က်စ်က . .

## ထုတ်လုပ်ရေးဆက်ဆံမှု

. . . လို့ ခေါ်တယ်။





ထုတ်လုပ်ရေးအင်အားစုနဲ့ ထုတ်လုပ်ရေးဆက်ဆံမှုနှစ်ခုကို ပေါင်းပြီး မာ့က်စ်က . . .

“ထုတ်လုပ်ရေးနည်းနာ”

. . . လို့ခေါ်တယ်။




သမိုင်းဆိုတာ မှူးမျိုး၊ မတ်မျိုးတွေ၊ ဘုရင်တွေ၊ ခရစ်ယာန်ဘုန်းတော်ကြီးတွေ နဲ့ အားတူပုဂ္ဂိုလ်တွေရဲ့ ဘဝနဲ့စွန့်စားမှုတွေအကြောင်းမျှသာ မဟုတ်ပါဘူး။ လူသားတွေက ဘာဝအပေါ် လွှမ်းမိုးနိုင်တဲ့ အင်အားရရှိလာစေတဲ့ ထုတ်လုပ်ရေး နည်းနာအဆင့်ဆင့်ကို မိုင်းက ဖော်ပြထားတာ ဖြစ်ပါတယ်။

မာ့က်စ်က စနစ်ငါးမျိုး သို့မဟုတ် ထုတ်လုပ်ရေးနည်းနာငါးမျိုးကို ခွဲခြား ပြထားပါတယ်။




- ရှေးဦးဘုံစနစ်
- ကျေးကျွန်စနစ်
- ပဒေသရာဇ်စနစ်
- အရင်းရှင်စနစ်နဲ့
- ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတို့ ဖြစ်ပါတယ်။




အခု **"ပဒေသရာဇ်စနစ်"** အကြောင်းကို ကြိုးစားရှင်းပြပါ့မယ်။

ရှေးဘုရင်တွေဟာ မှူးမတ်တွေကို မြေတွေခွဲပေးပါတယ်။ ပေးတာကလည်း သူ့ ထောက်ခံတဲ့အတွက် ပေးတာပါ။ ဒီမြေတွေကို လက်တင်လို ဖျူဒမ် (Feudum) လို့ခေါ်တ ပဒေသရာဇ်စနစ် (Feudalism) ဆိုတဲ့စကားဟာ အဲဒီက ဆင်းသက်လာတာပါ။ ဒီမြေပေါ်မှ တကယ်နေထိုင်သူဟာ မြေကို ပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့လုပ်အား သူတို့ရဲ့ပဒေသရာဇ်ဘုရင်က ပိုင်ဆိုင်ပါတယ်။ အဲဒီဘုရင်ထံမှာ အခွန်ဆက်သရ ဖြစ်ပါတယ်။ အဲဒီ ဘုရင်က စစ်တိုက်ဖို့ခေါ်ရင်လည်း စစ်သားအဖြစ် လိုက်ပါသွားရ ဖြစ်တယ်။ ကြုံကြိုက်လို့ ပြောရရင် "ဘုရင်" "ဘုရင်" ဆိုတဲ့နေရာမှာ "ပုပ်ရဟန်းမင် လို့ နားလည်ရင်လည်း အတူတူပါပဲ။ ဘာကြောင့်လဲဆိုတော့ ခရစ်ယာန်ဘာသာ ဖွဲ့စည်းမှုဟာလည်း ပဒေသရာဇ်စနစ်ပါပဲ။ (ပိုပြီးတော့တောင် ဆိုးချင်ဆိုးနိုင်ပါသေးတယ်)။





ပဒေသရာဇ်စနစ်ထဲမှာရှိတဲ့ လူတန်းစားတွေကို အမြင့်ကအနိမ့်သို့ အစဉ် ...ကိုင်းကြည့်ရင် . . . ထိပ်ဆုံးမှာ . . .




အချိန်ကြာလာတာနဲ့အမျှ ကုန်သည်တွေနဲ့ လက်မှုပညာသည်တွေဟာ အရေအတွက် ...ပြားလာတယ်။ အင်အားတောင့်တင်းလာတယ်။ မင်းမျိုးမင်းနွယ် အပေါ်လွှာတွေ၊ ...ယာန်ဘုန်းတော်ကြီးတွေက သူတို့အပေါ်ဖိစီးထားတဲ့ ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ...ဟာ ခါချစပြုလာတယ်။ ရှေးဦးပညာတတ် လူတန်းစားဟာ နိုးကြားလာပြီး ...ပွားအခေါ်သစ်တွေကို ဖော်ထုတ်လာကြတယ်။ လူတန်းစားအသစ်တစ်ရပ်လည်း ...ပွားလာတယ်။ အဲဒါကတော့ . . .

**"မနရှင်လူတန်းစား"** . . . ပါပဲ။

ကုန်စည်ကူးသန်းရောင်းဝယ်မှုကြောင့် ထုတ်လုပ်ရေးပုံသဏ္ဌာန်တွေ ပြော လဲစပြုလာတယ်။ ဓနရှင်လူတန်းစားဟာ သူတို့အလုပ်ရုံတွေက ထုတ်လုပ်လိုက် ကုန်စည်တွေကို ရောင်းချဖို့ ပိုမိုကြီးမားတဲ့ (လွတ်လည်းလွတ်လပ်တဲ့) ဈေးကွက် လိုအပ်လာတယ်။ သူတို့အမြတ်ရရေးရမက်ဟာ ပဒေသရာဇ် ထုတ်လုပ်ရေးနည်း အကန့်အသတ်တွေနဲ့ အပြင်းအထန် အတိုက်အခံဖြစ်လာတယ်။ အဲဒီထိန်းချုပ်မှုတွေ ပေါက်ကွဲသွားပြီး ဓနရှင်တော်လှန်ရေးတွေ တသီကြီး ပေါ်ထွက်လာပါတ ဒီတော်လှန်ရေးတွေဟာ ဘုရင်တွေ၊ ဘာသာရေး ဘုန်းတော်ကြီးတွေကို ဆန့်ကျင်ကြ "ထုတ်လုပ်ရေးစနစ်" အသစ်တစ်ရပ်ကို မွေးဖွားစေဖို့ ရှေ့ရှုကြတယ်။ အရင်းရှင်စနစ် ထုတ်လုပ်ရေးစနစ်သစ်ကို ဆိုလိုပါတယ်။

အရင်းရှင်စနစ်ဟာ အိုမင်းမစွမ်းဖြစ်နေပါပြီ။ ဒီစနစ်ဟာ လက်တွေ့အားဖြင့် ၁၇ ခုနှစ် ပဲရစ်မှာဖြစ်ခဲ့တဲ့ ပြင်သစ်တော်လှန်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တာပါ။

ပြင်သစ်တော်လှန်ရေးဟာ အခြေခံအားဖြင့် လွတ်မြောက်ရေးလှုပ်ရှားမှုတ ဖြစ်တယ်။

ဘာအောက်က လွတ်မြောက်ရေးလဲဆိုရင် ဘုရင်စနစ်နဲ့ ခရစ်ယာန်ဘုန်းတော် အာဏာအောက်က လွတ်မြောက်ရေးပဲ ဖြစ်ပါတယ်။

ဘာအတွက်လဲဆိုရင်တော့ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ကာကွယ်ဖို့နဲ့ စီးပွားရေးလုပ်ငန်း လွတ်လပ်မှုရရှိရေး ဖြစ်ပါတယ်။

ဘယ်သူ့အကျိုးအတွက်လဲဆိုရင် ဓနရှင်လူတန်းစားအကျိုးအတွက်ပါ။ ဆိုလိုတာ ငွေရှာရေးလွတ်လပ်ခွင့်နဲ့ လယ်ကျွန်တွေရဲ့လုပ်အားကို လွတ်လွတ်လပ်လပ် ဝယ်ယူခွင့်ရ လိုလားတဲ့ ချမ်းသာသူတွေရဲ့ အကျိုးအတွက်ပါ။

ပြင်သစ်တော်လှန်ရေးဟာ အထွေထွေလူတန်းစားတိုက်ပွဲကြီးတစ်ခု ဖြစ်ပါတ တိုက်ပွဲမှာ လူတိုင်းဟာ ဘုံရန်သူဖြစ်တဲ့ ဘုရင်စနစ်နဲ့ ခရစ်ယာန်ဘုန်းကြီး အာဏာ ဦးတည်တိုက်ကြတာပါ။

တိုက်ပွဲနိုင်သွားတဲ့အခါမှာ အာဏာဟာ တက်သစ်စလူတန်းစားဖြစ် ဓနရှင်လူတန်းစားလက်ထဲ ရောက်သွားပါတယ်။ လယ်သမားတွေက အောင်သီးအောင်ပွင့်တစ်ခု ရလိုက်ပါတယ်။ အဲဒါကတော့ သူတို့ရဲ့ လယ်ယာမြေ





ပိုင်ခွင့်ရသွားခြင်းပါပဲ။ ဒါပေမဲ့ လယ်ကျွန်လုပ်သားတွေကတော့ ဘာဆိုဘာမှ ျိုးမခံစားလိုက်ရပါဘူး။




ဓနရှင်တော်လှန်ရေး (သို့မဟုတ် ပြင်သစ်တော်လှန်ရေး) ပြီးတဲ့နောက်မှာ က်ထပ်တော်လှန်ရေးတစ်ခု ပေါ်ပေါက်ပါတယ်။ စက်မှုတော်လှန်ရေးပါ။ လူသားတွေဟာ က်မှုအလုပ်ကို အစားထိုးမယ့်စက်တွေ တီထွင်ခဲ့ကြပါတယ်။ ဒီအချက်ကြောင့် လုပ်ရေးနည်းနာဘက်မှာ လုံးဝတော်လှန်ပြောင်းလဲမှုတွေ ဖြစ်သွားပါတယ်။

စက်နဲ့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေ ပေါ်ထွက်လာတာနဲ့အတူ လူတန်းစား စနစ်ရပ်လည်း ပေါ်ထွက်လာပါတယ်။ အရင်းရှင်များ (သို့မဟုတ် – စက် များ) နဲ့ အလုပ်သမားများ (သို့မဟုတ် အဲဒီစက်ဆုပ်ဖွယ်များကို တလျှောက်လုံး ကွယ်လုပ်ကိုင်နေရသူများ) ရယ်လို့ ဖြစ်ပါတယ်။ စက်တွေ ပေါ်လာတာနဲ့အတူ လုပ်ရေးနည်းနာစနစ်အသစ် တစ်ရပ်လည်း ပေါ်လာပါတယ်။ ဒါကို မာ့က်စ်က ရှင်စနစ်လို့ ခေါ်ဝေါ်သုံးစွဲပါတယ်။

အခုအလုပ်သမားဟာ ပဒေသရာဇ်အရှင်သခင်ရဲ့ ကျေးကျွန်မဟုတ်တော့ပါဘူး။ သူ...
"လွတ်လပ်တဲ့ နိုင်ငံသား" တစ်ယောက် ဖြစ်ပါတယ်။ (တစ်နည်းအားဖြင့် "အမြင့်ဆုံး...
ပေးနိုင်သူထံမှာ မိမိကိုယ်ကို လွတ်လွတ်လပ်လပ် ရောင်းစားနိုင်ပါတယ်။




လူတိုင်း လူတိုင်းက အရင်းရှင်စနစ်ကြီးနဲ့ ပျော်ပျော်ရွှင်ရွှင် အသားကျနေပြီး (ဟီး...
စဉ်းစားသလို) လူ့အဖွဲ့အစည်းကြီးဟာ နောက်ဆုံးမှာ လမ်းမှန်ပေါ် ရောက်ခဲ့ပြီ...
စဉ်းစားနေရုံရှိသေး၊ မာ့က်စ်ဆိုသူ ပေါ်ထွက်လာပြီး ပွဲဖျက်လိုက်ပါတော့တယ်။

မာ့က်စ်ပြောတဲ့ လူတန်းစားတိုက်ပွဲရဲ့ မလွဲမရှောင်သာမှု၊ သမိုင်းရေးလက္ခ...
ဆောင်မှုသဘောတရားဟာဖြင့် အရင်းရှင်စနစ်ကို တကယ့်ကိုပဲ အရိုက်ထိအော...
ထိုးနှက်လိုက်ပါတော့တယ်။ အရှင်းရှင်စနစ်ဟာ ပိုမိုသစ်လွင်၊ ပိုမိုမျှတတဲ့ စနစ်...
နေရာဖယ်ပေးရတော့မယ်လို့ မာ့က်စ်က ဆိုလိုက်ပါတယ်။

## ဆိုရှယ်လစ်စနစ်









သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတရားအရ ရှေးဦးဘုံစနစ်၊ ကျေးကျွန်စနစ်၊ ပဒေသရာဇ်
...စနစ်၊ အရင်းရှင်စနစ်စသဖြင့် ထုတ်လုပ်ရေးနည်းနာ (စနစ်) တွေ အစဉ်အတိုင်း
မလွဲမသွေတည်ရှိလာရတဲ့အကြောင်းကို မာ့က်စ်က သက်သေပြလိုက်တဲ့အတွက်
...တွေအတွက် မေးစရာဖြစ်ခဲ့ (အခုလည်း ဖြစ်နေ) ပါတယ်။




. . . ဒါကို မာ့က်စ်က ပြန်လည်ဖြေကြားတာကတော့ . . .

ဘာလို့လဲဆိုတော့ လူတွေဟာ တခြားနည်းနဲ့ သမိုင်းကို ဖန်တီးလို့မရလို့ဘဲ။
...ဆိုတာက လူတွေကို ဘာမှလုပ်ပေးတာ မဟုတ်ဘူး။ ဘာတိုက်ပွဲကိုမှ တွန်းတင်ပေးတာ
...ပါဘူး။ အရင်းအနှီးဟာ သူကျရှုံးမယ့်အရေးကို မကျဆုံးအောင် ကြိုးစား
...နေမှာပါပဲ။ အရင်းရှင်စနစ်ရဲ့ အတွင်းပိုင်းပဋိပက္ခတွေကြောင့်ပဲ ဒီစနစ်ဟာ ကျဆုံးရမှာပါ။
...အကြောင်းထက် အရင်းရှင်စနစ်ရဲ့ စိတ်ဆန္ဒနဲ့ ကင်းကွာပြီး ဖြစ်ထွန်းတိုးပွားနေတဲ့
...ရှင်ရဲ့ရန်ဘက် ပစ္စည်းမဲ့လူတန်းစားကြောင့်ပဲ ကျဆုံးရမှာပါ။

လူချမ်းသာတွေဟာ သူတို့ရဲ့ဥစ္စာဓနတွေ၊ အထူးအခွင့်အရေးတွေကို ဘယ်တော့မှ
...ငြိမ်ဖြူဖြူနဲ့ အဆုံးရှုံးခံမှာ မဟုတ်ဘူးဆိုတာ မာ့က်စ်က ကောင်းကောင်းကြီး
...ည်ပါတယ်။

"အုပ်စိုးသူ လူတန်းစားရဲ့ စုစည်းထားတဲ့ အာဏာကို ဆန့်ကျင်တိုက်ပွဲဝင်ရာမှာ စည်းရုံးစုစည်းထားပြီးသား လူတန်းစားတစ်ရပ်ဖြစ်နေတဲ့ အလုပ်သမားလူတန်းစားသာလျှင် သူ့ကိုယ်ပိုင်ပါတီတစ်ရပ်ကို တခြားဟောင်းနွမ်းဖောက်ပြန်ပါပါတီအားလုံးကို ဆန့်ကျင်တိုက်ခိုက်ဖို့ အသက်ဝင်တက်ကြွစေနိုင်တာ ဖြစ်တယ်"




(…ဒါမှမဟုတ် ပါလီမန်ဥပဒေနည်းနာအရလည်း တည်ဆောက်လို့ရတာ မဟုတ်ပါဘူး။)

ပထမဆုံးအဆင့်အနေနဲ့ လုပ်ရမှာက သွေးစည်းညီညွတ်မှုသာလျှင် ကိုယ့်ဘဝအခြေအနေ ပြောင်းလဲဖို့ နည်းနာတွေရလာမယ်ဆိုတာ အလုပ်သမားတွေကို သဘောပေါက်အောင် လုပ်ရပါမယ်။ ကိုယ့်အင်အားကို ကိုယ်မြင်လာစေရပါမယ်။ မိမိတို့ဘဝအခြေအနေ ဘာကြောင့်ဆိုးဝါးနေရတယ်ဆိုတာ မြင်လာစေရပါမယ်။ အလုပ်သမားတွေရဲ့ ပြဿနာတွေကို အရင်းရှင်စနစ်က ဘယ်တော့မှ ဖြေရှင်းပေးမှာ မဟုတ်ဘူးဆိုတာ မြင်လာစေရပါမယ်။ ဆိုရှယ်လစ်စနစ်က အလုပ်သမားတွေအတွက် ဘာတွေကောင်းတယ်ဆိုတာ သိလာစေရပါမယ်။ တစ်ခွန်းတည်းပြောရရင် အလုပ်သမားတွေကို နိုင်ငံရေးနိုးကြားလာစေရပါမယ်။





နိုင်ငံရေးနိုးကြားတဲ့ အလုပ်သမားလူတန်းစားသာလျှင် နောက်အဆင့်ကို တက်လှမ်းနိုင်ပါလိမ့်မယ်။ အဲဒီအဆင့်ကတော့ မိမိရဲ့အခွင့်အရေးများကို ...ယ်ဖို့ စည်းရုံးမှုရှိရှိ တိုက်ပွဲဝင်ခြင်းအဆင့်ပါပဲ။

ဟာ့က်စ်တို့ခေတ်ကတောင်မှပဲ တချို့သူတွေက အလုပ်သမားသမဂ္ဂလှုပ်ရှားမှုတွေဟာ လုပ်ခပိုမိုရရှိရေးနဲ့ နေထိုင်မှုဘဝ ပိုမိုကောင်းမွန်ရေးအတွက်မျှသာ ဖြစ်တယ်လို့ ယုံကြည်နေကြသေးတယ်။ ဒါပေမဲ့ အလုပ်သမားသမဂ္ဂတွေကို ဒီလို နားလည်တာ မှားတယ်လို့ မာ့က်စ်က ပြောပါတယ်။




...လုပ်သမားသမဂ္ဂတိုင်းရဲ့ မူဝါဒရေးရာဦးတည်ချက်ဟာ ဆိုရှယ်လစ်စနစ် ...ဦးတည်တဲ့ပြောင်းလဲရေး ဖြစ်ရပါမယ်။ ဒီလိုမှ မဟုတ်ရင်တော့ အမေရိကန် ...သမားသမဂ္ဂတွေလို အချိန်ဖြုန်းနေကြတာသာ ဖြစ်ပါလိမ့်မယ်။ သူတို့ဟာ ...ရှင်စနစ်အကျိုးအတွက် ဒူးထောက်ပြီး တိုက်ပွဲဝင်နေကြပါတယ်။

"အုပ်စိုးသူ လူတန်းစားရဲ့ စုစည်းထားတဲ့ အာဏာကို ဆန့်ကျင်တိုက်ပွဲ ဝင်ရာမှာ စည်းရုံးစုစည်းထားပြီးသား လူတန်းစားတစ်ရပ်ဖြစ်နေတဲ့ အလုပ်သမား လူတန်းစားသာလျှင် သူ့ကိုယ်ပိုင်ပါတီတစ်ရပ်ကို တခြားဟောင်းနွမ်းဖောက်ပြန်တဲ့ ပါတီအားလုံးကို ဆန့်ကျင်တိုက်ခိုက်ဖို့ အသက်ဝင်တက်ကြွစေနိုင်တာ ဖြစ်တယ်"




(...ဒါမှမဟုတ် ပါလီမန်ဥပဒေနည်းနာအရ လည်း တည်ဆောက်လို့ရတာ မဟုတ် ပါဘူး။)

ပထမဆုံးအဆင့်အနေနဲ့ လုပ်ရမှာက သွေးစည်းညီညွတ်မှုသာလျှင် ကိုယ့်ဘဝအခြေအ ပြောင်းလဲဖို့ နည်းနာတွေရလာမယ်ဆိုတာ အလုပ်သမားတွေကို သဘောပေါက်အေ လုပ်ရပါမယ်။ ကိုယ့်အင်အားကို ကိုယ်မြင်လာစေရပါမယ်။ မိမိတို့ဘဝအခြေအ ဘာကြောင့်ဆိုးဝါးနေရတယ်ဆိုတာ မြင်လာစေရပါမယ်။ အလုပ်သမားတွေရဲ့ ပြဿနာတွေ အရင်းရှင်စနစ်က ဘယ်တော့မှ ဖြေရှင်းပေးမှာ မဟုတ်ဘူးဆိုတာ မြင်လာစေရပါမ ဆိုရှယ်လစ်စနစ်က အလုပ်သမားတွေအတွက် ဘာတွေကောင်းတယ်ဆိုတာ သိလာစေရပါမ တစ်ခွန်းတည်းပြောရရင် အလုပ်သမားတွေကို နိုင်ငံရေးနိုးကြားလာစေရပါမယ်။





နိုင်ငံရေးနိုးကြားတဲ့ အလုပ်သမားလူတန်းစားသာလျှင် နောက်အဆင့်ကို တက်လှမ်းနိုင်ပါလိမ့်မယ်။ အဲဒီအဆင့်ကတော့ မိမိရဲ့အခွင့်အရေးများကို ယူဖို့ စည်းရုံးမှုရှိရှိ တိုက်ပွဲဝင်ခြင်းအဆင့်ပါပဲ။

မာ့က်စ်တို့ခေတ်ကတောင်မှပဲ တချို့သူတွေက အလုပ်သမားသမဂ္ဂလှုပ်ရှားမှု တွေဟာ လုပ်ခပိုမိုရရှိရေးနဲ့ နေထိုင်မှုဘဝ ပိုမိုကောင်းမွန်ရေးအတွက်မျှသာ ဖြစ်တယ်လို့ ယုံကြည်နေကြသေးတယ်။ ဒါပေမဲ့ အလုပ်သမားသမဂ္ဂတွေကို ဒီလို နားလည်တာ မှားတယ်လို့ မာ့က်စ်က ပြောပါတယ်။




အလုပ်သမားသမဂ္ဂတိုင်းရဲ့ မူဝါဒရေးရာဦးတည်ချက်ဟာ ဆိုရှယ်လစ်စနစ် ဦးတည်တဲ့ပြောင်းလဲရေး ဖြစ်ရပါမယ်။ ဒီလိုမှ မဟုတ်ရင်တော့ အမေရိကန် အလုပ်သမားသမဂ္ဂတွေလို အချိန်ဖြုန်းနေကြတာသာ ဖြစ်ပါလိမ့်မယ်။ သူတို့ဟာ အရင်းရှင်စနစ်အကျိုးအတွက် ဒူးထောက်ပြီး တိုက်ပွဲဝင်နေကြပါတယ်။

ကဲ . . . အခု စိတ်ဝင်စားစရာမေးခွန်းလေး လာပါတော့မယ်။ ဒါကို လူအများက ကိုယ့်ဘာသာ မေးကြည့်မိကြပြီးသား ဖြစ်ချင် ဖြစ်မှာပါ။ ငြိမ်းချမ်းရေး လမ်းကြောင်းလား၊ လက်နက်ကိုင် တိုက်ပွဲလမ်းကြောင်းလား၊ ဘယ်လမ်း လိုက်မလဲ ဆိုတာပါပဲ။






အလုပ်သမားတွေရဲ့ ပါတီကို ဆန့်ကျင်ဖို့ နေရာ ယူထားတာတွေက အမေရိကန်နိုင်ငံ အစိုးရရှိမယ်၊ စစ်တပ်ရှိမယ်၊ ပုလိပ်တပ်ဖွဲ့ရှိမယ်၊ ဥပဒေတွေ ရှိမယ်၊ နှိပ်ကွပ်မှုတွေ ရှိမယ်၊ ဝါဒဖြန့်ချိရေး ယန္တရားတစ်ခုလုံး ရှိပါမယ်။




အနေနဲ့အမြန်ဆိုသလို ဒီထိပ်တိုက်ရင်ဆိုင်မှုဟာ သွေးထွက်သံယို ... အလုပ်သမားလူတန်းစားဟာ တော်လှန်ရေးလုပ်ကြမှာဖြစ်တယ်လို့ မာ့က်စ်က ... အလုပ်သမား လူတန်းစားပါတီတစ်ရပ်ဟာ အလျှော့အတင်းလုပ်ပြီး အရင်း... အခွင့်အရေးတွေရရှိဖို့အတွက် ပစ္စည်းမဲ့တွေကို ကူညီနိုင်ပါတယ်။ ဒါပေမဲ့ ... သွေးစုတ်မှုအခြေအနေများကိုတော့ ပြောင်းလဲသွားစေမှာ မဟုတ်ပါဘူး။ (... နည်းသွားတာ၊ များသွားတာ ရှိချင်ရှိမယ်။ လုံးဝလွတ်မြောက်သွားမှာတော့ မ...





...အလုပ်သမားသမဂ္ဂတွေ၊ ပါတီတွေနဲ့ (ထားပါတော့) ပါလီမန်ဘောင်အတွင်းမှာ ...များကဲ့ စက်မှုလုပ်ငန်းနဲ့ လယ်ယာလုပ်ငန်းက အလုပ်သမားတွေရဲ့ တိုက်ပွဲဟာ ...အပြတ်တိုက်ပွဲကြီးအတွက် အင်အားစုစည်းဖို့ စည်းရုံးတာနဲ့ ပြင်ဆင်မှုလုပ်တာဆိုတဲ့ ...လမ်းတစ်ခုမျှသာ ဖြစ်တယ်။

> "နောက်ဆုံးတွင် လူတန်းစားတိုက်ပွဲကို အဆုံးအဖြတ်ပေးမည့်အချိန် နီးကပ်လာသောအခါ အုပ်စိုးသူလူတန်းစားအတွင်း လူ့အဖွဲ့အစည်းအဟောင်း တစ်ခုလုံးအတွင်းရှိ ပြိုကွဲမှုဖြစ်စဉ်သည် အလွန်ပြင်းထန်စူးရှသော လက္ခဏာဆောင်လာပေရာ အုပ်စိုးသူလူတန်းစားအတွင်းမှ သေးငယ်သော အစိတ်ပိုင်းတစ်ပိုင်းသည် ထိုလူတန်းစားကို စွန့်ခွာခဲ့ပြီး အနာဂတ်ကို ပိုင်ဆိုင်သော၊ တော်လှန်သော လူတန်းစားနှင့် ပူးပေါင်းလာကြသည်။ ထို့ကြောင့် အစောပိုင်းကာလတွင် မှူးမျိုးမတ်နွယ်က တစ်စိတ်တစ်ပိုင်းသည် ဓနရှင်လူတန်းစားဘက်သို့ ကူးပြောင်းလာသည့်အတိုင်း . . .
>
> (ကြေညာစာတမ်း)

...မိမိကိုယ်ကို ဓနရှင်လူတန်းစားနဲ့ အဆက်ဖြတ်ထွက်ခွာလာတဲ့ "သေးငယ်တဲ့ ...အပိုင်း" ဆိုတာထဲမှာ မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ မော်၊ ဟိုချီမင်း၊ ...ရီး၊ ချေဂွေဗားရားနဲ့ တခြားလူတွေလို ပညာတတ်တွေပါတာပေါ့။ သူတို့ဟာ ...ည်းလုပ်လို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ကျောင်းသားတွေလိုပဲ သူတို့ဟာ ...သမား၊ လယ်သမားနဲ့ မပူးပေါင်းရင် ဘာကိုမှ ပြောင်းလဲအောင် လုပ်နိုင်မှာ ...ပါဘူး။

ဆိုရှယ်လစ်သဘောတရားနဲ့ ကင်းကွာတဲ့ အလုပ်သမားလှုပ်ရှားမှု
မာ့က်စ်ဘယ်တုန်းကမှ စဉ်းစားခဲ့တာ မဟုတ်ပါ။ လူထုထောက်ခံမှုမရှိတဲ့ ဆိုရှယ်လ
ပါတီတစ်ရပ်ဟာ နာနာဘာဝကောင်လို ဦးခေါင်းမဲ့တဲ့ သတ္တဝါကောင်လို ဖြစ်တ
အလုပ်သမား၊ လယ်သမားတွေရဲ့ တကယ့်ပြဿနာတွေနဲ့ ကင်းကွာနေတဲ့ လက်ဝဲပါတီတွေ
ဒီသဘောတွေဖြစ်ပါတယ်။

မာ့က်စ်ကွယ်လွန်ပြီး ၃၄ နှစ်အကြာမှာ သူ့ရဲ့သဘောတရားဟာ အကေ
အထည်ပေါ်လာပါတယ်။ အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ တိုင်းပြည် တစ်
ပေါ်လာတာပါ။ ၁၉၁၇ ခုနှစ်၊ ရုရှားနိုင်ငံမှာ . . .



လီနင်

. . . လို့ ခေါ်တဲ့ "ရေ
လူတန်းစား" မာ့က်စ်
တစ်ယောက်ရဲ့ အ
အမြင်ကြီးမားမှုနဲ့ မဗိုတ်မ
လုံးပမ်းမှုတွေကြောင့် အကေ
အထည် ပေါ်လာတာပါ။

"မာ့က်စ်ရဲ့ သင်ကြားချ
တွေဟာ အင်အားကြီးမားပါတ
ဘာကြောင့်လဲဆိုတော့
သင်ကြားချက်တွေဟာ မှန်က
ပါပဲ။ သူ့ သဘောတရားဟာ
ပြည့်စုံပြီး ရှေ့နောက်လျော်
ရှိပါတယ်။ ခိုင်မာတဲ့ လော
အမြင် တစ်ရပ်ကိုလည်း ရ
ပါတယ်။ ဒီလောကအမြင်ဟာ ဘယ်
အယူသည်းမှု၊ ဘယ်လို ဖောက်ပြ
ဓနရှင်လူတန်းစား ဖိနှိပ်မှုကို ကာကွယ
ဘယ်လိုအမြင်နဲ့မှ စေ့စပ်လို့ မရနိုင်တဲ့အ
ဖြစ်ပါတယ်။ မာ့က်စ်ရဲ့ သဘောတရား





...ရာစု အတွင်း လူသားတွေ ဖန်တီးထားခဲ့တဲ့ အကောင်းဆုံးအရာတွေ ဖြစ်တဲ့ ဂျာမန် အဘိဓမ္မာ၊
...ဗိုပ်နိုင်ငံရေး ဘောဂဗေဒနဲ့ ပြင်သစ်ဆိုရှယ်လစ်ဝါဒတို့ကို တရားဝင်အမွေဆက်ခံထားတာ
ဖြစ်ပါတယ်။" (လီနင်ရေး "မာ့က်စ်ဝါဒရေ သောက်မြစ်သုံးသွယ် အပိုင်းကြီးသုံးပိုင်း" မှ)

လီနင်ဟာ မာ့က်စ်ရဲ့အတွေးအခေါ်တွေကို လက်ဆင့်ကမ်း ဆက်ခံခဲ့သူ
တစ်ယောက်ဖြစ်တယ်။ သူဟာ မာ့က်စ်ဝါဒရဲ့ ရန်သူတွေနဲ့ ဒီဝါဒကို
လွဲမှားစွာ အဓိပ္ပာယ်ကောက်သူတွေကို ဆန့်ကျင်ပြီး
မာ့က်စ်ဝါဒကို ကာကွယ်ခဲ့ပါတယ်။
ဒီနည်းနဲ့ လီနင်ဟာ
မာ့က်စ်ဝါဒကို
အများကြီး
အကျိုးပြုခဲ့ပါတယ်။
မာ့က်စ်မှန်ကန်ကြောင်း
သက်သေပြခဲ့သူ
တစ်ဦးလည်း
ဖြစ်ပါတယ်။



"ပစ္စည်းမဲ့
လူတန်းစားဟာ
အသင့်ရှိပြီးသား
နိုင်ငံတော်ယန္တရားကိုပဲ ကိုင်စွဲပြီး
သူ့ရဲ့ ကိုယ်ပိုင်ရည်ရွယ်ချက်အတွက်
အသုံးပြုလို့ မဖြစ်ပါဘူး။ ပစ္စည်းမဲ့
လူတန်းစားဟာ ဒီယန္တရားကို ဖျက်ပစ်ပြီး
ယန္တရားသစ်တစ်ခုနဲ့ အစားထိုးရမယ်လို့
မာ့က်စ်က ပဲရစ်ဘုံအဖွဲ့ အတွေ့အကြုံကို
အခြေခံပြီး သင်ကြားခဲ့ပါတယ်။ အဲဒီလို
နိုင်ငံတော်ယန္တရားသစ်များကို ပဲရစ်ဘုံအဖွဲ့က
ဖန်တီးခဲ့တယ်။ နောက်ပြီး ရုရှား
အလုပ်သမားများရဲ့ ဆိုဗီယက်များကလည်း
ဖန်တီးခဲ့ပါတယ်။

(လီနင်၊ အတွဲ ၂၆၊
နှာ ၉၀)



## မော့ဂ်စ်ဝါဒ ဝေါဟာရ အဘိဓာန်ငယ်



**…gosticism** - မသိနိုင်ဝါဒ . . .

လူသားရဲ့ ဆင်ခြင်နိုင်စွမ်းဟာ အကန့်အသတ်ရှိတယ်။ …ဝလောကမှာရှိတဲ့ အရာကိစ္စတွေရဲ့ တကယ့်အဖြစ်မှန်တွေကို လူတွေအားလုံးသိနိုင်ဖို့ …နိုင်ဘူးဆိုတဲ့ အဘိဓမ္မာ သဘောတရားဖြစ်တယ်။ လူတွေ တွေ့မြင်နေရတဲ့၊ …ဆက်ဆံနေရတဲ့ လောကကြီးဟာ ပကတိ သဘာဝ အစစ်အမှန်တွေမဟုတ်ပါဘူး။ …ဟာ လူတွေရဲ့ အာရုံခံစားမှု အင်္ဂါနဲ့ ဆင်ခြင်တုံ့မှုစွမ်းအားတွေက လှုပ်ရှားလုပ်ဆောင်လို့ …ပေါ်လာတာတွေသာ ဖြစ်တယ်လို့ ဒီသဘောတရားက ယူဆပါတယ်။ သိပ္ပံပညာဟာ …ကိစ္စတွေအကြောင်း သိရှိရေးအတွက်၊ လမ်းတွေ ရှင်းလင်းပေးထားပြီး ဖြစ်တဲ့အတွက် …ခါမှာ အတွေ့အကြုံတွေနဲ့ လက်တွေ့တွေက မသိနိုင် ဝါဒမှားကြောင်းကို …သေပြနေပါတယ်။ လူတွေ သိရှိပြီးသားအရာနဲ့ မသိရှိရသေးတဲ့ အရာရယ်လို့ …မှုတစ်ခုပဲ ကျန်ပါတော့တယ်။

မသိနိုင်ဝါဒ အဘိဓမ္မာဆရာတွေထဲမှာ ဟူးမ်(Hume)၊ ကန့် (Kant)၊ ကွန်တီ …mte)၊ စပင်ဆာ (Spencer)၊ မက် (Mach) စသူတို့ ပါဝင်ကြပါတယ်။

**…nalylsl and Synthesis** - ခွဲခြမ်းစိတ်ဖြာမှုနှင့် စုစည်းတည်ဆောက်မှု . . .

ခွဲခြမ်းစိတ်ဖြာမှုဆိုတာ အရာဝတ္ထု (သို့မဟုတ်) အချင်းအရာ …ကို ရိုးရိုးအစိတ်အပိုင်းလေးတွေအဖြစ် ခွဲပစ်လိုက်တာပါပဲ။ စုစည်းတည်ဆောက်မှု …ကတော့ အရာဝတ္ထု (သို့မဟုတ်) အချင်းအရာတစ်ခုရဲ့ အစိတ်အပိုင်းကလေးတွေကို …လုံးအဖြစ် ပြန်ပြီး ပေါင်းစပ်ပေးလိုက်တာ ဖြစ်ပါတယ်။ တက္ကဗေဒကတော့ ဒီနှစ်မျိုးကို …န့်စီ ခွဲခြားထားပါတယ်။ အနုပဋိလောမ ရုပ်ဝါဒကတော့ အဲဒီလိုမဟုတ်ပါဘူး။ …ားပုံ အနုပဋိလောမ ရုပ်ဝါဒကတော့ အဲဒီလို မဟုတ်ပါဘူး။ ဒီစဉ်းစားပုံနှစ်မျိုးကို …င်းတစ်စည်းတည်း သဘောထားပါတယ်။ "ခွဲခြမ်းစိတ်ဖြာမှုမရှိဘဲ စုစည်းတည်ဆောက်မှု …ဘူး" (အိန်ဂယ်)။ ဥပမာ ခန္ဓာဗေဒမှာ လူ့ခန္ဓာကိုယ်ကို ခွဲခြမ်းစိတ်ဖြာတဲ့အခါမှာ …စိတ်အပိုင်းတွေကို တစ်ခုချင်းသီးသန့်စီ လေ့လာကြပါတယ်။ ဒါပေမဲ့ ကိုယ်အင်္ဂါတိုင်းရဲ့ …ပါမှုနဲ့ အလုပ်လုပ်ပုံကို အပြည့်အစုံ၊ နက်နက်ရှိုင်းရှိုင်း ဆုပ်ကိုင်နိုင်ဖို့ဆိုတဲ့အခါကျတော့ …ိတ်ဖြာမှုနဲ့ မလုံလောက်တော့ပါဘူး။ ဒီအခါမှာ ကိုယ်ခန္ဓာတစ်ခုလုံးကို စဉ်းစား …က်ဖို့ လိုလာပါတယ်။ အဲဒါဟာ တကယ်တော့ အစိတ်အပိုင်းတွေကို လေ့လာတာပါပဲ။ … စုစည်းတည်ဆောက်မှု သဘောအရ လေ့လာတာပါ။

**Animism** - ဝိညာဉ်ဝါဒ

သဘာဝလောက အချင်းအရာတွေကို ဝိညာဉ်ကိန်းအောင်းနေ အရာတွေအဖြစ် ယူဆတာဖြစ်တယ်။ သဘာဝလောကရှိ အရာတိုင်းရဲ့ နောက်ကွယ် မမြင်နိုင်တဲ့ သို့မဟုတ် "စိတ်ပိုင်းဆိုင်ရာ" ဝိညာဉ်အင်အားတစ်ခု ပုန်းကွယ်နေတယ် ယုံကြည်တာဖြစ်တယ်။ "အဲဒီလို အရာဝတ္ထုတွေကို သက်ရှိလို သဘောစဉ်းစားတတ် အကျိုးဆက်အဖြစ် နတ်ဘုရားတွေလို ဖန်တီးကြပါတော့တယ်။"(အိန်ဂယ်) ရှေးဦးဝိညာဉ်ဝါဒ ဘာသာတရားနဲ့ (နောက်ပိုင်းမှာ ပေါ်လာတဲ့) စိတ်ဝါဒရဲ့ အခြေခံဖြစ်ပါတယ်။

**Antagonism** - ရန်ဘက် ပဋိပက္ခ

အကြမ်းဖက်နည်းနဲ့မှ ဖြေရှင်းသွားနိုင်တဲ့ မပြေငြိမ်းနိုင် ပဋိပက္ခ ဖြစ်ပါတယ်။ ခေနရှင်လူတန်းစားနဲ့ အလုပ်သမားလူတန်းစားအကြား ပဋိပက္ခဟာလ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ဖြေရှင်းလိုက်ရတာ ဖြစ်တယ်။ အလုပ်သမားလူတန်းစာ လယ်သမားအကြား ပဋိပက္ခကတော့ ဘာရန်ဘက်လက္ခဏာမှ မရှိပါဘူး။

**Atheism** - နတ်ဘုရားမဲ့ဝါဒ

ဘာသာရေးကို သိပ္ပံနည်းကျ ငြင်းဆိုတဲ့ဝါဒဖြစ်ပါတ နတ်ဘုရားမဲ့ဝါဒဟာ ရှေးဂရိခေတ်က ရုပ်ဝါဒ အဘိဓမ္မာတွေးခေါ်ရှင် ဒီမိုကရစ်တ အဲပီကူးရပ်စ်တို့က ဖော်ထုတ်လို့ ပေါ်လာတာပါ။ သူတို့က သဘာဝထက်လွန်ကဲတဲ့အရာတွေ ငြင်းပယ်ပါတယ်။ ကမ္ဘာကြီးဟာ တကယ်တော့ အနုမြူတွေနဲ့ ဖွဲ့စည်းထားတဲ့ ဒြပ်ပစ္စည်းမျ ဖြစ်တယ်လို့ သူတို့က ပြောဆိုပါတယ်။

**Anit-Duhring** - ဒူးရင်းဆန့်ကျင်ရေး

အိန်ဂယ်ရေးတဲ့ မာ့က်စ်ဝါဒ စာပေကျမ်းကြီးတစ်စောင်ဖြစ် "ယူဂျင်းဒူးရင်းရဲ့ သိပ္ပံနည်းကျ တော်လှန်ရေး" ဆိုတဲ့ စာအုပ်ကို အတိုကောက်ခေါ်ထား ခေါင်းစဉ်ဖြစ်ပါတယ်။ တက္ကဗေဒကို အားကိုးအားထားပြုပြီး မာ့က်စ်ဝါဒကို မှားတယ် ငြင်းချက်ထုတ်ချင်တဲ့ ဂျာမန်အတွေးအခေါ်ပညာရှင် ဒူးရင်းကို ဆန့်ကျင်ထားတဲ့ကျ ဖြစ်ပါတယ်။ ဒူးရင်းဆန့်ကျင်ရေးဟာ နှစ် ၄၀ ကြာ မာ့က်စ်လုံးပမ်းခဲ့သမျှ လေ့လာခဲ့သ အရာတွေကို ပိုင်ဆိုင်စွာ စုစည်းရေးသားထားချက်ဖြစ်ပါတယ်။





**Atom** - အနုမြူ

လွန်ခဲ့တဲ့ နှစ် နှစ်ထောင်ကျော်က ဒီမိုကရစ်တပ်နဲ့ ကူးရပ်စ်တို့က အနုမြူဆိုတဲ့ စဉ်းစားမှုကို သိပ္ပံပညာနယ်ထဲ ပထမဆုံးသွတ်သွင်းခဲ့တာပါ။ ဗေဒပညာရှင် နယူတန်နဲ့ အဘိဓမ္မာပညာရှင်တွေဖြစ်ကြတဲ့ ဟိုဘား (Holbach)နဲ့ ဆင်ဒီ (Gassendi)တို့က ဒီအနုမြူ သဘောတရားကို ဆက်ဖွံ့ဖြိုးစေခဲ့ကြတယ်။

**Base (or Infra) and Superstructure** - အခြေခံ (အောက်ထပ်) အဆောက်အအုံနဲ့ အပေါ်ထပ်အဆောက်အအုံ

ထုတ်လုပ်ရေးနည်းနာ (တစ်နည်းအားဖြင့်) ထုတ်လုပ်ရေး အားစုများနဲ့ ထုတ်လုပ်ရေးဆက်ဆံရေးတို့ဟာ စီးပွားရေးအခြေခံဖြစ်တယ်။ လူ့ အစည်းရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ အခြေခံ (အောက်ထပ်အဆောက်အအုံ) အပြောင်းအလဲတွေ ရှိလာတာနဲ့ အပေါ်ထပ် အဆောက်အအုံ (နိုင်ငံရေးစနစ်၊ သာရေး၊ အဘိဓမ္မာ၊ ကိုယ်ကျင့်တရား၊ အနုပညာ၊ သိပ္ပံ စတာတွေ) ဟာလည်း အနေးနဲ့ ၊န်ဆိုသလို သူ့ဘာသာ သူ အပြောင်းအလဲတွေ လုပ်လာရတယ်။ (Economic Base) းစဉ်အောက်မှာလည်း ကြည့်ပါ။)

**Capital** - အရင်းကျမ်း

မာ့က်စ် ပြုစုခဲ့တဲ့အထဲက အဓိကကျမ်းကြီး ဖြစ်ပါတယ်။ ရင်းရှင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဥပဒေသတရားတွေကို အသေးစိတ်ကျကျ းစိတ် ဖြာထားတဲ့ကျမ်းဖြစ်ပါတယ်။ ဒါတင်မက သမိုင်းရေး၊ အဘိဓမ္မာရေးဆိုင်ရာ ကြီးတစ်စောင်လည်း ဖြစ်ပါတယ်။ သမိုင်းရုပ်ဝါဒ သဘောတရားကို ဒီကျမ်းထဲမှာ ခြံအားဖြင့် ပြည့်စုံစွာ ရေးသားထားပါတယ်။

**Categories** - အမျိုးအစားခွဲခြားချက်များ

ကမ္ဘာလောကကြီးရဲ့ အနှစ်သာရကျတဲ့ ဆက်ဆံမှုနဲ့ သများကို ဖော်ပြတဲ့ နားလည်ချက် အမျိုးအမည်တွေဖြစ်ပါတယ်။ အနုပဋိလောမ မှာတော့ ဒြပ်၊ ရွေ့လျားမှု၊ ဟင်းလင်းပြင်၊ အချိန်၊ မလွဲသာမရှောင်သာဖြစ်မှု၊ ကြောင်းဆက်စပ်မှု၊ အရေအတွက်၊ ဓာတ်ပစ္စည်း၊ သဏ္ဌာန်၊ အနှစ်သာရ စတဲ့ စတဲ့ အစား ခွဲခြားချက်တွေ ဖြစ်ပါတယ်။ သမိုင်းရုပ်ဝါဒမှာတော့ လူမှုစီးပွားရေး အဆောက်အအုံ၊

ထုတ်လုပ်ရေးအင်အားစု၊ အောက်ထပ် အဆောက်အအုံ၊ အပေါ်ထပ် အဆောက် တွေးခေါ်မှု စတာ စတာတွေ ဖြစ်ပါတယ်။

ဒီအမျိုးအစား ခွဲခြားချက်တွေဟာ လူတွေရဲ့ အသိခံစားမှုတွေနဲ့ မဆိုင်တဲ့ သဘာဝလော အတွင်းက ဖြစ်စဉ်တွေ၊ အချင်းအရာတွေကို ယေဘုယျ ပေါင်းချုပ်ထားတာ ဖြစ်ပါတ

**Causality** - ကျိုးကြောင်းဆက်စပ်မှု

ကျိုးကြောင်းဆက်စပ်မှုဆိုတာ ပကတိကမ္ဘာလောကကြီး အချင်းအရာတွေရဲ့ အထွေထွေ အပြန်အလှန် မှီခိုဆက်စပ်မှုပုံသဏ္ဍာန်တွေထဲက သဏ္ဍာန် ဖြစ်ပါတယ်။ အကြောင်းတရားနဲ့ အကျိုးတရားတို့ဟာ "အဖြစ် အပျက်တွေ တစ်ခုနဲ့ မှီခိုဆက်နွယ်နေမှုနဲ့ အထွေထွေဆက်စပ်မှုတို့ရဲ့ အခိုက်အတန့်အဆင့်ကလေးတွေမှ ဖြစ်တယ်။ အဆက်အစပ်နဲ့ ဖြစ်ပေါ်နေတာတွေထဲက အဆင့်ကလေးတွေမျှသာ ဖြစ်ပါ (လီနင်)"။ အကြောင်းအရင်းမရှိဘဲ ဘယ်အချင်းအရာ (အဖြစ်အပျက်)မှ ဖြစ်မလာနိုင် သဘာဝအချင်းအရာ အားလုံးမှာ သဘာဝကျတဲ့၊ ရုပ်ကျတဲ့ အကြောင်း အရာတွေရှိပါ အကြောင်းနဲ့အကျိုးဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ပြောင်းလဲဆက်စပ်နေကြ သူတို့နှစ်ခုကြားမှာ ဖြစ်ရိုးဖြစ်စဉ်တရားများအရ ရှိနေတဲ့ အတွင်းပိုင်းဆက်သွယ်မှုရှိပါတယ်

ဒီသဘောအတိုင်းပါပဲ။ ဆိုရှယ်လစ်စနစ်အောက်မှာ နည်းပညာဖွံ့ဖြိုး တိုးတက်မှု အလုပ်သမားများဘဝ အခြေအနေတိုးတက်ကောင်းမွန်လာခြင်း (အကျိုးတရား)အ အကြောင်းတရားဖြစ်တယ်။

**Class Struggle** - လူတန်းစားတိုက်ပွဲ

သွေးစုပ်ခံနဲ့ သွေးစုပ်သူတွေအကြား တိုက်ပွဲဖြစ်ပါ လူတန်းစား အကျိုးစီးပွားတွေဟာ စေ့စပ်ပြေငြိမ်းလို့ မရတာကို ဖော်ပြခြင်းဖြစ်ပါ လူတန်းစားတိုက်ပွဲမှာ သဏ္ဍာန်အမျိုးမျိုးရှိတယ်။ စီးပွားရေးတိုက်ပွဲသဏ္ဍာန်၊ နိုင် တိုက်ပွဲသဏ္ဍာန်၊ သဘောတရားရေးတိုက်ပွဲသဏ္ဍာန် တွေးခေါ်မှုတိုက်ပွဲသဏ္ဍာ လက်အောက်ခံတွေ ဖြစ်ပါတယ်။ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ် တည် လိုက်တာဟာ လူတန်းစားတိုက်ပွဲ ပြီးဆုံးသွားတာ မဟုတ်ပါ။ သဏ္ဍာန်သ ဆက်တိုက်နေတာပါ။





**mmunism** - ကွန်မြူနစ်ဝါဒ

သမိုင်းကို ရုပ်ဝါဒအယူအဆအပေါ် အခြေခံထားတဲ့ မာ့က်စ်နဲ့ တို့ရဲ့ သင်ကြားချက်တွေဖြစ်ပါတယ်။ ကွန်မြူနစ်စနစ်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ ဆင့်ဖြစ်ပါတယ်။ ဒီအဆင့်မှာ လူတန်းစားတွေ ကွယ်ပျောက်သွားမှာ ဖြစ်တယ်။ တော့ ဘယ်တိုင်းပြည်မှာမှ ကွန်မြူနစ်စနစ် မရှိပါဘူး။ ဆိုဗီယက်ယူနီယံ၊ တရုတ်နဲ့ ရှယ်လစ်နိုင်ငံတွေဟာ ဆိုရှယ်လစ်အဆင့်မှာပဲ ရှိပါသေးတယ်။ ဒီအဆင့်မှာ းတိုက်ပွဲတွေ မပြီးဆုံးသေးပါဘူး။

**nditions of The Material**
**of Society** - လူ့အဖွဲ့အစည်းရဲ့ ရုပ်ဘဝအခြေအနေများ

လူ့အဖွဲ့အစည်းရဲ့ ရုပ်ဘဝအခြေအနေတွေကို အဆုံးအဖြတ်ပေး က်တွေကတော့ (၁) ပထဝီအနေအထားနဲ့ သဘာဝအရင်းအမြစ်များ (၂)လူဦးရေ း‌မှု (၃)လူ့အဖွဲ့အစည်း တည်ရှိဖို့အတွက် လိုအပ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ ဖန်တီး ့ ထုတ်လုပ်ရေးနည်းနာတို့ ဖြစ်ပါတယ်။

စည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်နဲ့ လူ့အဖွဲ့အစည်းစနစ်တစ်ရပ်က အခြားစနစ်သို့ လဲမှုကို အဆုံးအဖြတ်ပေးတဲ့ အခြေခံအင်အားကတော့ ရုပ်ဝတ္ထုထုတ်လုပ်ရေးဖြစ်တယ်။ အားဖြင့် "လူ့အဖွဲ့အစည်းထုတ်လုပ် ရေးစွမ်းအား"ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါတယ်။

**rwin, Charles (1880-1882)** - (ချားလ်စ်)ဒါဝင်

အတော်လေး ကျော်ကြားတဲ့ အင်္ဂလိပ်အတွေးအခေါ်ပညာရှင် တယ်။ တစ်စတစ်စ ဖြစ်ပေါ်ပြောင်းလဲတဲ့ ဆင့်ကဲဖြစ်စဉ်သဘောတရားကို တည်ထောင်ခဲ့သူ တယ်။ "သတ္တဝါနဲ့ မျိုးဗီဇတွေဟာ ကံအားလျော်စွာ ဆက်စပ်မှုကလွဲလို့ ဘာဆက်စပ်မှု ဘူး။ ဒီမျိုးဗီဇတွေဟာ ဘုရားသခင်က ဖန်တီးထားတာဖြစ်လို့ ပြောင်းလဲမှု မရှိနိုင်ဘူးလို့ နေတာတွေကို ဒါဝင်က အဆုံးသတ်ပစ်လိုက်ပါတယ်။ (လီနင်)။

**rminism and Indeterminism** - ရေရာတိကျမှုဝါဒနဲ့ ရေရာတိကျမှုမဲ့ဝါဒ

ရေရာတိကျမှုဝါဒဆိုတာကတော့ အဖြစ်အပျက်တွေနဲ့ ရာတွေအကြား လိုအပ်စွာမုချရှိနေတဲ့ ဆက်စပ်မှုနဲ့ သူတို့ရဲ့ ရှောင်တခင်အကြောင်း တွေနဲ့ ပတ်သက်တဲ့ သဘောတရား ဖြစ်ပါတယ်။ ဥပမာ – အရင်းရှင်ထုတ်လုပ်ရေး ရဲ့ မင်းမဲ့ဆန်မှုဟာ စီးပွားရေးအကြပ်အတည်းတွေ မလွဲမသွေ ဖြစ်ပေါ်စေတဲ့

အကြောင်းအရင်း ဖြစ်ပါတယ်။ လူတန်းစားတိုက်ပွဲ ဖြစ်ပေါ်တိုးပွားမှုဟာ လူမှုတော်လှ
တစ်ရပ် မလွဲမသွေဖြစ်ပေါ်စေတဲ့ အကြောင်းရင်း ဖြစ်ပါတယ်။

စိတ်ဝါဒီတွေကတော့ ရေရာတိကျမှုဝါဒကို ဆန့်ကျင်ပါတယ်။

ရေရာတိကျမှုမဲ့ဝါဒဆိုတာကတော့ အဖြစ်အပျက်တွေ သဘာဝအလျောက် ဖြစ် ဖြစ်စဉ်ဟာ တကယ်တမ်းမှာ ဘယ်ဥပဒေသအရမှ ဖြစ်နေတာ မဟုတ်ဘူး၊ အမှီအခိုက ဖြစ်ချင်သလိုဖြစ်နေတဲ့ ကြုံကြိုက်မှုအရသာ ဖြစ်နေတာ ဖြစ်တယ်လို့ ယူဆပါတယ်။

**Dialectic** - အနုပဋိလောမ

မူလက ရှေးဂရိအတွေးအခေါ်ပညာရှင်တွေသုံးတဲ့ နည်းဖြ ကိုယ်နဲ့ထိပ်တိုက်ငြင်းခုံနေသူရဲ့ အကြောင်းပြချက်တွေထဲက ပဋိပက္ခဖြစ်နေတဲ့အချက် ဖော်ထုတ်ခြင်းအားဖြင့် အမှန်တရားကို ရှာယူတဲ့နည်းနာဖြစ်ပါသည်။ နောက်ပိုင်းကျ အနုပဋိလောမဆိုတာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနဲ့ တစ်လောကလုံး ကိစ္စတွေရဲ့ ဆက်စပ်မှု သဘောတရားဖြစ်လာပါတယ်။ အရာကိစ္စအားလုံးဟာ ရွေ့လျားလှုပ်ရှားနေ အမြဲ ပြောင်းလဲနေတဲ့ ဖြစ်စဉ်ထဲ ဖြတ်သန်းနေတယ်လို့ အနုပဋိလောမက မြင်ပါ သဘာဝလောကကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှု ကိုယ်၌က သူ့ရဲ့ အတွင်းမှာရှိ ပဋိပက္ခတွေအကြား အချင်းချင်းတိုက်ခိုက်မှုကြောင့် ဖြစ်လာတဲ့ရလဒ်သာဖြစ်တ အနုပဋိလောမတရားက မြင်ပါတယ်။ မာ့က်စ် နဲ့ အိန်ဂယ်တို့က အနုပဋိလောမနည်း ဟီဂယ်ရဲ့ စိတ်ဝါဒအောက်က လွတ်မြောက်စေလိုက်တဲ့အခါမှာတော့ အနုပဋိလော သိပ္ပံပညာတစ်ရပ် ဖြစ်လာပါတယ်။ ဒီတရားဟာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တရားဖြစ်ပါ သဘာဝလောက၊ လူ့အဖွဲ့အစည်းနဲ့ အတွေးအခေါ်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးချုပ်ကို တစ်လောကလုံးဆိုင်ရာ ဥပဒေသတွေကို လေ့လာဖော်ထုတ်တဲ့ သိပ္ပံပညာတ ဖြစ်ပါတယ်။

**Dictatorship of The Proletariat** - ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်

ဆိုရှယ်လစ် တည်ဆောက်ရေးအတွက်၊ လူတန်းစား ဖိ အတွက်နဲ့ လူတန်းစားမဲ့ နိုင်ငံတော်မဲ့ လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရေးအတွက် ရ ပိုင်းဆိုင်ရာ အခြေအနေတွေ ဖန်တီးပေးရတဲ့ကာလ၊ ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စန ကူးပြောင်းရေးကာလနဲ့ နိုင်ငံရေးစနစ်ဖြစ်ပါတယ်။





**Dogma, Dogmatism** - တရားသေကျမှု၊ တရားသေဝါဒ

မျက်ကန်းယုံကြည်လက်ခံတာ၊ အမှားအမှန် သက်သေမပြရ အတည်ပြုတာဟာ တရားသေကျတာပါပဲ။ ဒါမျိုးမဖြစ်စေရအောင်လို့ မာ့က်စ်နဲ့ ယ်တို့က "ကျွန်တော်တို့ရဲ့ သဘောတရားတွေဟာ တရားသေမဟုတ်ပါဘူး။ လုပ်ဖို့ လမ်းညွှန်တွေပါ" လို့ ပြောခဲ့တာပေါ့။ စိတ်မကောင်းစရာ ကောင်းတာကတော့ ရေးကြီးလှတဲ့အချက်ကို တရားသေကျတဲ့ မာ့က်စ်ဝါဒီတွေဟာ မကြာခဏ လစ်လျူပြုထား ကြတယ်။ အဲသလိုနဲ့ မာ့က်စ်ဝါဒရဲ့ တော်လှန်တဲ့စွမ်းအား၊ ဖန်တီးမှုစွမ်းအားကို ပစ်ပယ်လိုက်ကြသည်။

**alism** - ဒွန်တွဲဝါဒ

ဒွန်တွဲဝါဒဟာ "တစ်ခုတည်းဝါဒ" နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မှာ စဉ်းစားနည်း ဖြစ်ပါတယ်။ အရာဝတ္ထု တည်ရှိမှုတွေရဲ့ မူရင်းဟာ ဝတ္ထုပစ္စည်း ည်း မဟုတ်ပါဘူး။ မတူတဲ့ ဝတ္ထုပစ္စည်းနှစ်ခု ဖြစ်တယ်လို့ ဒွန်တွဲဝါဒက ယူဆတယ်။ - ဒဲစ်ကားတီးက လူဆိုတာ တစ်ခုနဲ့တစ်ခု ကွဲပြားခြားနားတဲ့ ဝတ္ထုပစ္စည်းနှစ်မျိုးနဲ့ ဆောက်ထားတာလို့ပြောပါတယ်။ အဲဒီနှစ်မျိုးကတော့ တစ်ခုကရုပ်ခန္ဓာကိုယ်၊ တစ်ခုက ဉ် ဖြစ်ပါတယ်။ ရုပ်ဝါဒကတော့ သဘာဝအချင်းအရာတွေအားလုံးရဲ့ မူရင်းဇစ်မြစ်ဟာ ားလှုပ်ရှားနေတဲ့ ရုပ်ဒြပ်ကြောင့်ဖြစ်တယ်လို့ မြင်ပါတယ်။ ရုပ်က အခြေခံကျတဲ့ င်းအရင်းဖြစ်တယ်။ စိတ်သိမြင်မှုဆိုတာက ဒုတိယ အကြောင်းအရင်းသာ ဖြစ်ပါတယ်။ ည်း ရုပ်ဒြပ်က ဖန်တီးလိုက်တာဖြစ်ပါတယ်။

**lecticism** - ရောကျော်ဝါဒ

အမျိုးမျိုးသော အမြင်သဘောထားတွေ၊ အယူအဆတွေ၊ တရားတွေကို ရွေးယားဆန်ဆန်ပဲ ဆက်စပ်ပေးလိုက်တာသာ ဖြစ်တယ်။ ဒီလိုလုပ်ရာမှာ ဟချထားတဲ့မူရယ်လို့ ဘာမျှမရှိပါဘူး။ ရောကျော်ဝါဒ တွေးခေါ်သူတွေဟာ ရုပ်ဝါဒနဲ့ ကို ပေါင်းစပ်ပေးဖို့ စဉ်းစားကြပါတယ်။

**nomic Base** - စီးပွားရေးအုတ်မြစ်

လူမှုစနစ် တစ်ခုခုကနေ အခြေခံထားတဲ့ ထုတ်လုပ်ရေးနည်းနာ ။ စီးပွားရေအုတ်မြစ် (သို့မဟုတ် အောက်ထပ်အဆောက်အအုံ) ဟာ နိုင်ငံတော်၊ အဖွဲ့အစည်းများ၊ အတွေးအခေါ်များ၊ သဘောတရားများ စတာတွေ ပါဝင်တဲ့

အပေါ်ထပ်အဆောက် အအုံကြီးတစ်ခုလုံး တည်ရှိမှုကို အဆုံးအဖြတ်ပေးတဲ့ အကြောင်း ဖြစ်ပါတယ်။ "စီးပွားရေးအုတ်မြစ်ကို တော်လှန်ပြောင်းလဲပစ်တဲ့ နည်းနဲ့သာ လူ့အဖွဲ့ အ တိုင်းရဲ့ အဆောက်အအုံကြီးကို အလျင်အမြန် ပြောင်းလဲပစ်နိုင်ပါတယ်" (မာ့က်စ်)။

**Economic Structure** - စီးပွားရေးအဆောက်အအုံ

လူ့အဖွဲ့အစည်းကြီးကို လူတန်းစားတွေနဲ့ စနစ်တ ခွဲခြားပစ်လိုက်တဲ့ ထုတ်လုပ်ရေးဆက်ဆံမှုများကို ဆိုလိုပါတယ်။ ဒါဟာ ရုပ်ပိုင်းဆ ထုတ်လုပ်ရေး အင်အားစုတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေက သတ်မှတ်ဆုံးဖြတ်တဲ့အ ကိုက်ညီနေတဲ့ ဆက်ဆံမှုတွေဖြစ်ပါတယ်။

**Empirio-criticism** - အတွေ့အကြုံအရ ဝေဖန်ရေးဝါဒ

ဒီဝါဒဟာ ဖောက်ပြန်တဲ့၊ စိတ်ဝါဒလည်းကျတဲ့ အဘိဓမ္မ ဖြစ်ပါတယ်။ ၁၉ ရာစုရဲ့ ဒုတိယ ရာစုဝက်ကာလမှာ ဂျာမနီနဲ့ ဩစထရီးယားနိုင်ငံ ပေါ်ပေါက်ခဲ့တာပါ။ အဗင်နာရီးယပ်စ်(Avenarius)နဲ့ မက် (Mach)တို့က ရှေ့ဆောင်ဖော် ခဲ့ပါတယ်။ "ကမ္ဘာလောကကြီးရဲ့ အခြေခံဒြပ်ပစ္စည်း" တစ်နည်းအားဖြင့် "အတွေ့အ အခြေခံဒြပ်ပစ္စည်းဟာ" မြင်သမျှအရာကိစ္စ အားလုံးရဲ့ အခြေခံဖြစ်တယ်လို့ ဆိုပ အရာဝတ္ထုတစ်ခုစီဟာ "အခြေခံ ဒြပ်ပစ္စည်းတွေ"ပေါင်းစပ်ထားတာဖြစ်တယ်။ "အ ဒြပ်ပစ္စည်း"ဆိုရာမှာ သူတို့ဆိုလိုတဲ့အချက်က အာရုံခံစားမှုဟာ ဖြစ်စဉ်ရဲ့ အခြေခံဖြစ် ဒါပေမဲ့ အခြေခံဒြပ်ပစ္စည်းကို သိရှိဖို့က ထိတွေ့မှုနဲ့ အာရုံခံစားမှုနည်းနဲ့သာ ဖြစ်နိုင်တ

**Epicurus (342-270 BC)** - အဲ့ပီကူးရပ် (ဘီစီ ၃၄၂ မှ ၂၇၀)

ဒီမိုကရစ်တပ်ရဲ့ နောက်လိုက်တပည့် ဂရိ ရုပ်ဝါဒ အ

ပညာရှင် ဖြစ်ပါတယ်။

**Evoiution and Revolution** - ဆင့်ကဲပြောင်းလဲမှုနဲ့ တော်လှန်ပြောင်းလဲမှု

မသိသာတဲ့၊ နှေးကွေးတဲ့၊ ပြတ်တောင်း ပြတ်တောင် ပြောင်းလဲမှုမျိုးဖြစ်တဲ့ အရေအတွက် ပြောင်းလဲမှုတွေဟာ ဆင့်ကဲဖြစ်စဉ်ထဲမှာ ပြောင်းလဲ ဖြစ်ပါတယ်။ အရည်အချင်းပြောင်းလဲမှုတွေကတော့ ဒါနဲ့ဆန့်ကျင်ဖက်ပါ။ ချက်ချင်း တစ် ဖြစ်ပေါ်ပါတယ်။ ခုန်ပျံမှုတွေနဲ့ ဖြစ်ပေါ်ပါတယ်။ တော်လှန်ရေးကျစွာ ဖြစ်ပေါ်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဒီပြောင်းလဲမှု နှစ်မျိုးစလုံးပါစမြဲပဲ။ ဆင့်ကဲပြောင်းလဲ





နဲ့ပြောင်းလဲမှုအတွက် ရှေ့ပြေးပြင်ဆင်မှုဖြစ်ပါတယ်။ ဒါပေမဲ့ အချောင်ဝါဒကတော့ နဲ့ရေးတိုက်ပွဲကို ပြုပြင်ရေးနဲ့ အစားထိုးတတ်ကြပါတယ်။

**tence** - တည်ရှိမှု

ဒြပ်ဝတ္ထုတွေဟာ အတ္တဘာဝအရ အမှန်တကယ် တည်ရှိတယ် ကို ဖော်ပြတဲ့ အသုံးအနှုန်းဖြစ်တယ်။

**tence and Social Consciousness** - တည်ရှိမှုနဲ့ လူမှုအသိ

အနုပဋိလောမ ရုပ်ဝါဒရှုထောင့်အရ ပြောရရင် "တည်ရှိမှု" ခြေခံ ဖြစ်ပြီး "အသိ"ဆိုတာက လူတွေရဲ့ တွေးခေါ်မှု၊ သဘာဝတရားနဲ့ ဒြပ်ပစ္စည်း ရိုးရိုးကလေး ရောင်ပြန်ဟပ်မှုအဖြစ်နဲ့ ဒုတိယအဆင့်မှာ ရှိတယ်။ လူမှုရေး မှုဖြစ်တဲ့ ရုပ်ဝတ္ထုပစ္စည်း ထုတ်လုပ်မှု၊ ဝတ္ထုပစ္စည်း၊ အဝတ်အစား စတာတွေဟာ ကျတဲ့အရာတွေဖြစ်ပြီး ဒါတွေကနေတစ်ဆင့် လူမှုရေးအသိ၊ လူ့အဖွဲ့အစည်းရဲ့ ပိုင်းဆိုင်ရာနဲ့ အတတ်ပညာပိုင်းဆိုင်ရာ (၎င်းရဲ့ ယဉ်ကျေးမှု)ဆိုတာကို ဆုံးဖြတ်တာဖြစ်တယ်။ မာ့က်စ်ဟာ လူမှုရေး တည်ရှိမှုနဲ့ ထုတ်လုပ်ရေးနည်းနာတို့က သိကို အဆုံးအဖြတ်ပြုတယ် ဆိုတာကို တွေ့ရှိဖော်ထုတ်လိုက်ခြင်းဖြင့် ရုပ်ဝါဒအား နယ်ပယ်ထဲသို့ပါ တိုးချဲ့ပေးလိုက်ပါတယ်။

**eriment** - စမ်းသပ်မှု (အတွေ့အကြုံ)

စမ်းသပ်ခန်းမှာဖြစ်စေ၊ ပကတိဘာဝ ဖြစ်စဉ်ထဲမှာဖြစ်စေ ကို တိုက်ရိုက်လေ့လာတဲ့နည်းနဲ့ စမ်းသပ်လုပ်ကိုင်ရရှိတဲ့ လက်တွေ့အတွေ့အကြုံအရ ကြောင်းပြသတဲ့ အသိကို ရှာဖွေဖော်ထုတ်တာဖြစ်တယ်။

ဟာ စမ်းသပ်မှုကို ရုပ်ဝတ္ထုသဏ္ဌာန်နဲ့ဖြစ်ဖြစ်၊ ဒါမှမဟုတ် စိတ်ဝါဒသဏ္ဌာန်နဲ့ဖြစ်ဖြစ် တယ်။ အနုပဋိလောမရုပ်ဝါဒအရဆိုရင် အတွေ့အကြုံဆိုတာ လူတွေရဲ့အသိနဲ့ င်းကွာစွာ တည်ရှိတဲ့ ရုပ်ကမ္ဘာကြီးနဲ့ ရုပ်ဝတ္ထုတွေရဲ့ ကနဦးတည်ရှိမှုကနေရတာ ။ ဒါပေမဲ့ စိတ်ဝါဒကတော့ အတွေ့အကြုံဟာ ရုပ်ဝတ္ထုပစ္စည်းတွေ၊ ဒါမှမဟုတ် ပျက် ဖြစ်စဉ်တောင် ပါဝင်တာမဟုတ်ဘူး။ ဒါတွေအစား အတိတ်က ကျွန်ုပ်တို့ရဲ့ မှုတွေနဲ့သာ ဆိုင်တာဖြစ်တယ်။ ဒါကြောင့် ဘာသာရေးမှာ စိတ်အာရုံ စ်ခုတည်းနဲ့ ဘုရားသခင်ရှိတယ်ဆိုတာကို စမ်းသပ်ဖော်ထုတ်သက်သေ ပြမှုနဲ့ က်တယ်လို့ ယူဆတာဖြစ်တယ်။

**Fatalism** - ကံတရားဝါဒ

သမိုင်းဖွံ့ဖြိုးတိုးတက်မှုဆိုတာ မသိမမြင်နိုင်တဲ့ အင်အားတစ် ကြိုတင် ဆုံးဖြတ်ထားတဲ့အတိုင်းဖြစ်နေရတာပဲလို့ ယူဆတဲ့ စိတ်ဝါဒသဘောတ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဖန်တီးမှုစွမ်းအားတို့၊ သမိုင်းတို့၊ နိုင်ငံရေးတိုက်ပွဲတို ကံတရားဝါဒက လက်မခံပါဘူး။ လူသားတွေဟာ ဘုရားသခင်ရဲ့ လက်ခုပ်ထဲက လှုပ်ရှားဆောင်ရွက်မှုတွေ ထုပ်ခြင်းအားဖြင့် အရာကိစ္စတွေအပေါ် ဩဇာသက်စေနိုင် မဟုတ်ဘူးလို့ ယူဆပါတယ်။

**Fetishism** - ဆည်းကပ်ကိုးကွယ်မှု

အရာဝတ္ထုတွေကို နတ်ဘုရားလို ကိုးကွယ်ဆည်းကပ် ဆိုတာက အဲဒီအရာဝတ္ထုတွေမှာ လူတွေလက်လှမ်းမမှီတဲ့ သဘာဝထက်လွန်ကဲတဲ့ တန်ခိုး စွမ်းအားတွေ ကပ်တွယ်နေတယ်လို့ ယူဆကြတာဖြစ်ပါတယ်။ ရှေးဦးခေတ်တွေတုန်းက လူတွေဟာ ထူးဆန်းတဲ့အရာတွေကို ကိုးကွယ်ကြ ပါတယ်။ နောက်ပိုင်းမှာ ဒီအရာတွေ လာဘ်ကောင်းတဲ့အရာ သို့မဟုတ် လာဘ်မကောင်းတဲ့အရာတွေဟာ လာဘ်ကောင်းတဲ့ သို့မဟုတ် လာဘ်မကောင်းတဲ့ အရာတွေဟာ လာဘ်ကောင်းတဲ့အရာ သို့မဟု လာဘ်မကောင်းတဲ့ အရာတွေအဖြစ် ပြောင်းလာပါတယ်။ အရင်းရှင်စနစ်မှာတော့ ကိုးကွယ်မှု ဓနဥစ္စာကို ကိုးကွယ်မှုကုန်ပစ္စည်းကို ကိုးကွယ်မှုတွေရှိပါတယ်။ ဒါတွေ အရင်းရှင် ပိုင်ဆိုင်မှုရဲ့ တန်ခိုးအာနိသင်ကို ပြနေတာဖြစ်တယ်။

**Feuerbach, Ludwig (1804-72)** - (လူးဝစ်)ဖျူးဝါးဘတ် (၁၈၀၄–၇၂)

ဘုရားသခင်ဆိုတာ မရှိဘူးလို့ ဖြောင်ကြေညာပြီး ဘုရားမဲ့ဝါ ရပ်ခံခဲ့သူ ဂျာမန်ရုပ်ဝါဒီ ပဂေးကြီးတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ သူ့အတွေး တွေဟာ မာ့က်စ်နဲ့ အိန်ဂယ်တို့အပေါ်မှာ လွှမ်းမိုးမှုရှိခဲ့တယ်။ ဒါပေမဲ့ ဖျူးဝါးဘတ် လူမှုရေးအချင်းအရာတွေကို မြင်ပုံမြင်နည်းမှာတော့ စိတ်ဝါဒကျမြဲကျနေပါသေး လူသားများ ဖွံ့ဖြိုးမှုအဆင့်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ခွဲခြားဖော်ပြရာမှာ လူ့အဖွဲ့အစ ရုပ်ပိုင်းဆိုင်ရာအခြေခံတွေကို လျစ်လျူရှုပြီး သူက ဘာသာရေးအသိပုံသဏ္ဍာန်အမျိုး အခြေခံပြီး ခွဲခြားထားပါတယ်။ လက်တွေ့ တော်လှန်ရေးလှုပ်ရှားမှုတွေရဲ့ အရေးကြီးမှု သို့မ လူနဲ့သဘာဝလောကအကြား အနုပဋိလောမ သဘောအရ အပြန်အလှန်သက်ရောက် ထုတ်လုပ်ရေး ဖြစ်စဉ်အတွင်းမှာ လူ့လောကကြီး ပြောင်းလဲလာမှုတို့ကို ဖျူးဝါးဘတ် မဆုပ်ကိုင်မိပါဘူး။



**Fide-Ism** - ယုံကြည်ချက်ဝါဒ

နားလည်နေဖို့မလိုဘူး၊ ယုံကြည်ဖို့ပဲလိုတယ်ဆိုတဲ့ သဘော ား ဖြစ်တယ်။ (အထူးသဖြင့် လက်တင်နိုင်ငံတွေမှာ ခေတ်စားတယ်)။ ဒီဝါဒက ယုံကြည်ချက်ရဲ့ အဆုံးအဖြတ်ပေးတဲ့ အခန်းကို အလေးထားပြောတယ်။ လီနင်က စိတ်ဝါဒ မှုကို အနည်းနဲ့အများ အားပျော့နေတဲ့ (ဝါ) အပျော့စားယုံကြည်ချက် ဝါဒတစ်ခုလို့ တယ်။ တစ်နည်းပြောရရင် ဘုန်းတော်ကြီးဝါဒအဖြစ် မြင်ပါတယ်။ (Idea-Lism " ဝါဒ"ကိုလည်း ကြည့်ပါ။)

**Forces of Production** - ထုတ်လုပ်ရေးအင်အားစုများ

ရုပ်ဝတ္ထုကုန်ပစ္စည်းတွေ ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ပစ္စည်း ယာ တွေဖြစ်တယ်။ နောက်ပြီး ဒီအလုပ်ကိရိယာတွေသုံးပြီး ရုပ်ဝတ္ထုကုန်ပစ္စည်းတွေ လုပ်ပေးကြတဲ့ အတွေ့အကြုံနဲ့လုပ်ငန်းဆိုင်ရာလေ့ကျင့်မှုတွေရှိထားကြတဲ့ လူတွေပါ ယ်။ (စက်တွေ၊ ကိရိယာတွေ၊ ကုန်ကြမ်းတွေ စတဲ့) ထုတ်လုပ်ရေးအင်အားစုတွေနဲ့ လုပ်အားတို့ကို အလုပ်ရဲ့ ခွဲမရတဲ့ အစိတ်အပိုင်းတွေအဖြစ် သဘောထားဖို့လိုပါတယ်။ ာဝဆိုတာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းမှာရှိတဲ့ ထုတ်လုပ်ရေးအင်အားစုတွေနဲ့ လုပ်ရေးနည်းနာစနစ်တွေအပေါ်မှာ မူတည်ပါတယ်။ ဒါကြောင့် ဒီအင်အားစုတွေအတွက် ပံကိန်းရဲ့ အရေးကြီးမှုဟာ ဆိုရှယ်လစ်စနစ်အတွင်းမှာသာ အကျိုးအမြတ်တွေကို ွန်းစေမှာ ဖြစ်တယ်။

**Form and Content** - သဏ္ဍာန်နဲ့ အနှစ်သာရ

သဘာဝလောကမှာ၊ လူ့အဖွဲ့အစည်းမှာ၊ စဉ်းစားတွေးခေါ်မှု မှာ အရာကိစ္စတိုင်းဟာ ၎င်းတို့နဲ့ သက်ဆိုင်တဲ့ အနှစ်သာရနဲ့ သဏ္ဍာန်ရယ်လို့ ရှိပါ ။ ဥပမာ– မြေယာပြုပြင်ရေးဟာ အနှစ်သာရဖြစ်တယ်ဆိုပါစို့။ သူ့ရဲ့ သဏ္ဍာန်ပိုင်း ့ကျတော့ အသုံးချမှုနည်းနာကွဲရင် ကွဲသလို ကွဲပြားနိုင်ပါတယ်။

**Formal Logic** - သဏ္ဍာန်လောဂျစ် (သဏ္ဍာန်ကျတဲ့ စဉ်းစားနည်း)

လူ့အတွေးအခေါ်တွေ ဖြစ်ပေါ်လာမှုဆိုင်ရာ နိယာမတွေနဲ့ က်တဲ့ သဘောတရားတစ်ခုဖြစ်ပါတယ်။ သဘာဝလောကနဲ့ ခွဲခြားပြီး ဒီနိယာမတွေကို ေလ့လာခဲ့တာဖြစ်ပါတယ်။ သဏ္ဍာန်လောဂျစ်က ရုပ်ပိုင်းဆိုင်ရာ အမှန်တရား ိုနေတယ်ဆိုတာ ထည့်မတွက်ပါဘူး။ (ဆိုလိုတာက သဘာဝအချင်းအရာတွေကို

မှန်ကန်စွာ ရောင်ပြန်ဟပ်တာတွေ၊ မှန်ကန်စွာ ထင်မြင်ယူဆတာတွေကို ထည့်မတွက်ပါဘူး ဒါပေမဲ့ သင်္ချာန်ကျတဲ့ အမှန်တရားကိုပဲ ဂရုစိုက်တာပါ။ ဒါကြောင့် သင်္ချာန်လောဂျစ် ခေါ်တာပေါ့။ တတ္တဗေဒနည်းနာရဲ့ အခြေခံဟာ သင်္ချာန်လောဂျစ်ပါပဲ။ အနုပဋိလော (တစ်နည်းအားဖြင့် သဘာဝလောဂျစ်) ကတော့ သင်္ချာန်လောဂျစ်နဲ့ ပြောင်းပြန်ဖြစ်ပါတ အနုပဋိလောမသဘောအရ ဆိုရင် အတွေးအခေါ်ရဲ့ အနှစ်သာရ၊ လောဂျစ်ရဲ့ မူတွေ ဥပဒေသတွေဟာ ရုပ်တရားနဲ့ ကိုက်ညီရမယ်။ သဘာဝနဲ့ ကိုက်ညီရမယ်။ သဘာ ဖြစ်ရိုးဖြစ်စဉ်တရားတွေနဲ့လည်း ကိုက်ညီရမယ်။ သင်္ချာန်လောဂျစ်က အနိုင်အ ဆိုတာက အရာဝတ္ထုအားလုံးနဲ့ သူတို့နဲ့ ပတ်သက်တဲ့လူတွေရဲ့ ယူဆချက်အား ဟာ သူ့ဟာနဲ့သူ ညီမျှကြတယ်လို့ ဆိုပါတယ်။ (တနည်းဆိုရရင် ဒါဟာ သင်္ချာ ထပ်တူညီခြင်းယူဆချက်ဖြစ်ပါတယ်။ A=A ဖြစ်တယ်ဆိုတဲ့ သဘောပါ)။ အနုပဋိလေ ရုပ်ဝါဒကတော့ ဒီလိုမဟုတ်ပါဘူး။ အရာဝတ္ထုတိုင်းဟာ သူ့ဘာသာ ညီလည်း ညီမျှ ညီလည်း မညီမျှဘူး။ ဘာလို့လဲဆိုတော့ အရာဝတ္ထုတိုင်းဟာ ဖွံ့ဖြိုးတိုးတက်ပြောင်း ဖြစ်စဉ်တစ်ခုခုထဲမှာ ရှိနေလို့လို့ ဆိုပါတယ်။

## Freedom and Necessity - လွတ်လပ်မှုနဲ့ လိုအပ်မှု

လွတ်လပ်မှုနဲ့ လိုအပ်မှုဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဖက်အ တတ္တဗေဒသမားများက ယူဆလေ့ရှိတယ်။ တချို့ကတော့ "စိတ်ဆန္ဒ"ဟာ လုံးဝလွတ် တယ်။ အချုပ်အချယ်မရှိဘူးလို့ ယူဆတယ်။ တချို့ကတော့ လွတ်လပ်တဲ့ စိတ်ဆန္ဒဆို မရှိဘူး။ လုံးဝလိုအပ်မှုသာ တည်ရှိတယ်လို့ ဆိုကြပြန်တယ်။ လွတ်လပ်မှု ဒါမှမဟုတ် လိုအပ်မှုပဲ စသဖြင့် ပြောဆိုကြတယ်။ မာ့က်စ်ဝါဒ အမြင်အရကြည့်ရင် ဒီအယူအဆတွေ သိပ္ပံနည်းမကျပါဘူး။ ဘာလို့လဲ ဆိုတော့ လွတ်လပ်မှုဆိုတာထဲမှာ သဘာဝနိယာမတွေ ဆန့်ကျင်တဲ့ အမှီအခိုကင်းတဲ့ စိတ်ကူးစိတ်သန်းမျှသာ ပါဝင်တာ မဟုတ်ပါ ဒီနိယာမတွေကို သိရှိမှုနဲ့ လက်တွေ့အလုပ်ထဲမှာ ဒီနိယာမတွေလို အသုံးချနိုင်မှုလ ပါဝင်တာ ဖြစ်ပါတယ်။ "လွတ်လပ်မှုဆိုတာဟာ မိမိကိုယ်တိုင် အပေါ်နဲ့ ပြင်ပသဘ လောကအပေါ် လွှမ်းမိုးထားနိုင်ခြင်းဖြစ်ပါတယ်။ ဒီလွှမ်းမိုးထားမှုဟာ သဘာဝ လောကကြ လိုအပ်မှုတွေ (နိယာမတွေ) ကို သိရှိမှုအပေါ် အခြေခံထားတာ ဖြစ်ပါတယ်။ ဒါကြေ လွတ်လပ်မှုဆိုတာဟာ အသိရှိရှိလိုအပ်မှုဖြစ်တယ်လို့ ဆိုရပါမယ်။ လိုအပ်မှုကို မသိဘူးဆို တကယ့်လွတ်လပ်မှုဆိုတာ မရနိုင်ပါဘူး။"လို့ အိန်ဂယ်က ပြောပါတယ်။





## …gel, Georg Wilhelm Friedrich (1770-1831) - ဟီဂယ် (၁၇၇၀–၁၈၃၁)

ဂျာမန်အဘိဓမ္မာပညာရှင် ဖြစ်ပါတယ်။ စိတ်ဝါဒကျတဲ့ …ပဋိလောမသမား ဖြစ်တယ်။ ဟီဂယ်ရဲ့ အမြင်အရဆိုရင် သဘာဝကြီးဟာ အချိန်အလိုက် …င်းလဲနေတာ မဟုတ်ဘူး။ ဟင်းလင်းပြင်ကြီးထဲမှာသာ အရာဝတ္ထုတွေဟာ …ျိုးမျိုးကွဲပြား တည်ရှိနေတာဖြစ်တယ်လို့ ဆိုပါတယ်။ စိတ်ဝါဒကျတဲ့ ဟီဂယ် …ဘိဓမ္မာထဲမှာ တန်ဖိုးအရှိဆုံး အပိုင်းကတော့ သူ့ရဲ့ အနုပဋိလောမနည်းနာ ဖြစ်ပါတယ်။ …ည်းနာထဲမှာ အနုပဋိလောမဆောင်တဲ့ ပဋိပက္ခတွေကနေပြီး စဉ်းစားတွေးခေါ်မှုတွေ …ွက်လာတယ်။ ဒီပေါ်ထွက်လာမှုထဲမှာ အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲမှုရဲ့ …စ်ရှိနေတယ်။ အမှန်တရားဆိုတာ အခိုင်အမာကျကျ တည်ရှိတယ်။ လူ့အဖွဲ့အစည်းရဲ့ …ိုးတက်မှုဖြစ်စဉ်ဟာ ဖြစ်ရိုးဖြစ်စဉ် နိယာမတရားတွေအရသာ ဖြစ်နေတာဖြစ်တယ်။ …တဆ ကြုံကြိုက်မှုသဘောအရသော်လည်းကောင်း၊ လူ့လောကအပြင်အပ ပုဂ္ဂိုလ်တွေရဲ့ …းအရသော်လည်းကောင်း ဖြစ်နေတာမဟုတ်ဘူးဆိုတာတွေ ပါပါတယ်။ ဒါပေမဲ့ …ယ်ဟာ သတ္တိနည်းသူ၊ မခိုင်မာသူ တစ်ယောက်ဖြစ်ပါတယ်။ သူဟာ ပရပ်ရှားပဒေသရာဇ် …ိုးဆံပိုင်ရှေ့မှာ ဒူးထောက်ပါတယ်။ သူဟာ ကြောက်ရွံ့မှုနဲ့ ကိုယ်ကျိုးငဲ့မှုကြောင့် သူ့ရဲ့ …ဋိလောမအမြင်တွေထဲက ပြတ်သားစွန်းထွက်နေတဲ့ အပိုင်းကို နည်းနိုင်သမျှနည်းအောင် …ပစ်ခဲ့ပါတယ်။ မာ့က်စ်က "ကျွန်တော့်ရဲ့ အနုပဋိလောမနည်းဟာ ဟီဂယ်ရဲ့ နည်းနာနဲ့ …ခြခံကအစ ကွာရုံတင်မကပါဘူး။ သူ့ဟာနဲ့ လုံးဝဆန့်ကျင်ဖက်ဖြစ်ပါတယ်"လို့ …ပါတယ်။ အတွေးအခေါ်က ရုပ်လက်တွေ့ကို ဖန်တီးတယ်လို့ ဟီဂယ်က မြင်ပါတယ်။ …စ်ကတော့ ဒါနဲ့ပြောင်းပြန်ပါ။ အတွေးအခေါ်ဆိုတာက လူတွေရဲ့ တွေးတောစဉ်းစားမှု …ဉ်က စုပ်ယူအသွင်ပြောင်းလိုက်တဲ့ ရုပ်ဝတ္ထုမျှသာ ဖြစ်တယ်လို့ မြင်ပါတယ်။

## …manism - လူသားဝါဒ

ယဉ်ကျေးမှုရေစီးကြောင်းတစ်ခုဖြစ်ပါတယ်။ ဒါဟာ ၁၄ …မှ ၁၆ ရာစု ကြားကာလမှာ ပေါ်ပေါက်ဖွံ့ဖြိုးလာခဲ့တာပါ။ အဲဒီအချိန်အခါက ပေါက်ဖွား …စဖြစ်တဲ့ ခနရှင်လူတန်းစားရဲ့ လူ့လောကအမြင်ဖြစ်ပါတယ်။ ဒီလူတန်းစားဟာ …လ်ရေးရာနဲ့ သိပ္ပံပညာကို ဘာသာရေးကိုင်းရှိုင်းတဲ့ ပဒေသရာဇ်စနစ်ရဲ့ ကျေးကျွန်ဘဝက …ပြောက်အောင် တိုက်ပွဲဝင်နေတဲ့ကာလဖြစ်ပါတယ်။ ပက်ထရာ (Petrarch)၊ …က်စီယို (Boccaccio)၊ အရက်စ်မတ် (Erasmus)၊ မက်ခီယာဗဲလီ (Machiavelli) …ဟာ ခနရှင်လူသားဝါဒရဲ့ ကိုယ်စားလှယ် တွေထဲပါပါတယ်။ လူသားဝါဒဟာ အရင်းရှင် …မှုတစ်ခုအောက်မှာ အသက်ရှင် မရပ်တည်နိုင်တော့ပါဘူး။ ဘာလို့လဲဆိုတော့

လူသားဝါဒက အရင်းရှင်စနစ်ရဲ့ အနှစ်သာရကြီးဖြစ်တဲ့ လူလူချင်းသွေးစုပ်မှုကို ဆန့်ကျင်
လူသားတွေရဲ့ စစ်မှန်တဲ့ လွတ်မြောက်ရေးရရှိလာတဲ့ အခါမှသာ စစ်မှန်တဲ့ လူသားဝါဒဖြ
လာနိုင်ပါတယ်။

**Hume, David (1711-1766)** - (ဒေးဗစ်)ဟျူးမ်(၁၇၁၁–၁၇၇၆)

အင်္ဂလိပ်လူမျိုး အဘိဓမ္မာပညာရှင်၊ သမိုင်းပညာ
ဘောဂဗေဒ ပညာရှင် ဖြစ်ပါတယ်။ "မသိနိုင်ဝါဒီ" တစ်ဦးဖြစ်တဲ့အတွက်
ပကတိဘာဝ အစစ်အမှန်ဆိုတာ တကယ်ရှိသလား၊ မရှိဘူးလားဆိုတဲ့ ပြဿ
ဖြေရှင်းဖို့ရာ မဖြစ်နိုင်ဘူးလို့ ယူဆတာဖြစ်ပါတယ်။ အရာဝတ္ထုတွေကိုယ်တိုင်က ဘ
ဖြစ်တယ်။ တကယ်တည်ရှိနေသလား၊ မရှိဘူးလားဆိုတာ လူတွေ မသိနိုင်ဘူးလို့
အခိုင်အမာဆိုပါတယ်။ အရာဝတ္ထုတွေရဲ့ ရုပ်အခြေခံနဲ့ ကြောင်းကျိုး ဆက်စပ်မှုတ
သူက လက်မခံပါဘူး။ ဒါကြောင့် တကယ်ရှိတာက လူရဲ့ ခံစားတည်ရှိမှု
စိတ်ပိုင်းဆိုင်ရာ ဉာဏစီးကြောင်းတစ်ခုပဲ ရှိနေတာဖြစ်ကြောင်း၊ သိပ္ပံပညာဆို
ဒီဉာဏစီးကြောင်းရဲ့ အကြမ်းဖျင်းပုံဖော်ဖို့ပဲ တတ်နိုင်ကြောင်း၊ ဉာဏစီးကြောင်းရဲ့ နိ
တရားတွေကို နားလည်ဖို့ဖြစ်စေ၊ မှန်းဆဖို့ဖြစ်စေ၊ မဖြစ်နိုင်သလောက်ဖြစ်ကြောင်း
ကောက်ချက်ချပါတယ်။

**Idealism** - စိတ်ဝါဒ

အစစ်အမှန်တည်ရှိမှုဆိုတာ "အရာမှန်သမျှနဲ့ ဆို
အသိဉာဏ်တရား" သို့မဟုတ် "ခံစားသိရှိမှုတရား"က ရုပ်သွင်နဲ့ ဝင်စားထားတာဖြစ်
ယူဆတဲ့ အဘိဓမ္မာဖြစ်ပါတယ်။ စိတ်ဝါဒဟာ ဘာသာတရားနဲ့ နီးနီးကပ်ကပ် ဆက်နွ
ပါတယ်။ ဒါ့အပြင် စိတ်ဝါဒဟာ ဘုရားသခင်ယုံကြည်မှုဘက်ကို အနည်းနဲ့အများ ပွင့်
ပို့ဆောင်တာဖြစ်တယ်။

**Ideology** - အတွေးအခေါ်

ထင်မြင်ချက်တွေ၊ ယုံကြည်ချက်တွေ၊ ယူဆချက်တွေ၊ သ
တရားတွေ၊ အဆိုပြုချက်တွေကို စုပေါင်းပြီးခေါ်ထားတာဖြစ်တယ်။ နိုင်ငံရေး၊ သိပ္ပံ
ကိုယ်ကျင့်တရား၊ အနုပညာနဲ့ဘာသာရေးဆိုတာဟာ အတွေးအခေါ်ပုံသဏ္ဌာန် တွေဖြစ်ပါ
အတွေးအခေါ်အားလုံးဟာ လူမှုတည်ရှိမှုကို ရောင်ပြန်ဟပ်ချက်များဖြစ်တယ်။ လူတန်း
အခြေခံတဲ့ လူ့အဖွဲ့အစည်းထဲမှာ အတွေးအခေါ် အသီးသီးဟာ ပဋိပက္ခဖြစ်တိုက်ခိုက်နေ
လူတန်းစားအသီးသီးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတယ်၊ ကာကွယ်တယ်။





စည်းအတွင်းမှာ ဓနရှင်အတွေးအခေါ်နဲ့ ဆိုရှယ်လစ်အတွေးအခေါ်အကြား တိုက်ပွဲ
ဟယ်။ ဘက်နှစ်ဖက်အကြား ဘယ်ဘက်မှ မပါတဲ့ အတွေးအခေါ်ရယ်လို့ မရှိပါဘူး။
ယားသလို လူ့လောကမှာ "တတိယ"အတွေးအခေါ်ဆိုတာ မရှိခဲ့ပါဘူး။

**...tion (and Deduction)** - ဆွဲယူခြင်း (နဲ့ ထုတ်နှုတ်ယူခြင်း)

ဆွဲယူခြင်းဆိုတာက အထူးဖြစ်ရပ်တစ်ခုကနေ ယေဘုယျ
ဖြစ်လာအောင်၊ အချက်အလက်တွေကနေ ယေဘုယျတရားဖြစ်လာအောင်
ခြင်တဲ့ နည်းနာဖြစ်ပါတယ်။

ယူခြင်းဆိုတာကတော့ ယေဘုယျတရားကနေ အထူးဖြစ်ရပ်ကို ဖြေရှင်းတာ၊
ယျ အဆိုတွေကနေ အထူးကိစ္စရပ်တွေကို နိဂုံးချုပ်တာကိုလုပ်တဲ့ ဆင်ခြင်တဲ့
ပါတယ်။

**...ruments (or Tools) of Production** - ထုတ်လုပ်ရေးကိရိယာများ

လူသားတွေ သဘာဝကို ထိန်းချုပ်ဖို့ သဘာဝထဲက ရုပ်ဝတ္ထု
ဖြစ်လာအောင်လုပ်ဖို့ အသုံးပြုတဲ့ ထုတ်လုပ်ရေးအင်အားစုတွေထဲက အဓိက
ပိုင်း (ဥပမာ–စက်တွေ)ဖြစ်ပါတယ်။ စီးပွားရေးခေတ်ကာလတွေဟာ ဘာတွေ
သလဲဆိုတဲ့ဖက်မှာ တစ်ခုနဲ့တစ်ခု သိပ်ကွာကြတာမဟုတ်၊ ဘယ်လို ထုတ်လုပ်သလဲ
မှာ အကွာကြီး ကွာကြတာ ဖြစ်တယ်လို့ မာ့က်စ်က ပြောပါတယ်။ သူ့အလုပ်က
ထုတ်လုပ်ရေးတွေ လုပ်သလဲဆိုတာကို ပြောတာပါ။ ထုတ်လုပ်ရေး ကိရိယာတွေဟာ
ားရဲ့ လုပ်ဆောင်ချက်မျှသာ မဟုတ်ပါဘူး။ အလုပ်တွေ လုပ်ကြတဲ့အခါမှာ
ဆက်ဆံရေးများကိုလည်း ဖော်ပြနေပါတယ်။

**..., Immanuel (1724-1804)** - (အင်မန်နွလယ်)ကန့် (၁၇၂၄–၁၈၀၄)

ဂန္ထဝင်ဂျာမန်စိတ်ဝါဒရဲ့ ဖခင်ဖြစ်ပါတယ်။ သူက ရုပ်ဝါဒနဲ့
စေ့စပ်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ "လူ့စိတ်ရဲ့ ပြင်ကမ္ဘာမှာ "သူ့ဘာသာ
အရာဝတ္ထု" နဲ့ ဒါကို လူတွေပုံဖော်ပြောဆိုချက်ဟာ ကိုက်ညီရမယ်လို့ ကန့်က
လက်ခံတဲ့အတွက် ဒီနေရာမှာ သူဟာ ရုပ်ဝါဒီတစ်ယောက်ဖြစ်တယ်။ အဲဒီ "သူ့
ရှိနေတဲ့ အရာဝတ္ထု" ကို သိဖို့ရာ မဖြစ်နိုင်ဘူးလို့ ပြောလိုက် ပြန်လို့သူဟာ
ယောက် ဖြစ်သွားတယ်" (လီနင်)။ ကန့်ကိုယ်တိုင် အတိအလင်း ပြောထားတဲ့
သူ့ရဲ့ အသိပညာရရှိခြင်းဆိုင်ရာ သဘောတရားထဲမှာ အချက်အချာကျတဲ့

ပြဿနာကတော့ ဆင်ခြင်ဉာဏ်တရားရဲ့ ဘောင်အကန့်အသတ်တွေကို သတ်မှတ်ချက်ပေ
ဖြစ်တယ်။ တစ်ချိန်တည်းမှာ ဒီဘောင်တွေရဲ့ အပြင်ဖက်မှာ ဘုရားသခင်အတွ
နေရာလပ်ကလေးကလည်း ချန်ထားလိုက်ပါသေးတယ်။ ကိုယ့်ကျင့်တရားနဲ့ ပတ်သက်
ကန့်သင်ကြားချက်ထဲမှာ ကိုယ်ကျင့်တရားအတွက် အခြေခံတစ်ခု ရှိနေစေဖို့ဆိုရင် လူတွေ
ဘုရားသခင် တကယ်ရှိတယ်ဆိုတဲ့ အချက်နဲ့ ဝိဉာဉ်ဟာ ထာဝရတည်ရှိတယ်ဆိုတဲ့အချက်
အသိအမှတ်ပြုဖို့ လိုတယ်လို့ ကန့်က ပြောထားပါတယ်။

**Marxism Leninism** - မာ့က်စ်ဝါဒ–လီနင်ဝါဒ

ပစ္စည်းမဲ့လူတန်းစား လွတ်မြောက်ရေးဆိုင်ရာ သဘောတ
ဖြစ်ပါတယ်။ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ဆိုင်ရာ သဘောတရားနဲ့ လက်ေ
ကျင်းသုံးမှုလည်း ဖြစ်ပါတယ်။ ကွန်မြူနစ်လူ့အဖွဲ့အစည်းတည်ဆောက်ရေးဆိုင်
သဘောတရားလည်း ဖြစ်ပါတယ်။

**Matter (or Material)** - ရုပ်ဒြပ် (သို့မဟုတ် ရုပ်ဝတ္ထု)

ကမ္ဘာကြီးဟာ သူ့ရဲ့ ပင်ကိုယ်သဘာဝအရကိုက ရုပ်ဒြ
တည်ဆောက်ထားတာပါ။ တွေ့မြင်သိရှိနေရတဲ့ သဘာဝအချင်းအရာ အမျိုးမျိုးဟ
ရွေ့လျား လှုပ်ရှားနေတဲ့ ရုပ်ဒြပ်တွေရဲ့ အမျိုးမျိုးသော သဏ္ဌာန်တွေ ဖြစ်ပါတယ်။ ရုပ်ဝ
ဆိုတာဟာ လူတွေအာရုံခံစားမှုကတစ်ဆင့် သိရှိလာတဲ့ ပကတိဘာဝလောကကို ရည်ညွှန်း
အဘိဓမ္မာပညာရပ်ဆိုင်ရာ အမျိုးအစား ခွဲခြားချက်တစ်ခု ဖြစ်ပါတယ်လို့ လီနင်
ရေးသားခဲ့ပါတယ်။ လူသားရဲ့ အာရုံခံစားမှုတွေကတစ်ဆင့် ရုပ်ဝတ္ထုကို ကူးယူလိုက်တ
"ဓာတ်ပုံရိုက်" လိုက်တာ၊ ရောင်ပြန်ဟပ်ယူလိုက်တာပဲဖြစ်တယ်။ ရုပ်ဝတ္ထုဟ
သူ့ပင်ကိုယ်အတိုင်း သူ့ဟာသူပဲ ရှိနေတာဖြစ်တယ်။ လူတွေရဲ့ အာရုံခံစားသိရှိမှုတွေ
ကင်းလွတ်စွာ ရှိနေတာလည်း ဖြစ်ပါတယ်။

**Materialism** - ရုပ်ဝါဒ

အဘိဓမ္မာ နယ်ပယ်မှာ အဓိကတိမ်းညွတ်မှု ၂ မျ
ရှိတဲ့အနက်က တစ်မျိုးဖြစ်ပြီး တွေးခေါ်မှုနဲ့ တည်ရှိမှုအကြား ဆက်စပ်မှုဆိုတဲ့ အခြေခံပြဿန
ပတ်သက်ပြီး ရှင်းလင်းတိကျတဲ့အမြင်ကို ထုတ်ဖော်ထားပါတယ်။ ရုပ်ဝါဒအရ
ရုပ်ဟာ အခြေခံအကြောင်းတရားဖြစ်တယ်၊ ခံစားသိရှိမှု (စိတ်) ကတော့ ဒုတိယအ
အကြောင်းတရားဖြစ်တယ်လို့ ယူဆတယ်။ ရုပ်ဝါဒဟာ သိပ္ပံပညာအပေါ် မှီခိုအားထားပါတ
အထူးသဖြင့် ရုပ်ဆိုင်ရာ သိပ္ပံပညာရပ်များအပေါ် မှီခိုအားထားပါတယ်။ အနုပဋိလော





ဟာ သူ့မတိုင်ခင်က ရုပ်ဝါဒအစဉ်အလာ တစ်ခုလုံးကို အားသစ်လောင်းလိုက်တယ်။
အစဉ်အလာထဲက ကောင်းမွန်တာမှန်သမျှကို အသေးစိတ် ထပ်လောင်းရှင်းလင်း
ပါတယ်။

**Materialism (Dialectical)** - (အနုပဋိလောမ) ရုပ်ဝါဒ

မက်စ်နဲ့ အိန်ဂယ်တို့ဖော်ထုတ်ခဲ့တဲ့ အဘိဓမ္မာတရားဖြစ်ပါတယ်။
ဝအချင်းအရာတွေကို ရင်ဆိုင်ရာမှာလည်းကောင်း၊ လေ့လာရာမှာလည်းကောင်း၊
ည်ရာမှာလည်းကောင်း အနုပဋိလောမနည်းနာကို အသုံးပြုတယ်။ အချင်းအရာတွေကို
ယ်ဖွင့်ဆိုရာမှာနဲ့ သဘောတရားတွေ ဖော်ထုတ်ရာမှာ ရုပ်ကျတယ်။ ဒါကြောင့်
ဋိလောမရုပ်ဝါဒလို့ ခေါ်တာဖြစ်ပါတယ်။ အနုပဋိလောမ ရုပ်ဝါဒတစ်ခုတည်းသာ
လောကကို သိပ္ပံနည်းကျစွာ နားလည်ယူတဲ့ဝါဒဖြစ်တယ်။ စိတ်ဝါဒကတော့
ပြောင်းပြန်ဖြစ်တယ်။ ကမ္ဘာလောကကို ဘာသာတရားအပေါ် အခြေခံပြီး အဓိပ္ပာယ်ဖွင့်ဆို
င်းတာ ဖြစ်တယ်။

**Materialism (Historical)** - (သမိုင်း) ရုပ်ဝါဒ

လူ့အဖွဲ့အစည်း ဖြစ်ထွန်းတိုးတက်မှုနဲ့ဆိုင်တဲ့ မာ့က်စ်ရဲ့
တရား ဖြစ်တယ်။ လူသားတွေ အသက်ရှင်တည်ရှိရေးအတွက် လိုအပ်တဲ့ ရုပ်ဝတ္ထု
များ ဖွံ့ဖြိုးတိုးတက်မှုဟာ လူမှုဘဝအားလုံးကို အဆုံးအဖြတ်ပေးတဲ့ အခြေခံအင်အား
ယ်။ နောက်ပြီး လူမှုစနစ်တစ်မျိုးက နောက်တစ်မျိုးသို့ ကူးပြောင်းရေးအတွက် လိုအပ်တဲ့
အလက်တွေကို ဖန်တီးပေးတဲ့ အခြေခံ အင်အားဖြစ်တယ်လို့ သမိုင်းရုပ်ဝါဒက
တယ်။

းတွေနဲ့ သဘာဝအပေါ် လွှမ်းမိုးနိုင်တဲ့ စွမ်းအားတွေ ကြီးထွားလာမှု ကို လူ့အဖွဲ့အစည်းရဲ့
ပုပ်ရေးအင်အားစုတွေ ဖွံ့ဖြိုးလာမှုဖြစ်စဉ်ထဲမှာ တွေ့ရှိနိုင်ပါတယ်။ သမိုင်းတစ်လျှောက်မှာ
ဘုံစနစ်၊ ကျေးကျွန်စနစ်၊ ပဒေသရာဇ်စနစ်နဲ့ အရင်းရှင်စနစ်ရယ်လို့) လူမှုစီးပွားရေး
းတွေ ပြောင်းလဲတာဟာ အဓိကအကျဆုံးကတော့ ထုတ်လုပ်ရေးနည်းနာနဲ့
ပုပ်ရေး ဆက်ဆံမှုတို့ တစ်မျိုးကနေပြီး ပိုတိုးတက်ကောင်းမွန်တဲ့ နောက်တစ်မျိုးကို
းလဲသွားတာ ဖြစ်ပါတယ်။ ဒီပြောင်းလဲမှုတွေဟာ နေရာတကာတိုင်းက
ုတ်လုပ်ရေး အင်အားစုတွေက လိုက်နာရတဲ့ နိယာမတရားတွေရဲ့ အကျိုးဆက်
ပေါ်ကိုပေါ်လာရတာပါ။

ယိုယွင်းမှုတို့အကြား ဆက်စပ်မှုကို ရှင်းပြဖို့ အနုပဋိလောမက တောင်းဆိုတယ်”(လိ
ဖြစ်ထွန်းလာတဲ့ အရာမှန်သမျှကို လူသားတွေက ဖန်တီးထားတာဖြစ်တယ်။ အရင်းရှင်
ထမ်းပိုးအောက်မှာရရှိခဲ့တဲ့ ဖြစ်ထွန်းမှုတွေတောင်မှ လူသားတွေ ဖန်တီးထားတာဖြစ်တယ်
ကွန်မြူနစ်ဝါဒက ယူဆတာဖြစ်တယ်။ ဒါဟာ ယိုယွင်းမှုထဲက ဖြစ်ထွန်းမှုပဲပေါ့။ ကွန်
လူ့အဖွဲ့အစည်းဆိုတာကလည်း သွေးစုပ်တဲ့ လူတန်းစားအုပ်စိုးမှုကို ချေဖျက်လိုက်
ဖြစ်ပြန်ပါတယ်။ ဒါဟာ ချေဖျက်ခြင်းရဲ့ ချေဖျက်ခြင်းတရားပါပဲ။

**Objective** - ပကတိဘာဝ

အတ္တဘာဝနဲ့ ဆန့်ကျင်ဖက်ဖြစ်ပါတယ်။ လူသား
ခံစားသိရှိမှုနဲ့ အပြင်ပမှာ အမှီခိုကင်းကင်းနဲ့ သူ့ဘာသာရှိနေတာဖြစ်တယ်။ အဲဒီရှိနေတ
လူ့အတွေးအခေါ်က မှန်ကန်စွာ ရောင်ပြန်ဟပ်နိုင်တဲ့အရာဖြစ်တယ်။

**Pantheism** - အလုံးစုံ ဘုရားသခင်ဝါဒ

အဘိဓမ္မာတရားတစ်ခု ဖြစ်တယ်။ လူပုဂ္ဂိုလ်သဘောမဟုတ်
စိတ်ဓာတ်ပိညာဉ်သဘောဆောင်တဲ့ အခြေခံတရားဖြစ်ပြီး ဒီတန်ခိုးတော်ကို သ
လောကအတွင်း နေရာတကာမှာ တွေ့ရတယ်။ အရာရာဟာ ဘုရားသခင်ရဲ့ တန်ခိုးတော်
ဖြစ်လာတယ်ဆိုတဲ့ အဘိဓမ္မာသဘောတရားဖြစ်တယ်။

**Plato (427-347 BC)** - ပလေတို (ခရစ်တော်မပေါ်မီ ၄၂၇ မှ ၃၄၇)

ဂရိအဘိဓမ္မာပညာရှင်ဖြစ်တယ်။ ကျေးကျွန်ပိုင်ရှင် အ
လူတန်းစားကို အကျိုးပြုတဲ့ အတွေးအခေါ်ရှင်တစ်ယောက် ဖြစ်တယ်။ ပကတိဘာဝ စိတ်
စတင်ဖော်ထုတ်ခဲ့သူဖြစ်တယ်။ ဒီဝါဒအရ ပြောရရင် တွေ့ထိခံစားလို့ရတဲ့ အရာ
ကမ္ဘာလောကကြီးအပြင် တခြားလောကကြီးတစ်ခု ရှိသေးတယ်။ အဲဒါကတော့ အသိ
ကမ္ဘာလောကကြီး ဖြစ်ပါတယ်တဲ့။ ဥပမာ–လူတွေ တကယ်မြင်တွေ့နေရတဲ့ သ
(အမျိုးမျိုးသော အရည်အသွေးတွေကို စုပေါင်းယူထားတဲ့သစ်ပင်)ဆိုတာ ရှိသလို
သစ်ပင်ထက် အဆင့်မြင့်တဲ့အရာ၊ အဲဒီသစ်ပင်ရဲ့ အပြင်အပမှာ တသီးတခြားရှိနေတဲ့အရာ
ရှိပါသေးတယ်တဲ့။ အဲဒါကတော့ “သစ်ပင်”နဲ့ဆိုင်တဲ့ လူ့အသိဉာဏ်ဖြစ်ပါတယ်တဲ့။
အသိဉာဏ်ကတော့ အမြဲတမ်းတစ်ခုတည်းပဲဖြစ်တယ်။ ထာဝစဉ်ရှိနေတာ ဖြစ်
သဘာဝလောကကြီးထဲက အရာအားလုံးဟာ အဲဒီလိုချည်းပဲ ဖြစ်တယ်လို့ ပလေ
ဆိုပါတယ်။ ပလေတိုအမြင်အရဆိုရင် အရာဝတ္ထုတွေဟာ အသိဉာဏ်ရဲ့ အရိပ်တွေ
ဖြစ်ပါတယ်။ အသိဉာဏ်တွေ၊ အတွေးအခေါ် တွေက ထာဝရဖြစ်တယ်။ အရာဝတ္ထုတွေ





ဖြစ်တယ်။ တကယ်ရှိနေတဲ့ အရာဝတ္ထုတွေရဲ့ အနှစ်သာရအရည်အသွေးတွေကို
သိရှိလာတာဟာ အာရုံခံစားခြင်းကြောင့်မဟုတ်ဘူး။ ကြောင်းကျိုး ဆင်ခြင်ခြင်းနဲ့
ပြုလုပ်ခြင်းတို့ကြောင့်သာ ဖြစ်တယ်လို့ ဆိုပါတယ်။

**Philosophy** - အဘိဓမ္မာ

အဘိဓမ္မာဆိုတာ အနုပဋိလောမရုပ်ဝါဒအရပြောရရင်
လောက၊ လူ့အဖွဲ့အစည်းနဲ့ အတွေးအခေါ်တို့နဲ့ ပတ်သက်တဲ့ ယေဘုယျအကျဆုံး
ဖြစ်စဉ်တရားတွေကို လေ့လာတဲ့ သိပ္ပံပညာရပ်ဖြစ်ပါတယ်။ အဘိဓမ္မာရဲ့ အခြေခံ
တော့ ရုပ်နဲ့စိတ်အကြား ဆက်စပ်မှုပြဿနာဖြစ်ပါတယ်။ ဒီပြဿနာရဲ့ အဖြေကို
အဘိဓမ္မာဂိုဏ်းအမျိုးမျိုး ဘယ်လိုပဲရှိပါစေ။ အားလုံးဟာ အဓိက ဂိုဏ်း ၂ မျိုး
ကြတာဖြစ်တယ်။ အဲဒါကတော့ ရုပ်ဝါဒနဲ့ စိတ်ဝါဒပဲဖြစ်တယ်။

**Philosophy, The Classical German** - ဂျာမန် ဂန္ထဝင်အဘိဓမ္မာ

၁၈ ရာစုနဲ့ ၁၉ ရာစု ပထမရာစုဝက်အတွင်းက ပေါ်ခဲ့တာ
စတင်ထူထောင်သူက ကန့်(KANT) ဖြစ်ပတယ်။ အဲဒီနောက် ဖစ်ရှိ(FICHTE)နဲ့
(SCHELLING) တို့က ဆက်ခံကြပါတယ်။ ဟီဂယ်ရဲ့ အဘိဓမ္မာကတော့ အဲဒီဂန္ထဝင်
ရှားမှုဖြစ်စဉ်ရဲ့ နောက်ဆုံးပိတ်အဆင့်ဖြစ်ပါတယ်။ ဂျာမန်ဂန္ထဝင်အဘိဓမ္မာမှာ
ရေးလှုပ်ရှားမှုတွေရဲ့ ဩဇာရိုက်ခတ်မှုကို တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီ
နောက်ပြန်ဆွဲတဲ့ လူမှုစီးပွားရေး အခြေအနေတွေကြောင့် အဆိုပါ
မှုများဟာ မူလဦးတည်ချက်မှ သွေဖီသွားခဲ့ကြပါတယ်။ ဒီအဘိဓမ္မာဟာ
အချက်တစ်ခုကို ချပေးခဲ့ပါတယ်။ အဲဒါကတော့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘော
အနုပဋိလောမတရားကို အသစ်တစ်ဖန် ဖော်ထုတ်ခဲ့ခြင်းပါပဲ။ မာ့က်စ်က
လေ့လာလိုက်တဲ့အခါမှာတော့ အဲဒါဟာ အနုပဋိလောမ ရုပ်ဝါဒအတွက်
ပါတယ်။ “လူးဝစ် ဖျူးဝါး ဘတ်နဲ့ ဂျာမန်ဂန္ထဝင် အဘိဓမ္မာရဲ့ နိဂုံး”
ဂယ်က အဲဒီ အဘိဓမ္မာကို ထက်မြက်စွာ ခွဲခြမ်းစိတ်ဖြာထားပါတယ်။

**Positivism** - အသေအချာဝါဒ

ခေတ်သစ်နေရှင် အဘိဓမ္မာနယ်ပယ်ထဲမှာရှိတဲ့ အကျယ်ပြန့်ဆုံး
အဘိဓမ္မာတစ်ခုဖြစ်ပါတယ်။ ဒီဝါဒကို စတင်ထူထောင်သူများရဲ့
အသေအချာဝါဒဟာ အကောင်အထည်မဲ့တဲ့ ကောက်ချက်တွေအပေါ်
မဟုတ်ပါဘူး။ “လက်တွေ့ကျတဲ့” တကယ့်အချက်အလက် တွေအပေါ်မှာ

အခြေခံထားတာဖြစ်ပါတယ်။ လူတွေရဲ့စိတ်ဟာ အရာဝတ္ထုတွေရဲ့ တကယ့်အနှစ်သာရကို မကြိုးစားရဘူး။ လက်တွေ့ထိတွေ့မြင်တွေ့ရတာ၊ စမ်းသပ်တွေ့ကြုံရတာတွေကနေ တစ် ရရှိတဲ့ အမှန်တရားနဲ့ပဲ ကျေနပ်ကြရမှာသာ ဖြစ်တယ်လို့ ဒီဝါဒကို စတင်ထူထော အော်ဂတ် ကွန်တီ (August Comte)က ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီလို တွေးခေါ်မှု "နောက်ဆုံးပေါ်" မသိနိုင်ဝါဒ တစ်မျိုးမျှသာပဲ မဟုတ်ပါလား။

**Property** - ပိုင်ဆိုင်မှု

လူသားတွေ ကမ္ဘာပေါ်မှာ ပေါ်ပေါက်လာပြီးနောက် အတော် ကြာမှ ပုဂ္ဂလိက ပိုင်ဆိုင်မှုရယ်လို့ ပေါ်ပေါက်လာတာပါ။ ရှေးဦးဘုံစနစ်မှာ ထုတ်လုပ် ကိရိယာတွေကို စုပေါင်းပိုင်ဆိုင်တာဖြစ်ပါတယ်။ ကျေးကျွန်စနစ်မှာကျတော့ ထုတ်လုပ် ပစ္စည်းကိရိယာဖြစ်တဲ့ လူသား (ကျေးကျွန်)ကို "အလုပ်ရှင်" က ပိုင်ဆိုင်ပါတယ်။ အဲဒီပုဂ္ဂို ပိုင်ဆိုင်မှု စပေါ်လာတာဖြစ်တယ်။ ဆိုရှယ်လစ်စနစ်မှာ ထုတ်လုပ်ရေးပစ္စည်းကိရိယာတွေ စုပေါင်းပိုင်ဆိုင်ပါတယ်။ ဘယ်လို ပုဂ္ဂိုလ်တစ်ဦးချင်းတွေကမှ ပိုင်တာမဟုတ်ပါဘူး။ ဆိုရှယ်လစ် ပိုင်ဆိုင်မှုလို့ ခေါ်ပါတယ်။

**Rationalism** - ဆင်ခြင်တုံတရားဝါဒ

အကျိုးအကြောင်း ယုတ္တာနဲ့ ဆင်ခြင်မှုသာ မှန်ကန်တဲ့အ တစ်ခုတည်းသော ရေသောက်မြစ် ဖြစ်တယ်လို့ ယူဆတဲ့သဘောတရားဖြစ်တယ်။ အ အကြုံဝါဒနဲ့ ဆန့်ကျင်ဖက်ပါ။ အတွေ့အကြုံဝါဒကတော့ မှန်ကန်တဲ့အသိရဲ့ ရေသောက်မြစ် တိုက်ရိုက်ခံစားတွေ့မြင်မှုသာ ဖြစ်တယ်လို့ ယူဆပါတယ်။ ဒဲ့စ်ကားတီး (Descart နဲ့ လစ်ဘနစ် (Leibnitz) တို့ဟာ ဆင်ခြင်တုံတရားဝါဒရဲ့ ထင်ရှားကျော်ကြာ ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။

**Relations of Production** - ထုတ်လုပ်ရေးဆက်ဆံမှု

ရုပ်ဝတ္ထုကုန်ပစ္စည်းတွေ ထုတ်လုပ်တဲ့ဖြစ်စဉ်အတွ ဖြစ်တည်လာတဲ့ လူတွေအချင်းချင်းအကြား အပြန်အလှန်ဆက်ဆံရေးကို ခေါ်တာဖြစ်ပါ ပစ္စည်းတွေ ထုတ်လုပ်တယ်ဆိုတာ တစ်ဦးချင်း တစ်ယောက်ချင်းချည်းပဲ ထုတ်လုပ်နိ မဟုတ်ပါဘူး။ စည်းရုံးဖွဲ့စည်းမှုရှိရှိ၊ စုပေါင်းမှုရှိရှိနဲ့လည်း ထုတ်လုပ်တာဖြစ်ပါ ထုတ်လုပ်ရေးဆက်ဆံမှု ငါးမျိုးကို သမိုင်းက မွေးထုတ်ပေးပါတယ်။ (၁)ရှေးဦးဘုံစ ထုတ်လုပ်ရေးကိရိယာတွေနဲ့ အထွက်ပစ္စည်းတွေကို ဘုံပိုင်ဆိုင်ကြပါတယ်။ ကျောက်လက် ကိရိယာတွေအစား သတ္တုကိရိယာတွေ ဖြစ်လာတဲ့အခါမှာ မျိုးနွယ်အုပ်စုတွေဟာ စိုက်ပျိုး





း၀ယ်ရေးလုပ်ငန်းတွေ လုပ်စပြုလာပါတယ်။ ကုန်ပစ္စည်းတွေလည်း များပြားလာပါတယ်။ ါမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုပေါ်ပေါက်လာတယ်။ များပြားလာတဲ့ ဓနဥစ္စာတွေကို အနည်းစုက ါးကြီးအုပ် ပိုင်ဆိုင်လာတယ်။ ကျေးကျွန်နဲ့ ကျေးကျွန်ပိုင်ရှင်ရယ်လို့ လူတန်းစားများ လာတယ်။ (၂) ကျေးကျွန်ခေတ်မှာ လွတ်လပ်တဲ့အလုပ်ကို ကျေးကျွန်အပေါ် စုပ်မှုနဲ့ အစားထိုးလိုက်တယ်။ (၃) ပဒေသရာဇ်ခေတ်မှာတော့ မြေပိုင်ရှင်က မြေတွေမှာ လယ်ကျွန်တွေကို သူ့အတွက်အခမပေးဘဲ တစ်စိတ်တစ်ပိုင်းလုပ်ခိုင်းတယ်။ တစ်စိတ်တစ်ပိုင်းအတွက်တော့ လုပ်ခအဖြစ် အထွက်ပစ္စည်းကိုပေးပြီး လုပ်ခိုင်းတယ်။ (၄) လူ့အဖွဲ့အစည်း သို့မဟုတ် အရင်းရှင်ရှေ့ပြေး လူ့အဖွဲ့ အစည်းပေါ်ထွက်လာတဲ့အခါမှာ ည်းစုအရင်းရှင်လူတန်းစားဟာ ထုတ်လုပ် ရေးပစ္စည်းကိရိယာတွေကို သိမ်းယူလိုက်ပြီး အပေါ် မှီခိုစားသောက်ရတဲ့ လူတန်းစားအပေါ် သွေးစုပ်တယ်။ (၅) ဆိုရှယ်လစ်စနစ်မှာ လုပ်ရေးပစ္စည်း ကိရိယာ စုပေါင်းပိုင်ဆိုင်မှု ပြန်လည်ဖြစ်တည်လာတယ်။ အထွက်ပစ္စည်းတွေ ထုတ်လုပ်သူတွေလက်ထဲ ပြန်လည်ရရှိလာတယ်။ အုပ်စိုးသူ လူတန်းစား သွေးစုပ်မှုကို သိမ်းလိုက်တယ်။

**Religion** - ဘာသာရေး

လူသားတွေရဲ့ ဘဝကို (နတ်) ဘုရား ဗျာဒိတ်တစ်ခုရဲ့ အောက်ခံအဖြစ် ထားရှိတဲ့ ယုံကြည်မှုများနဲ့ ကိုးကွယ်မှုများကို ပေါင်းစပ်ထားတဲ့ ဖြစ်တယ်။ ဘာသာရေးဟာ အုပ်စိုးသူလူတန်းစားက ပြည်သူလူထုအပေါ် ဖိနှိပ်တဲ့သဏ္ဍာန် အနေနဲ့ သမိုင်းမှာ ထင်ရှားပေါ်လွင်တယ်။ ဘာသာရေးဟာ လူသားတွေရဲ့ မသိ ည်မှု၊ အယုံလွယ်မှုအပေါ် အမြတ်ထုတ်တာဖြစ်တယ်လို့ မာ့က်စ်ဝါဒက ရှုမြင်တယ်။

**Revisionism** - ပြန်လည်ပြင်ဆင်ရေးဝါဒ

မာ့က်စ်ဝါဒကို ရန်လိုဆန့်ကျင်တဲ့ တန်ပြန်ရေစီးကြောင်း တရား ဖြစ်ပါတယ်။ အနုပဋိလောမ ရုပ်ဝါဒရဲ့ အဘိဓမ္မာအခြေခံတရားတွေထဲမှာ ားရှာပြီးပြင်" ပေးဖို့ ကြိုးစားတဲ့ သဘောတရားဖြစ်ပါတယ်။ ခုခေတ်မှာ တရုတ်နဲ့ က်တို့ဟာ ဆိုရှယ်လစ်ဝါဒကို လက်တွေ့ကျင့်သုံးတဲ့နေရာမှာ "ပြန်လည် ပြင်ဆင်ရေး" လို့ တစ်ဦးကိုတစ်ဦး အပြန်အလှန်စွပ်စွဲနေကြပါတယ်။

**Scholasticism** - ပညာရှင်တရားသေဝါဒ

ဒီဝါဒအောက်မှာ အလယ်ခေတ်ကပေါ်ခဲ့တဲ့ အဘိဓမ္မာဂိုဏ်း မျိုး ပါဝင်ပါတယ်။ ဒါပေမဲ့ ဂိုဏ်းအသီးသီးဟာ ဘာသာရေးဆန်တဲ့ တရားသေ

သဘောတရားတွေနဲ့ တင်းကျပ်စွာ ဆက်စပ်နေတာဖြစ်တယ်။ ဂိုဏ်းအားလုံးဟာ "ဘာသာ သဘောတရားရဲ့ အစေအပါး"များချည်းဖြစ်တယ်။ ဂိုဏ်းအားလုံးဟာ သဘာဝလောကကြီး လျစ်လျူပြုကြတာချည်းဖြစ်တယ်။ ဆင်ခြင်မှုအားလုံး ဟာ တကယ့်အဖြစ်မှန်နဲ့ တခြားစီဖြစ် အခြေအမြစ်မရှိတဲ့ အဘိဓမ္မာတွေနဲ့ အချို့သောနိုင်ငံရေးဆွေးနွေးချက်တွေကို ကိုးကား စတာတွေကြောင့် ဒီတရားသေဝါဒဟာ "ပညာရှင်ဆန်တယ်"လို့ နာမည်ရလာတာဖြစ်တယ်။ သောမတ်အကွီနာ့(Thomas Aquinas)၊ အင်ဆင် (Anselm)၊ ဒန်စကော့တပ် (Du Scotus)၊ ဝီလျံ (William) စသူတို့ဟာ အဓိကပညာရှင်တရားသေဝါဒီများ ဖြစ်ပါတယ်။

**Socialism** - ဆိုရှယ်လစ်ဝါဒ

ပုဂ္ဂလိကပိုင်ဆိုင်မှုနဲ့ သွေးစုပ်တဲ့ လူတန်းစားကို ဖျက်သိမ်း အားဖြင့် ဓနဥစ္စာများ ညီမျှစွာခွဲဝေရေးအတွက် တိုက်ပွဲဝင်မှုကို ဖော်ထုတ်တဲ့ စီးပွား လူမှုရေး နိုင်ငံရေးသဘောတရားဖြစ်ပါတယ်။ လက်တွေ့မှာဆိုရင် ဒီလိုဓနဥစ္စာ ခွဲဝေမှုမျိုး ထုတ်လုပ်ရေးဖလှယ်ရေး၊ ခွဲဝေရေးပစ္စည်းကိရိယာတွေကို လူ့အဖွဲ့အစည်းတစ်ခုလုံး ပိုင်ဆိုင်လာအောင် ပြုလုပ်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်တာ ဖြစ်ပါတယ်။

**Socialism(Utopian)** - (စိတ်ကူးယဉ်) ဆိုရှယ်လစ်ဝါဒ

ဒီဝါဒကတော့ စိတ်ကူးယဉ်ဆန်တဲ့ သို့မဟုတ် အကောင်း သဘောတရားတွေကို အခြေခံထားတာဖြစ်ပါတယ်။ သိပ္ပံနည်းမကျတဲ့ ဆိုရှယ်လစ်ဝါဒ ပါ။ ရာစုက ပြင်သစ်နဲ့ အင်္ဂလိပ်စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒီတချို့က ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။

**Socialogy** - လူမှုဗေဒပညာရပ်

လူ့အဖွဲ့အစည်းဆိုင်ရာကိစ္စတွေကို လေ့လာတဲ့ပညာဖြစ်ပါတ ကွန်တီ (Comte)နဲ့ ဟားဘတ်စပင်ဆာ(Herbert Spencer)တို့ စတင်ပျိုးထောင်ခဲ့ပါတ အဲဒီတုန်းကတော့ လူတန်းစားတိုက်ပွဲကို ထည့်မစဉ်းစားပါဘူး။ မာ့က်စ်က လူ့အဖွဲ့အစ ဖွံ့ဖြိုးတိုးတက်မှုကို လူ့အသိတစ်ခုတည်းက ဆုံးဖြတ်တာ မဟုတ်၊ ထုတ်လုပ်ရေးဆက်ဆံမှုတွေ ဆုံးဖြတ်တာဖြစ်ကြောင်း သက်သေပြထိုက်ပြီး လူမှုဗေဒပညာရပ်ကို သိပ္ပံပညာရပ်အဆင့် တိုးမြှင့်ပေး လိုက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အရာကိစ္စတွေရဲ့ ပြောင်းလဲမှုဖြစ်စဉ် အတွေးအခေါ်တွေရဲ့ ဖြစ်စဉ်က လိုက်နာရတယ်ဆိုတာကို သူက ပြသခဲ့တယ်။ လူ့အဖွဲ့အစည်း သိပ္ပံနည်းကျ လေ့လာရေးပြဿနာမှာ ထိုလူမှုအဆောက်အအုံရဲ့ ဇစ်မြစ်၊ တည် ဖြစ်ပေါ်တိုးတက်မှု၊ ယိုယွင်းကျဆင်းလာမှုနဲ့ ယင်းကတစ်ဆင့် ပိုပြီး ကောင်းမွန်တဲ့အဆင့်





ငြင်းသွားမှု စတာတွေကို ထိန်းချုပ်ထားတဲ့ ၎င်းရဲ့ ထူးခြားတဲ့သမိုင်းဥပဒေသကို ဖော်ထုတ်ရှင်းပြတာ ပါဝင်တယ်လို့ မာ့က်စ်က ရှင်းလင်းအောင် ပြုလုပ်နိုင်ခဲ့တယ်။

**Sophism, Sophistry** - လှည့်စားရေးဝါဒ

အပြင်ပန်းကြည့်ရင် မှန်သလိုလို၊ အကျိုးသင့်အကြောင်းသင့် ပိုလို ဖြစ်အောင်တင်ပြပြီး အများတွေကိုရောက်စေတဲ့ မှားယွင်းတဲ့ ကျိုးကြောင်းပြချက် တယ်။ "အချက်အလက်တွေ တစ်ခုနဲ့တစ်ခုအကြား အပြင်ပန်းအရ ဆင်တူနေတာတွေနဲ့ ျူဟာယ်။ အပြင်ပန်းဆင်တူမှုနဲ့ အချက်အလက်တွေကြားက ဆက်စပ်မှုကိုတော့ မစဉ်းစားတော့ဘူး။"ဒီနည်းဟာ လှည့်ဖြားတဲ့ ကျိုးကြောင်းပြချက်ကို သုံးသူတွေရဲ့ ပဲ။ (လီနင်)။ အပြင်ပန်း ဆင်တူမှုတွေကို အမှီပြုပြီးတော့ အဝန်းအဝိုင်းတစ်ခုအတွင်းက င်းအရာတွေအတွက် မှန်တဲ့နိယာမဂုဏ်သတ္တိတွေကို အဲဒီအဝန်းအဝိုင်းနဲ့ လုံးဝ ားခြားနားတဲ့ အခြားအဝန်းအဝိုင်းတွေက အချင်းအရာတွေမှာ သွားအသုံးချဖို့ ားကြတယ်။

**Spinoza, Baruch(1632-77)** - (ဘက်ရပ်) စပီနိုဇာ (၁၆၃၂–၇၇)

ဂျူး–ဒပ်ချ် ကပြား အဘိဓမ္မာ ပညာရှင်ဖြစ်ပါတယ်။ သခင်ဟာ သဘာဝလောကရဲ့ ဖန်ဆင်းရှင်ဖြစ်တယ်ဆိုတာကို သူက လက်မခံ သဘာဝလောကကြီး ကိုယ်၌က ဘုရားသခင်ပဲလို့ သူယူဆပါတယ်။ သဘာဝ ကကြီးကို ဘုရားသခင်လို့ ခေါ်ဆိုသုံးနှုန်းလိုက်ပြီး သဘာဝလောကတည် ရှိနေခြင်း ကြောင်းအရင်းတွေဟာ သဘာဝလောကကြီးထဲမှာပဲ ရှိတယ်ဆိုတာ သူက ရှင်းပြပါတယ်။ ဒဲ့စ်ကားတီးရဲ့ ဆင်ခြင်တုံတရားဝါဒကို ဆက်လက် ကိုင်စွဲခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခေါ်နည်းကတော့ တစ်ခုတည်းဝါဒဆန်ပါတယ်။ သဘာဝလောကကြီးမှာ အသိစိတ် တည်းသာ မူရင်းဇစ်မြစ်ဖြစ်တယ်ဆိုတဲ့ တွေးခေါ်နည်းပါ။

**State** - နိုင်ငံတော်

စီးပွားရေးအရ အပေါ်စီးရနေတဲ့ လူတန်းစားက တည်ဆဲ ပုးစနစ်ကို ဆက်လက်တည်တံ့နေအောင် ကာကွယ်ထားဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်း နိုင်ငံရေးအဖွဲ့အစည်းဖြစ်တယ်။ ဒါ့အပြင် အဲဒီစနစ်ကို တခြားလူတန်း စားတွေက ျင်တော်လှန်ကြတာတွေကို နှိပ်ကွပ်ပစ်ဖို့ကလည်း ရည်ရွယ် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ တော်ဆိုတာဟာ လူတန်းစားတစ်ရပ်က တခြားလူတန်းစားတစ်ရပ်ကို စိုးမိုးထားရေးကို မ်းထားတဲ့ ရန္တရားတစ်ခု ဖြစ်တယ်"(လီနင်)။

**[illegible] and Space** - အချိန်နဲ့ ဟင်းလင်းပြင်

အချိန်နဲ့ ဟင်းလင်းပြင်ဆိုတာ ဒြပ်ပစ္စည်းတည်ရှိမှုရဲ့ ပကတိ [illegible] ကိုယ်စားပြုတာဖြစ်ပါတယ်။ အချိန်နဲ့ဟင်းလင်းပြင်တို့ဟာ ရုပ်ဒြပ်နဲ့ ခွဲပစ်လို့ [illegible] ပါဘဲ၊ ရုပ်ဒြပ်ဟာလည်း အချိန်နဲ့ ဟင်းလင်းပြင်တို့နဲ့ ခွဲပစ်လို့ မရပါဘူး။ [illegible] မှာ ရွေ့လျားနေတဲ့ ရုပ်ဒြပ်တွေကလွဲလို့ ဘာမှမရှိဘူး။ ရုပ်ဒြပ်ဆိုတာကလည်း [illegible] ဟင်းလင်းပြင်ထဲမှာပဲ ရွေ့လျားနိုင်တယ်လို့ အနုပဋိလောမရုပ်ဝါဒက သင်ကြားပါတယ်။ [illegible] ဆန့်ကျင်ဖွာပဲ စိတ်ဝါဒကတော့ အချိန်နဲ့ ဟင်းလင်းပြင်ဆိုတာဟာ လူတွေရဲ့ [illegible] ဖြစ်ပေါ်လာတဲ့ အထွက်ပစ္စည်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီး [illegible] ဟင်းလင်းပြင်တို့ကို ရုပ်ဒြပ်နဲ့ တစ်သီးတခြားခွဲထားတာ ဖြစ်ပါတယ်။

**[illegible]logy** - နတ်ဘုရား၊ အဘိဓမ္မာပညာ (ဘာသာရေး သဘောတရား)

အဘိဓမ္မာဆန်တဲ့ ဆွေးနွေးကျိုးကြောင်းပြမှုတွေကို အတုခိုး [illegible] ဘာသာရေးကို အခြေခံခိုင်မာအောင် လုပ်ပေးဖို့ ကြိုးစားတဲ့ သိပ္ပံပညာအတု [illegible]။

**[illegible], Antithesis,**

**[illegible]** - အဆိုပြုမှု၊ ဆန့်ကျင်အဆိုပြုမှု၊ စုစည်း တည်ဆောက်မှု

ဆင်ခြင်တွေးတောမှု ဖွံ့ဖြိုးလာတဲ့ ဖြစ်စဉ်တိုင်းဟာ [illegible] ဆန့်ကျင် အဆိုပြုမှု၊ စုစည်းတည်ဆောက်မှုဆိုတဲ့ အဆင့်သုံးဆင့်ကို ကျော်ဖြတ် [illegible] ပဲလို့ ဟီဂယ်က ယူဆပါတယ်။ နောက်အဆင့်က ရှေ့အဆင့်ကို အသီးသီး [illegible] တယ်။ နောက်ဆုံးအဆင့်ကတော့ ရှေ့အဆင့် ၂ ခုက ထင်ရှားတဲ့ ထူးခြားချက်တွေကို [illegible] ပိုက်တယ်။ ဒီအချက်ကတော့ အနုပဋိလောမရဲ့ "အပြင်ပန်း" အသွင်အပြင် [illegible]။

**[illegible] and Conflict**

**[illegible] Contraries** - ဆန့်ကျင်ဖက်များ ပေါင်းစည်းမှုနဲ့ အတိုက်အခံဖြစ်မှု

တက္ကဗေဒနဲ့ ဆန့်ကျင်ဖွာပဲ အနုပဋိလောမက မှုအရ [illegible] တော့ အရာဝတ္ထုနဲ့ အချင်းအရာအားလုံးမှာ သက်ဆိုင်ရာအတွင်းပိုင်း [illegible] ရှိကြပါတယ်။ အဲဒီ ပဋိပက္ခအတွင်းမှာ အရာရာတိုင်းဟာ အဆက်မပြတ်ရွေ့လျား [illegible]။ အစဉ် အပြောင်းလဲနေကြတယ်။ အရာရာတိုင်းရဲ့ အတွင်းပိုင်း ပဋိပက္ခတွေဟာ

ပေါင်းစည်းနေကြတယ်။ အရာရာတိုင်းမှာ အတိတ်၊ အနာဂတ် ရှိတယ်။ ဖွံ့ဖြိုးတိုးတက်မှု
ယိုယွင်းမှုဖြစ်စဉ်ရှိတယ်။ တိုးတက်မှုနဲ့ ယိုယွင်းမှုဘက်ရှိတယ်။ ဆန့်ကျင်ဖက်
အတိုက်အခံဖြစ်မှုကြောင့် အနိမ့်ဆင့်ကနေ အမြင့်ဆင့်ကို ပြောင်းလဲသွားတာဖြ
အရင်းရှင်ထုတ်လုပ်ရေး နည်းနာ (စနစ်) ထဲမှာ ပစ္စည်းမဲ့လူတန်းစားနဲ့ ဓနရှင် လူတန်းစား
တိုက်ပွဲအတွင်းမှာ ဆက်စပ်နေတယ်။ တစ်ချိန်တည်းမှာ ဆန့်လည်းဆန့်ကျင်နေကြ